www.burmeseclassic.com

# သွန်းခါစ

## ပန်းပေးပြီလား



DESIGN THEIN SHWE KYI

www.burmeseclassic.com

www.burmeseclassic.com

# သွန်းဆစ်

# ပန်းပေးပြီလား

ဦးအောင်စိုး (မုဒ္ဒိ) စိစဉ်သည်


စာမူခွင့်ပြုချက်အမှတ် - ၅၀၀၂၃၁၀၂၁၁
အဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၃၉၄၀၄၁၁
ထုတ်ဝေသူ - ဦးကိုကိုမြင့် (သိန်းမင်းစာပေ)
အမှတ်(၆၃)၊ ညြဘာလမ်း၊ တာမွေမြို့နယ်။
အတွင်းနှင့်အဖုံးပုံနှိပ်သူ - ဦးကျင်ရင် (၀၅၄၁၇) (ရွှေခြသေ့ပုံနှိပ်တိုက်)
အမှတ်(၂၂၅)၊ ၃၂-လမ်း၊ ပန်းဘဲတန်းမြို့နယ်။
မျက်နှာဖုံးပန်းချီ - စောမင်းဝေ
ကွန်ပျူတာစာစီ - ပြည့်ဖြိုး
အတွင်းဖလင် - ကိုပေါက်
မျက်နှာဖုံးဖလင်နှင့်ကာလာခွဲ - စိန်နဂါး
စာအုပ်ချုပ် - ကိုစိုးနိုင်နှင့်အဖွဲ့
ထုတ်ဝေသည့်အကြိမ် - ပထမအကြိမ်၊ ၂၀၁၁၊ ဩဂုတ်လ။
အုပ်ရေ / တန်ဖိုး - ၅၀၀ အုပ် / ၁၀၀၀ ကျပ်
ဖြန့်ချိရေး — [illegible] စာပေ
အမှတ် ၁၈၂၊ ၃၁-လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း- ၀၉ ၇၃၀၅၁၆၆၄


BURMESE CLASSIC


၇၉၅.၇၃

သွန်းဆစ်

ပန်းပေးပြီလား / သွန်းဆစ် ။ - ရန်ကုန်၊

သိန်းမင်းစာပေ ၊ ၂၀၁၁ ။

၁၄၃ - စာ ၊ ၁၃ × ၂၀ စင်တီ။

(၁) ပန်းပေးပြီလား


www.burmeseclassic.com

www.burmeseclassic.com



# ပန်းပေးပြီလား

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁)

ကျီစယ်ခြင်းသည်

ချစ်ခြင်းသို့ ဝင်ရောက်ရာ

တံခါးတစ်ချပ် ဖြစ်နိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

အိမ်ကမထွက်ခင်ကတော့ ကောင်းပြည့်တစ်ယောက် အကောင်းကြီးဖြစ်သည်။ ထိုသို့ဆိုသဖြင့် အပြင်ရောက်မှ ကောင်းလည်းမကောင်း၊ ပြည့်လည်းမပြည့် ဖြစ်သွားခြင်းလည်း မဟုတ်ချေ။ ကောင်းပြည့်က ကောင်းပြည့်ဆိုသည့် သူ့နာမည်အတိုင်း ကောင်းကောင်းပြည့်ပြည့်လေး ရှိနေပါသည်။ တစ်ခါတလေ မကောင်းသလို၊ မပြည့်သလို လုပ်တတ်ခြင်းလေးပဲ ပြောစရာရှိ၏။

အခု လောလောဆယ်တော့ သူ့နာမည်အတိုင်း ကောင်းကောင်းပြည့်ပြည့်လေးပဲ ထိုင်နေပါသည်။ လူက ငြိမ်ငြိမ်လေးထိုင်နေသော်လည်း မျက်လုံးနှင့်နားကတော့ မကောင်းမပြည့်သည်လား မပြောတတ်။

"ဟဲ့ မိစု . . . ငါလေ မနေ့က သိလား . . ."

"အေး . . . ပြောပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"သင်တန်းက ပြန်လာတော့ ကောင်လေးတစ်ယောက် လိုက်ကြောင်တယ် ... သိလား"

"ဟယ် ... ဟုတ်လား ... အေး အေး"

"ဈေးလေးကွေ့နားရောက်တော့ အဲဒီကောင် လိုက်လာတော့တာပဲ"

"အေး ... ပြီးတော့"

"ဖြစ်ပုံက ပြောတောင်မပြောချင်တော့ဘူး။ ဟင်း ဟင်း"

"ဟယ် ... နင်ကလည်း ပြောစမ်းပါဦး"

"အေးလေ ... နင်ကလည်း ဘယ်လိုဆက်ဖြစ်လဲ ... ပြော"

ကောင်းပြည့်ထိုင်နေသောနေရာအရှေ့ဘက်မှ ကောင်မလေးသုံးယောက်၏စကားသံများ ဖြစ်သည်။ လမ်းလျှောက်လာရင်း စကားပြောလာခြင်း ဖြစ်၏။ ကောင်းပြည့်က လမ်းဘေးအုတ်ခုံတစ်ခုံပေါ်မှာ ကောင်းကောင်းပြည့်ပြည့်ပဲ ထိုင်နေချိန်ဖြစ်သည်။ ကောင်မလေးသုံးယောက်က ပိုက်ဆံတစ်ပြားမှ မပေးရသည့် ကိုယ်ပိုင်ပါးစပ်ကို အားကြိုးမာန်တက် အသုံးပြုလာကြ၏။

"ငါက အစတုန်းကတော့ လှည့်ကောမလို့ပဲ၊ ခ ... ပြီးမှ မကောဖြစ်တော့ဘူး"

"ဘာလို့"

"သူက ကိုးရီးယားမင်းသားလိုပဲ နှဖပ်နေတာ"

"ဟယ် ... ဟုတ်လား၊ ဘယ်မင်းသားနဲ့ တူတာလဲ၊ နင်ကတော့ တကယ်ပဲ"

"ခ ... ငါတို့ ဟိုဇာတ်ကားထဲက မင်းသားလေဟာ ... ဟိုဟာ"

"**အား**"

"**အောင်မယ်လေး လေး**"



www.burmeseclassic.com

www.burmeseclassic.com



သူ့ရှေ့အရောက်မှာ ကောင်းပြည့်က အော်လိုက်ခြင်း ဖြစ်သည်။ မိန်းမာလိုတော့ လန့်တတ်ပုံရသေး၏။ ကောင်မလေးသုံးယောက်စလုံး ကောင်းပြည့်ကို အထိတ်တလန့် ကြည့်ကြသည်။

"ဘာ . . . ဘာဖြစ်လို့လဲဟင်"

ကိုးရိုးယားယောင်ဆောင်ထားသော ကောင်မလေးတစ်ယောက်က မျက်လုံးအပြူးသားနှင့် လှမ်းမေးသည်။ ကောင်းပြည့်က လမ်းကို လက်ညှိုး ထိုးပြီး . . .

"ခင်ဗျားတို့သုံးယောက်ကို ခုနက အတော်စိုးရိမ်သွားတာ"

"ဘာ . . . ဘာလို့လဲဟင်"

"ဩော် . . . ခင်ဗျားတို့ကလည်း အောက်ကိုကြည့်မလာတော့ ဒီနား မှာ မြေကြီးမရှိရင် ပြုတ်ကျတော့မှာပဲလို့ တွေးမိလို့"

"ဟမ်"

ကောင်းပြည့်ကို သုံးယောက်စလုံး တွေဝေးကာ ကြည့်နေကြသေး သည်။ ပြီးတော့မှ သဘောပေါက်သွားကာ စိတ်ဆိုးမာန်ဆိုး ထွက်သွားကြ တော့သည်။

"ဟွန်း"

"ဟမ်း"

ဒါတောင် ကိုးရိုးယားစတိုင်လ်နှင့် ကျော့ကျော့ကော့ကော့ စိတ်ဆိုး သွားခြင်း ဖြစ်သည်။ သုံးယောက်စလုံး ခပ်ဝေးဝေးရောက်မှ မျက်စောင်းထိုး နေရာမှ ထိုင်နေသည့် ဝက်သားတုတ်ထိုးသည်ကိုလှဦးက ထရယ်သည်

"ဟား ဟား . . . ကောင်းပြည့် . . . မင်းကတော့ မနိုင်ဘူးနော်"

"သုံးယောက်တင်ယောက် ဘာပြောလိုက်နိုင်မှာလဲဗျ . . . ခင်ဗျား ကလည်း"

"ဟမ် . . . ဘာ"



www.burmeseclassic.com

www.burmeseclassic.com



ကိုလှဦးက အူတူတူဖြစ်မည်ကြံပြီးမှ တုတ်ချောင်းနှင့်ထိုးထားသော ဝက်သားပါးပါးလေးတွေကို အားပေးမည့်သူ လေးငါးယောက်ဝင်လာသဖြင့် စိတ်ပြောင်းသွားပုံရသည်။

ဓားကိုကိုင်လိုက်ပြီး စားသုံးသူကိုပင် ပါးပါးလှီးမည့်ပုံစံ ဖြစ်သွား၏။

ထိုအချိန်မှာပဲ ကောင်းပြည့်မြင်ကွင်းထဲသို့ ကန့်လန့်ကြီးတစ်ခုက ဝင်လာလေသည်။ ဒေါင်လိုက်ယူဆောင်၍ မရသောကြောင့် အလျားလိုက်ပဲ ပင်ပင်ပန်းပန်း သယ်လာရပုံပေါ်သည်။

အိုးရောင်းသော အဘိုးကြီးတစ်ယောက်။ အိုးသည်ကြီးပဲ ဖြစ်သည်။ ကောင်းပြည့်ထိုင်နေသော အပင်ရိပ်အောက်သို့ ဝင်လာပြီး အထမ်းကိုချ၍ အမောဖြေလေသည်။ ကောင်းပြည့် သက်ပြင်းတစ်ချက်ချလိုက်ပြီး . . .

"အဘ"

"ဟေ . . . လူလေး"

အဘိုးကြီးက ခြေပစ်လက်ပစ်ထိုင်ရင်းက လှည့်ထူးသည်။ ကောင်းပြည့်က အုတ်ခုံပေါ်မှ ဆင်းလိုက်ရင်း . . .

"အိုးတွေ ရောင်းရရဲ့လား အဘ"

အဘိုးကြီးက သက်ပြင်းချသည်။ နဖူးက ချွေးကို ပုဆိုးစဖြင့်သုတ်ကာ . . .

"ဒီလိုပါပဲ လူလေးရယ် . . . အဆင်ပြေအောင်တော့ လုပ်နေရတာပါပဲ။ အင်း . . . အတော်ပဲ၊ ရေတစ်ခွက်လောက်တော့ မိုက်ထဲဖြည့်ထားဦးမှ"

အဘိုးကြီးက ပြောပြောဆိုဆိုနှင့် ထရပ်ပြီး အပင်မှာကပ်ရိုက်ထား သော ရေအိုးစင်ဆီ ကပျာကယာ လျှောက်သွားသည်။ ရေကို တကျိုက် ကျိုက်မြည်အောင် သောက်ပြီးတော့မှ အမောပြေသွားပုံနှင့် သက်ပြင်းချပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"သာဓု သာဓု သာဓု ... လှူရတဲ့ရေလို အေးအေးချမ်းချမ်း ဖြစ်ကြပါစေကွယ်"

အဘိုးကြီး ပြန်ထိုင်လိုက်တော့မှ ကောင်းပြည့်က ...

"အဘ ... အဘမှာ သားသမီးတွေ မရှိဘူးလား"

"ရှိပါ့ လူလေးရယ်၊ သားတစ်ယောက် သမီးတစ်ယောက် ရှိတာပဲ"

"သူတို့က အဘကို မကြည့်ကြဘူးလား အဘရဲ့"

"တော်ပါကွယ် ... ဘာသိဘာသာတွေပါ၊ သူတို့လိမ္မာရင် အဘ ဒီလို ဘယ်ဖြစ်လိမ့်မတုန်း"

"ပြောပါဦး အဘရဲ့"

ဒီလိုမျိုးကျတော့ ကောင်းပြည့်တို့က စာနာတတ်သည်။ အဘိုးကြီး ၏ရင်တွင်းစကားတွေကို ပေါ်ပါးလာအောင် နှိုက်ထုတ်ပေးတတ်သည်။ အဘိုးကြီးကလည်း ဘယ်တုန်းကတည်းက ပြောချင်နေသည် မသိ။ ဈေးဝယ်သူတစ်ယောက်လာမှ စကားစက ပြတ်သွားသည်။ ထိုဈေးဝယ်သူကလည်း တစ်အိုးပြီးတစ်အိုး ဈေးမေးကာ မဝယ်ဘဲ ပြန်ထွက်သွား၍ အဘိုးကြီး သက်ပြင်းချကာ ကျန်ခဲ့သည်။ နဖူးက စီးကျလာသောချွေးကို လက်ခုံနှင့် ပွတ်သုတ်လိုက်ရင်း ...

"လူလေး ... အဘ ဆီးအရမ်းသွားချင်လို့ ဒီအနီးအနားမှာ အိမ်သာလေးများ ရှိမလား"

"အာ ... ရှိတယ် ရှိတယ် အဘ ... ဒီဘက်မှာ"

ရပ်ကွက်ဈေးအနားဖြစ်နေသဖြင့် ဈေးအိမ်သာကိုပဲ လမ်းညွှန် လိုက်သည်။ အဘိုးကြီး စိတ်မပူအောင်လည်း ကောင်းပြည့်ပြောရသေးသည်။ ဘာပဲပြောပြော ဒီအိုးတွေက အဘိုးကြီး၏ ထမင်းအိုးတွေ ဖြစ်သည်။

အဘိုးကြီး စိတ်ချလက်ချနှင့် ထွက်သွားတော့မှ အိုးတွေကို ဘာ ရယ်မဟုတ် ကြည့်မိသည်။ ထူးထူးခြားခြားပုံစံရှိသော ပန်းအိုးလေးတစ်လုံး



www.burmeseclassic.com

www.burmeseclassic.com



ကို အမှတ်မထင် တွေ့လိုက်ရသည်။ စိတ်ဝင်တစားနှင့် ယူကာ ဖင်ပြန်ခေါင်းပြန် ကြည့်မိသည်။ ပန်းအိုးလေးက ဆန်းဆန်းလေးနှင့်လှသည်။ အဘိုးကြီး၏အထမ်းထဲမှာ ဘယ်လိုလုပ်ပါလာသည်မသိ။ ရာဝင်စဥ့်အိုးကို အရှည်လိုက် ဆွဲဆန့်ထားသည့်ပုံစံမျိုး ဖြစ်သည်။ အိုးပတ်ပတ်လည်မှာ ပန်းခက်လေးတွေဆွဲထားပြီး ကောင်းပြည့် ဘာမှန်းမသိသည့် စာတန်းတချို့ကို တွေ့ရသည်။

ဝါသနာပါ၍ နာရီဝက်တစ်ခါလောက် ပန်းအိုးပြောင်းထိုးတတ်သော မေမေ့အတွက် ဝယ်သွားလျှင်ကောင်းမည်ဟု တွေးပြီး အိုးကသိုဏ်းရှုနေစဥ်မှာပဲ . . .

"ဘယ်လိုဈေးသည်လဲ . . . မေးတဲ့လူ လျှာထွက်တော့မယ်"

ကောင်းပြည့် လန့်သွားမိ၏။ ကပျာကယာ မော့ကြည့်လိုက်တော့ အသံပိုင်ရှင်က အထမ်းရှေ့ ဆောင့်ကြောင့်ကလေးထိုင်ကာ မျက်မှောင်နှစ်ခုကို ကွေးတွန့်ထားသည်။ ရုတ်တရက်မို့ ကောင်းပြည့် ဘာပြောရမည်မသိ။

"ဘာကြည့်နေပြန်တာလဲ . . . ရှင့်ကို ဒီအိုး ဘယ်လောက်လဲလို့ မေးနေတာ"

အဲ . . . လွဲတာကတော့ လွဲပြီဆိုတာ ကောင်းပြည့်သိလိုက်သည်။ ပုံစံက အိုးသည်ပုံပဲ ပေါက်နေပြီလားမသိ။ လောလောဆယ်တော့ ကိုယ့်တာဝန်ဖြစ်နေသဖြင့် . . .

"ဘယ်အိုးကို မေးတာလဲ"

"ဒီအိုး ဒီအိုး . . . ပြနေတာကို ကောင်းကောင်းမကြည့်ဘူး"

ဖြူဝင်းပြည့်ဖောင်းသော လက်ညှိုးလေးကိုတော့ မြင်ရသည်။ တစ်ဆက်တည်း လက်ညှိုးပိုင်ရှင်လေးကိုပါ ကောင်းကောင်းကြည့်လိုက်မိမှ ကောင်းပြည့် မကောင်းချင်ဖြစ်လာသည်။

"မြန်းမြန်းလုပ်ပါ . . . တော်ကြာ ဟိုသီချင်းထဲကလို ဟာ

www.burmeseclassic.com

www.burmeseclassic.com


သွားပြီ သွားပြီ ဖြစ်သွားဦးမယ်"

"အိုး ... ဒီလောက်ထိရုံလေးနဲ့ ရှင့်အိုး ကွဲမသွားပါဘူး"

"ပြောလို့ရမလား ... လက်ညှိုးကြီးနဲ့ ဒီလောက်ထိုးနေတာ"

ကောင်းပြည့်အပြောကြောင့် ကောင်မလေးမျက်နှာက ဆတ်ခနဲ တင်းသွား၏။ ဝက်သားတုတ်ထိုးသည်ကိုလှုဦးက ကောင်းပြည့်ကို လှည့်ကြည့်ကာ ရယ်ကျဲကျဲလုပ်နေသည်။ စားကြီးကိုင်ကာ ရယ်ပြနေသည်က တော့ ကြည့်ရတာအဆင်မပြေချေ။

ကောင်မလေးက အိုးတစ်အိုးကို ခြေမြန်လက်မြန် ကောက်ကိုင် လိုက်ပြီး ...

"ကဲ ... ပြော ... ရှင့်အိုးက ဘယ်ဈေးလဲ"

ကောင်းပြည့် နည်းနည်းတော့ ကျောယားသွားသည်။ ကောင်မ လေးက သူ့အိုးကို အဲလေ ... သူမ၏အိုးကို (ဒါလည်းမဟုတ်သေး) သူမ ၏လက်ထဲမှာ ကိုင်ထားသည့်အိုးကိုသာ ရည်ညွှန်းပုံရပါသဖြင့် (အခုမှပဲ အဆင်ပြေသွားတော့တယ်)

"အဲဒီအိုးက လေးရာ့ငါးဆယ်"

"ဈေးများလိုက်တာ"

"တစ်ရာလျှော့ပေးလေ ... သုံးရာ့ငါးဆယ်နဲ့ယူ"

"သုံးရာထားလိုက် ပြီးရော၊ နေဦး ... ဒီဟာကရော"

တစ်အိုးပြီးတစ်အိုး လက်ညှိုးထိုးကာ ဈေးမေးတော့သည်။ ကောင်း ပြည့်လည်း မှတ်မိသလောက် စဉ်းစားပြီး အဘိုးကြီးအတွက်ဟု သဘောထား ကာ ငါးဆယ် တစ်ရာလောက် ဈေးတင်ပေးလိုက်သည်။ ကောင်မလေးကို ကြည့်ရတာတော့ ပထမတစ်ယောက်တုန်းကလို အိုးပေါက်စေ့ဈေးမေးပြီး ဆယ်ဘဲနေမည့်ပုံတော့ မပေါ်ချေ။

"ဒီအိုးသေးသေးလေးကရော"



www.burmeseclassic.com

www.burmeseclassic.com



"နှစ်ရှာငါးဆယ် . . . သုံးအိုးယူမယ်ဆို ခြောက်ရာနဲ့ယူ"

"တစ်အိုးနှစ်ရာပဲ မဟုတ်ဘူးလား . . . အတူတူပဲကို"

"မရဘူး . . . သုံးအိုးယူမှ ခြောက်ရာ၊ ဒါ ဈေးမှန်ပဲ"

"သုံးအိုးကြီးတောင် မလိုချင်ပါဘူး . . . ပိုနေမှာပေါ့"

"ဉာဏ်ရှိသလို အသုံးချလေ၊ နောက်ဆုံး အိုးပုတ်တမ်းတောင် ကစားလို့ရသေးတယ်"

ကောင်မလေးက သူ့ကို ရှုတင်းတင်းကြည့်သည်။ ကောင်းပြည့်က လည်း ခပ်တည်တည်ပင်။ လက်ထဲမှာကိုင်ထားသော ပန်းအိုးလေးကိုပဲ ဖင်ပြန်ခေါင်းပြန် ကြည့်နေလိုက်သည်။

"အဲဒါလေးက ဘာအိုးလေးလဲ"

သူ့လက်ထဲက ပန်းအိုးလေးကို ကောင်မလေး စိတ်ဝင်စားသွားပုံ ရသည်။ လက်ညှိုးလေးထိုးကာ မေးလာပြန်၏။ ကောင်းပြည့်က အိုးကို လှည့်ပြလိုက်ရင်း (ပန်းအိုးကို ပြောတာနော်)

"ပန်းအိုးလေ"

"အင်း . . . ခဏလောက်ပေးပါလား၊ ကြည့်ချင်လို့"

ကောင်မလေးက ပန်းအိုးကိုယူပြီး ကောင်းပြည့်ကြည့်သလို ဖင်ပြန်ခေါင်းပြန်ကြည့်သည်။ ကောင်းပြည့်လည်း ထိုအခါကျမှ ကောင် မလေးကို အဲ . . . သေသေချာချာ ကြည့်မိသည်ဟုပဲ ပြောရမည်။ ပန်းအိုး ကြည့်သလို သွားကြည့်လို့တော့ မရချေ။

"လှလိုက်တာ"

ကောင်မလေး၏စကားကို ကောင်းပြည့်စိတ်ထဲ အပြတ်အသတ် ထောက်ခံလိုက်သည်။ ကောင်မလေးက အတော့်ကို ကြည့်စင်လှပသူလေး ဖြစ်နေသည်။ ကောင်မလေးက လှ၏။ အိုးလေးလည်း လှ၏။ (ပန်းအိုးနော်)

"ဘယ်လောက်လဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"တစ်ထောင်၊ အဲ ... ထောင့်ငါးရာ"

"ဟင် ... ဈေးများလိုက်တာ၊ တစ်ထောင်လောက်ပဲ ရှိမှာကို"

ကောင်မလေးက မကျေမနပ်ကြည့်ရင်း စကားဆိုလာသည်။ ကောင်းပြည့်က ခေါင်းကို ပြည့်ပြည့်ဝဝကြီး ခါပြလိုက်ကာ ...

"ဒီအိုးက နှယ်နှယ်ရရ အိုးမဟုတ်ဘူး"

ကောင်းပြည့်စကားကြောင့် ကောင်မလေးက တစ်ချက် တွေခနဲ ဖြစ်သွားပြီး ...

"ဒါဖြင့် ဘယ်လိုအိုးမျိုးလဲ"

"ပန်းအိုးတော့ ပန်းအိုးပဲ၊ ဒါပေမဲ့ ပထမတစ်ချက် ဒီအိုးက တရုတ်ကလာတဲ့ တရုတ်အိုး"

ကောင်မလေး မျက်မှောင်ကြုတ်သွားသည်။ ယုံကြည်ပုံတော့ မရ။ အမှန်မှာလည်း ကောင်းပြည့်က ပါးစပ်ထဲတွေ့ရာ လျှောက်ပြောနေခြင်းဖြစ်၏။ ကောင်မလေးကလည်း ခေသူမဟုတ်ချေ။

"ဘာအိုးဖြစ်ဖြစ် ထောင့်ငါးရာက များတယ်၊ အလွန်ဆုံးတန်မှ တစ်ထောင်ပေါ့"

ကောင်းပြည့်က အလွန်လေးနက်သည့်အမူအရာနှင့် ခေါင်းခါပြလိုက်သည်။ စိတ်ထဲမှာတော့ နည်းနည်းရယ်ချင်နေမိသည်။ စွန်မလွှတ်ချင်၍ သူ့ကို ပြောင်းရစ်နေခြင်းကို ကောင်မလေး သိပုံမပေါ်။

"အိုးဘေးမှာ စာတန်းလေးတွေ တွေ့တယ်မဟုတ်လား၊ အဲဒီစာတန်းလေးတွေက ဒီအိုးကိုဆောင်ထားတဲ့လူကို အန္တရာယ်ကင်း ဘေးရှင်းပြီး လာဘ်ကောင်းလာလိမ့်မယ်"

"ထားပါ ... ရှင်ပြောတဲ့ကိစ္စတွေကို စိတ်မဝင်စားဘူး၊ တစ်ထောင်နဲ့ ရမလား, မရဘူးလားပြော"

"ခက်တာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ခက်နေတာ ရှင်လေ"

"ရော်"

"တစ်ထောင်လောက်တန်တဲ့ ပန်းအိုးကိုများ"

ကောင်းပြည့်ရစ်သလောက် ကောင်မလေးကလည်း မလျှော့ပါ။ ပန်းအိုးကို အတော်လိုချင်နေပုံရသော်လည်း ထောင့်ငါးရာပေးပြီး ဝယ်သွားမည့်ပုံတော့ မပေါ်။ မျက်မှောင်လေးကြုတ်လျက်နှင့်ပဲ ...

"ကဲပါ ... တစ်ထောင်ပဲ ထားလိုက်စမ်းပါ"

"ကျွတ်စ် ... ခက်တာပဲ"

ကောင်းပြည့်က သက်ပြင်းတစ်ချက်ကို ကောင်မလေး မမြင် မြင်အောင် ချပြလိုက်သည်။ သူ့ပုံစံက တန်ဖိုးကြီး ရှေးဟောင်းပစ္စည်းတစ်မျိုးကို လုံးဝဈေးဆစ်မခံနိုင်သလို ဖြစ်နေမည်ဆိုတာ သေချာသည်။ ကောင်မလေးက ပန်းအိုးကို ဖဝေဖဝါနှင့် ပြန်ငုံ့ကြည့်၏။

ခပ်ဝဝလူတစ်ယောက် ထပ်ရောက်လာပြီး ကောင်မလေးဘေးမှာ ဝင်ထိုင်သည်။

"ညီလေး ... ဒီအိုးက ဘယ်လောက် ... အဲ"

"ဟဲ .. ဟဲ"

"မင်းက ဘယ်လိုဖြစ်ပြန်တာတုန်း"

"ကံစီမံရာပေါ့ အစ်ကိုရယ် ... ကံဇာတ်ဆရာရဲ့ ကြိုးဆွဲရာမှာ အားလုံး သရုပ်ဆောင်နေကြရတာမဟုတ်လား"

ကောင်းပြည့်အသိ ကိုလူဝဖြစ်သည်။ အကြောင်းသိချင်းမို့ ဘာမှတော့ ဆက်မပြော။ သူ့ခေါင်းမှ ဦးထုပ်အဝိုင်းပြားကြီးကို အထမ်းပေါ် တင်လိုက်ရင်း ...

"ပန်းမျိုးခွဲမလို့ အိုးလာကြည့်တာကွ၊ ငါ့မိန်းမ ဝယ်ထားတဲ့အိုးနဲ့ ဘယ်လိုမှ အဆင်မပြေလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုဖြစ်နေလို့လဲ"

"အိုးက နည်းနည်းသေးနေတယ်"

"အစ်ကို့မိန်းမအိုးက ဘယ်လောက်ရှိလို့တုန်း"

"ဒီအိုးလောက်ရှိတယ်ကွ၊ အဲဒါ နည်းနည်းသေးနေလို့ ငါ အားမရဖြစ်နေတာ"

"အိုးကြီးကြီးနဲ့ မျိုးခွဲချင်တယ်ဆိုပါတော့၊ ရတယ်လေ ... ဒီအိုးလောက် ဆိုရင်ကော"

ဝက်သားတုတ်ထိုးသည့် ကိုလှဦးက မည်သို့ကြားပြီး မည်သို့ထင်သည်မသိ။ ဝက်သားလှီးသော ဓားကြီးကိုင်ထားရင်း မျက်လုံးကြီးအပြူးသားနှင့် လှည့်ကြည့်နေသည်။ ပြီးတော့မှ သူထင်သလို မဟုတ်မှန်းသိ၍ ဓားကြီးကိုင်ထားလျက်ပဲ ပြန်လှည့်သွားသည်။

ကိုလှဝမှာလည်း သူ့စိတ်တိုင်းကျ အိုးကြီးတစ်အိုးရသွား၍ ဝသည်။ အထမ်းပေါ်မှ သူ့ဦးထုပ်ကြီးကိုပင် သတိမရတော့ဘဲ ဝမ်းသာအားထွက်သွားတော့သည်။

ဝမ်းမသာ အားမရသူကတော့ ဟိုကောင်မလေးဖြစ်သည်။

"ရှင့်ဆိုင်က ဈေးကြီးမှကြီးပဲ ... ဒါမျိုး ဘယ်မှာဝယ်ဝယ် တစ်ထောင်ပဲ"

"အာ ... မရလို့ပါဆို၊ ဒီအိုးမျိုးက ရှားတယ်"

"ဘာမှမရှားဘူး ... ရောင်းတော့ အိုးရောင်းပြီး အမြတ်ကြီးစားချင်တယ်"

"အဲလိုတော့ မပြောနဲ့လေ"

"မှန်တာပြောတော့ နာတတ်သေးတယ်ပေါ့"

"ဟာ ... အတော်ခက်တာပဲ၊ ပြောတော့လည်း လက်မခံဘဲနဲ့"

ကောင်မလေးက ပန်းအိုးကို ပြန်ချရင်း တစ်ယောက်သည်း ရှုပ်ပွ



www.burmeseclassic.com

www.burmeseclassic.com



လုပ်သည်။ ထိုသို့ စူပွပွလုပ်နေသည့်ကြားမှပင် ကောင်မလေးမျက်နှာက တော်တော်ချစ်စရာကောင်းလွန်းနေတာ အမှန်။

ကောင်းပြည့်က အချိန်ကို စောင့်နေခြင်းဖြစ်သည်။ ကောင်မလေးက မျက်နှာချိုသွေးပြီး ပြောလာမည့်အချိန်၊ ဒါမှမဟုတ် မဝယ်တော့ဘူးဆိုသည့်အချိန်မှာမှ မကောင်းတတ်၍ အားနာပါးနာ ဈေးလျှော့ပေးလိုက်မည့်ပုံစံမျိုးနှင့် ရောင်းလိုက်မည်။

အရေးထဲ တုတ်ထိုးသည်ကိုလှဦးက သူ့အကြော်ကို ရိပ်မိပုံနှင့် ပြုံးဖြီးဖြီးကြီးလုပ်ကာ လှည့်လှည့်ကြည့်နေ၍ ကောင်းပြည့် နည်းနည်း တွန့်သွားရသေးသည်။ သူ့လက်ထဲကဓားကြီး ပြေးလုပြီး သူ့ကိုပဲ ဆွဲလှီးလိုက်ရလျှင် ကောင်းမလားမသိ။

"တော်ပြီ ... ရှင်နဲ့စကားဖက်ပြောနေလို့ အပိုပဲ"

"ယူလိုက်တော့မယ် ဆိုပါတော့"

"လာလာချည်သေး"

"ဟဲ့ ... နင်က ဒီရောက်နေတာကိုး၊ ငါက ဈေးထဲမှာ လိုက်ရှာနေတာ"

မြတ်စွာဘုရား ...။ ကောင်မလေးဘေးမှာ ဝင်ထိုင်လိုက်သူကြောင့် ကောင်းပြည့် မျက်လုံးပြူးသွားရသည်။ ကိုလှုဝမေ့ကျန်ခဲ့သော ဦးထုပ်ကြီးကို ခေါင်းပေါ် ကပျာကယာ စွပ်လိုက်ရ၏။

သန္တာကျော် ... ဖက်တီးမ။

ကောင်မလေးနှင့် မည်သို့ပတ်သက်နေသည်တော့ မသိ။ လောလောဆယ်တော့ သူ့ကိုမြင်သွား၍ မဖြစ်သေး။ မနေ့ကမှ သန္တာကျော် အလွန်ကြောက်သော ဖားနှင့်လိုက်တို့ကာ စထားသေးသည်။ သန္တာကျော်မကြီးမငယ်နှင့် ရှုံးရှုံးတွေထွက်ကျကာ ငိုယိုပြီးကျန်ခဲ့သည်။

"နင်က အိုးလာဝယ်နေတာလား"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... ဒါပေမဲ့"

ကောင်မလေးက အိုးဝယ်ရာမှာ အဆင်မပြေကြောင်းကို သန္တာကျော်အား စေ့စေ့စပ်စပ်၊ တိတိကျကျ၊ သေသေချာချာ၊ မယွင်းမမှား ပြောဆိုသမှု ပြုလေသည်။ စက္ကန့်နှစ်ဆယ်စာအတွင်းလောက်မှာ အတော်စုံအောင် ပြောသွားခြင်းဖြစ်သည်။ ဆိုင်းဗိုင်းစကားနှင့်ပြောရလျှင် ကောင်မလေးက ပါးစပ်ကွက် အတော်စိပ်လေသည်။

သန္တာကျော်က "အင်းအင်း အဲအဲ" လိုက်လုပ်ပြီး ...

"ဒါကတော့ ဟုတ်တယ် ... ဒီပန်းအိုးကို ထောင့်ငါးရာဆိုတော့ များတာပေါ့"

မျက်နှာကို ဦးထုပ်နှင့်ကွယ်ရင်း ကောင်းပြည့် "အင်း"လုပ်လိုက်သည်။

"အလွန်ဆုံး ကိုးရာတစ်ထောင်ဆို တော်သေး"

"အင်း"

"ဒါနဲ့များ ဈေးကို မတရားတင်ပြီး"

"အင်း"

"ဘာ အခုမှ ရှင်က ဟင် ... နင် ပြည့် မသာကောင်"

"ဟီး ဟီး"

သန္တာကျော်က ကောင်းပြည့်ခေါင်းမှ ဦးထုပ်ကြီးကို အတင်းဆွဲယူသည်။ ပြီး ...

"နင်က ဒါဘာထွင်ပြန်ပြီလဲ"

"မထွင်ပါဘူး ... ဒါ ငါ့စီးပွားရေးပဲကို"

သန္တာကျော်က မျက်နှာကို အစွမ်းကုန်မဲ့သည်။ သူ မဲ့ပြပုံက တစ်ကိုယ်လုံး မဲ့ပြလိုရလျှင်ပင် မဲ့ပြချင်သေးသည့် သဘောမျှာရှိသည်။ ကောင်းပြည့်မှာလည်း တစ်ကိုယ်လုံး အသုံးမချတတ်၍ မျက်နှာလေးသာ ကွက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ချိုချိုသာသာ ပြုံးပြလိုက်ရသည်။

ကောင်မလေးက ကောင်းပြည့်နှင့်သန္တာကျော်ကို အကဲခတ်သလို ကြည့်သည်။ သန္တာကျော်က ကောင်းပြည့်ကို မျက်လုံးပြူးကြီးနှင့် အံကြိတ် ကြည့်ရင်း ...

"ငါနော် ... ဒီမှာ ရိုးရိုးပါလာလို့ နင့်ကို ဘာမှမပြောချင်တာ၊ နင်ဟာလေ"

သူ ရှုံးရှုံးထွက်ကျသောအကြောင်းကို လူရှေ့သူရှေ့ မပြောချင် ပုံရသော်လည်း သန္တာကျော်က ရှုံးရှုံးရှဲရှဲလုပ်သည်။

ကောင်းပြည့်မှာလည်း သန္တာကျော်ကို အခုအချိန် ဘာမှမပြောချင် ပါ။ သူ့နားထဲမှာ သန္တာကျော်စကားထဲမှ 'ရိုးရိုး' ဟူသော အမည်သညာလေး သာ မှတ်မှတ်ရရဖြစ်သွားသည်။

ထို 'ရိုးရိုး' ဟူသောကောင်မလေးက ...

"သန္တာ ... နင့်သူငယ်ချင်းတွေထဲမှာ ဒီလို အိုးရောင်းတဲ့ကောင်မျိုး လည်း ရှိတာလား"

"အေး၊ ဟာ မဟုတ်ဘူး ... အဲလိုလည်း မဟုတ်"

"ထင်တောင်မထင်ဘူး ... ဒီလိုကောင်မျိုးနဲ့များ"

"အယ် ... မဟုတ်သေးဘူးဟ"

ထိုအချိန်မှာပဲ အိုးသည်အဘိုးကြီးက ပြန်ရောက်လာသည်။

"လူလေးက အဘအိုးတွေ ရောင်းပေးနေတာလား"

ကောင်းပြည့်က ကိုလူဝဝယ်သွားသော ပန်းအိုးတစ်အိုး ရောင်းရငွေ ကို အဘိုးကြီးလက်ထဲ ထည့်ပေးလိုက်သည်။ အဘိုးကြီး ကြည်ကြည်နူးနူး ဖြစ်နေစဉ်မှာပဲ ကောင်းပြည့်က ...

"သန္တာကျော်"

"ဘာတုန်း"



www.burmeseclassic.com

www.burmeseclassic.com



"နင်နဲ့ငါ အရေးတကြီး တွေ့စရာရှိသေးတယ်"

"ဘာကိစ္စလဲ"

"တခြားတော့ မရှိပါဘူး ... ရိုးရိုးသားသားကိစ္စပါ"

"ဘာ ... ဒီကောင်ကတော့"

သန္တာကျော်၏အသံက နောက်မှာကျန်ခဲ့ပြီဖြစ်သည်။ ကောင်းပြည့်ကတော့ ပြုံးတမြမြဖြင့် ထွက်လာခဲ့ပြီ။ သူ့နာမည်က ကောင်းပြည့်ဆိုသော်လည်း အပြည့်အစုံက သားကောင်းပြည့်ဖြစ်သည်။ ဟိုကောင်လေးက ရိုးရိုးဆိုတော့ ...

သူပြောသော ရိုးရိုးသားသားကိစ္စဆိုသည့်စကားကို သန္တာကျော်က သဘောအပေါက်ကြီးပေါက်ကာ ကျန်ခဲ့ပြီဖြစ်သည်။

ကောင်းပြည့်စိတ်ထဲမှာလည်း မှတ်မှတ်ရရ ဖြစ်သွားသည်က ...

❁

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

စကားဝိုင်းကတော့ ရှုန်းရှုန်းဝေနေသည်။ ကျောင်းတုန်းက သူငယ်ချင်းတွေ ပြန်ပြီးစုစည်းမိခြင်းကြောင့်လည်း ပွဲက ပိုစည်သွားသည်။ ဆုဆုမြတ်နှင့် ခင်ငြိမ်းချမ်းတို့က ရွှေနွယ်ရိုး (ခေါ်) ရိုးရိုးနှင့် ဒီမနက်မှ တွေ့ကြရ၍ စကားမပြတ်နိုင်ကြ။ သန္တာကျော်တောင်မှ သူတို့နှစ်ယောက်ကြား ဝင်မတိုးနိုင်ဖြစ်နေရသည်။

ကျောင်းတုန်းကကိစ္စတွေကို တဖွဲ့တနွဲ့ပြောဆို၍ ပြီးမှ လက်ရှိကာလကိုလည်း ချန်ထားလို့မရပြန်သဖြင့် ထပ်ဆက်ရပြန်သည်။ ဆုဆုမြတ်နှင့် ခင်ငြိမ်းချမ်းတို့က အလုပ်ကိုယ်စီ ဝင်နေကြပြီ။ သန္တာကျော်က သူ့အိမ်ဧ ဆိုင်ကိုပဲ ဦးစီးနေသည်။ သူ့ဆိုင်က အိမ်ဆိုင်ဆိုသော်လည်း အလုပ်သမားတွေပင် ငှားရမ်းထားရသည့် ဆိုင်အကြီးကြီးဖြစ်၏။ ဆန်၊ ဆီ၊ ငရုတ် ကြက်သွန်မှစ၍ ပစ္စည်းစုံ တင်ထားသည်။ ဝင်ငွေမဆိုးလှ သန္တာကျော်က

www.burmeseclassic.com

www.burmeseclassic.com


ပြောသည်။

ရှိုးရှိုးတစ်ယောက်သာ သင်တန်းတွေကို ဟိုလှည့်ဒီလှည့် တက်နေခြင်းဖြစ်သည်။ စာရင်းကိုင်သင်တန်းတစ်ခု တက်သည်။ ပြီးတော့ အင်္ဂလိပ်စာနှင့် ကိုးရီးယားစကားပြောသင်တန်းနှစ်ခုကိုလည်း ဝါသနာ ပါလျှောက်အားကျိုးမာန်တက် တက်နေသူဖြစ်သည်။ ဒီရောက်တော့မှ အင်္ဂလိပ်စာသင်တန်းက လမ်းကြောဝေးသွား၍ မတက်ဖြစ်တော့။ ကိုးရီးယားစကားပြောသင်တန်းကိုတော့ ဆက်တက်နေသည်။

ထိုသင်တန်းမှာက အထက်တန်းကတည်းကပဲ ခင်မင်လက်စ သူငယ်ချင်းတစ်ယောက်ရှိသည့်အပြင် ထိုသူငယ်ချင်းမကလည်း သင်ခန်းစာတိုင်းကို နားလည်သဘောပေါက်လွယ်သဖြင့် ရှိုးရှိုးအတွက် အားကိုးရနေသည်။ စာရင်းကိုင်သင်တန်းကိုတော့ ရှိုးရှိုးတို့မိသားစု ဒီရပ်ကွက်ထဲ ပြောင်းဖြစ်သဖြင့် လောလောဆယ်မှာ နားထားသည်။

တစ်ယောက်အကြောင်း တစ်ယောက်ပြောဆိုပြီးတော့မှ ရှိုးရှိုးတို့မိသားစု ပြောင်းလာကြသော ဒီရပ်ကွက်အကြောင်းကို ဒီရပ်ကွက်သူတွေပဲဖြစ်ကြသည့် ဆုဆုမြတ်နှင့် ခင်ငြိမ်းချမ်းတို့က ပြောကြပြန်သည်။ ကိုယ့်အတွက် သိထားသင့်သောကိစ္စမို့ ရှိုးရှိုးမှာလည်း နားထောင်နေရသည်။ သန္တာကျော်က သိပ်ပြီးဝင်မပြောနိုင်။ သူက နဂိုကပဲ ထိုနှစ်ယောက်ကို စကားနှင့်ထိုးဖောက်နိုင်သူမဟုတ်။ သူလည်း ဒီရပ်ကွက်သူဖြစ်နေလျက်နှင့် ဘာမှဝင်မပြောနိုင်ဘဲ ဆုဆုမြတ်တို့စကားတွေကိုသာ နားထောင်နေရသည်။

ထုံးစံအတိုင်း ရပ်ကွက်အကြောင်းဆိုတာက ရပ်ကွက်ထဲက လူတွေအကြောင်းပဲ ဖြစ်သည်။ ဘယ်သူက ဘယ်လို၊ ဟိုလူကဒီလိုနှင့် နောက်ဆုံးမှာ သူတို့သူငယ်ချင်းယောက်ျားလေးတစ်ယောက်အကြောင်းကို ဘာကြောင့်ဘယ်လိုမှန်းမသိ ရောက်သွားပြီး ထိုတစ်ယောက်အကြောင်းက တော်တော်


www.burmeseclassic.com

www.burmeseclassic.com


နှင့် မထွက်နိုင်တော့ဘဲ မပြီးနိုင် မစီးနိုင် တဝဲလည်လည်ဖြစ်နေကြသည်။ ဆုဆုမြတ်နှင့် ခင်ငြိမ်းချမ်းတို့ အာသွက်နေသလောက် သန္တာကျော်က ပါးစပ်ပိတ်နေ၏။

ဆုဆုမြတ်တို့ကပဲ စကားပြောကောင်း၍လား၊ သူတို့ပြော သော ထိုတစ်ယောက်ကပဲ စိတ်ဝင်စားစရာကောင်းနေ၍လား မသိ။ ရိုးရိုးမှာ နားထောင်ရင်း အတော်သဘောတကျဖြစ်နေမိသည်။ သူတို့ပြောသည့်အ တိုင်းဆိုလျှင် တော်တော်ပေါက်ပေါက်ရှာရှာထဲကပဲဟုလည်း တွေးမိပြီး ထို တစ်ယောက်ကို မမြင်ဖူးသေးဘဲနှင့် စကားအရာဖြင့်ပင် ခင်မင်ချင်စိတ် ဖြစ်သွားမိသည်။

သန္တာကျော်က မပါမပြီးပုံစံနှင့် လက်ဖက်သုပ်ပန်းကန်ကို ဆောင့် ကြီးအောင့်ကြီးပြန်ချရင်း . . .

"အဲဒီကောင် ပေါက်ကရလုပ်သမျှကို နင်တို့က မဟာဟိမဝန္တာ ချီးမွမ်းခန်းကြီး ဖွင့်ချင်နေကြတယ်ပေါ့ . . . ဟုတ်လား"

ဆုဆုမြတ်နှင့်ခင်ငြိမ်းချမ်းတို့က တခွိခွိရယ်သည်။

"အေးလေ . . . နင်က ဘယ်ကျေနပ်ပါ့မလဲ၊ ဟိုတစ်နေ့က . . . ဒိ ဒိ ဒိ"

ပြောရင်း အတောမသတ်ရယ်ကြပြန်သည်။ ရိုးရိုးပင် ဘာမှန်း မသိဘဲ လိုက်ရယ်ဖြစ်သည်။ သန္တာကျော်က မျက်နှာစူပုပ်ပုပ်နှင့် . . .

"အဲဒီကောင်ကိုတော့ တွေ့ရင် ကောင်းကောင်း ပြန်ဆုံးမဦးမယ်"

ရိုးရိုး ဝင်မေးမိသည်။

"နင်တို့ပြောတော့ သူက မြေလျှောက်ဝိဇ္ဇာလို ရွာရိုးကိုးပေါက် လျှောက်သွားနေတာဆို . . . အခုရော မတွေ့မိဘူးလား"

"အခုလောက်ဆို ကိုးပေါက်မဟုတ်ဘူး၊ ဆယ့်ရှစ်ပေါက်လောက် ရောက်နေလောက်ပြီ၊ မတွေ့တာဘဲ ကောင်းတယ်"


www.burmeseclassic.com

www.burmeseclassic.com



သန္တာကျော်က လက်ဖက်သုပ်ဝါးရင်း ဝင်ပြောခြင်းဖြစ်သည်။ ဆုဆုမြတ်က ...

"မတွေ့မှာတော့ မပူနဲ့ ရိုးရိုးရေ ... တစ်နေ့တစ်ကြိမ်လောက်တော့ ဘယ်လိုရှောင်ရှောင် မလွတ်ဘူး။ တွေ့ရင် နင် တော်တော်ခင်သွားမှာ"

"တွေ့ပြီးပြီပေါ့ တွေ့ပြီးပြီ အကောင်စုတ်နဲ့"

သန္တာကျော်က အငေါ်တူးသောလေသံနှင့် ဝင်ပြောသည်။ ထိုစကားကြောင့် မျက်စိလျှင် နားပါးသော ရိုးရိုးပင် နဝေတိမ်တောင်နှင့် ပြန်မေးမိသည်။

"ဟင် ... ဘယ်တုန်းကလဲ"

သန္တာကျော်က လက်ဖက်သုပ်ပန်းကန်ကို ဆောင့်ကြီးအောင့်ကြီးပင် ပြန်ချရင်း ...

"ဟိုတစ်နေ့က အိုးရောင်းနေတဲ့ကောင်လေ"

'ဟင် ... ဆုမြတ်တို့ပြောတော့ သူက သူဌေးသားဆို"

"အေး ... အဲဒီသူဌေးသားက သူဌေးသားလို ဘယ်တော့မှ မနေဘူး။ နာမည်နဲ့မလိုက်အောင် မကောင်းမပြည့်တဲ့ကောင်"

"ဟင် ... ကျုပ်မပြည့်တဲ့ကောင် ... ဟုတ်လား"

မျက်စိလျှင် နားပါးသော ရိုးရိုး ဒုတိယအကြိမ် ပြန်မေးပြန်သည်။ ခင်ငြိမ်းချမ်းက ရယ်ပြီး ...

"ကျုပ်မပြည့်တာ မဟုတ်ပါဘူး၊ သန္တာကျော်က သူခံထားရလို့ ကျေမနပ်ဖြစ်နေတာ ... ဟီ ဟိ"

"ဒါနဲ့ ရိုးရိုးနဲ့ ဘယ်တုန်းက တွေ့တာလဲ"

ဆုဆုမြတ်အမေးကြောင့် သန္တာကျော်က ပါးစပ်ထဲ ရောက်လုနီးနီး လက်ဖက်သုပ်ဇွန်းကို အံကြိတ်ပြန်ချကာ ...

www.burmeseclassic.com



"တွေ့တာက ဒီလိုဟေ့"

ဟု အစချီကာပြောတော့သည်။ ရှိုးရှိုးလည်း အခုမှ လိုက်ရယ်ရ ခက် ဖြစ်နေသည်။ အဲဒီနေ့တုန်းက အင်္ကျီအစုတ်၊ ဘောင်းဘီအစုတ်ကြီးနှင့် ထိုတစ်ယောက်၏ပုံစံကိုလည်း ပြန်မြင်ယောင်မိသည်။ မျက်စိလျှင် နားပါး သော ရှိုးရှိုးပင်လျှင် တကယ့်အိုးသည်ဟု ထင်မိသေး၏။ အခုမှပဲ ဆုဆုမြတ်တို့ ပြောသည့်ပုံစံနှင့် တစ်ထပ်တည်းကျတော့သည်။

"အဲဒီတုန်းက ပြောတော့ သူ့နာမည်က ပြေည့်ဆို"

"အေးလေ ... အခု ဆုမြတ်တို့ပြောတဲ့ ကောင်းပြည့်ဆိုတာ အဲဒီပြေည့်ပဲပေါ့၊ ဩော် ... ကောင်းပြည့် ကောင်းပြည့်"

"ခဏ ခဏ မတောင့်တနဲ့ဟာ၊ ကိုယ်ထင်ပြရတာ လွယ်တာ မဟုတ်ဘူး"

"ဟင် ... မသာကောင်"

"ဟဲ့ ပြေည့် ... ဘယ်တုန်း"

လမ်းပေါ်က ဖြတ်သွားသော လူတစ်ယောက်က လှမ်းပြောသွား ခြင်းဖြစ်သည်။ ဆုဆုမြတ်နှင့်ခင်ငြိမ်းချမ်းက လှမ်းအော်သော်လည်း လှည့် မကြည့်ချေ။ လက်ဝါးကို နောက်ပစ်ပြီး ကာပြသွား၏။ သူမတို့ထိုင်နေ သည့် ဆိုင်လေး၏မြင်ကွင်းမှ ချက်ချင်းပျောက်သွားသည်။

မျက်စိလျှင် နားပါးသော ရှိုးရှိုးကပဲ ...

"အဲဒါ ကောင်းပြည့်ဆိုတာလား"

"အစစ်ပေါ့"

"သူက ဘာထုပ်ကြီးထမ်းလာတာတုန်း"

"ဘယ်သိမလဲ"

သန္တာကျော်က ပြောရင်း သက်ပြင်းချကာ ...

"သူက အဲဒီလို အခမဲ့ဝန်ဆောင်မှုလုပ်ငန်းလည်း လုပ်သေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟောတော့"

ရှိုးရှိုး ပခုံးသာ တွန့်လိုက်မိတော့သည်။ ထိုအချိန်မှာပဲ ဆိုင်ရှေ့မှ ဖြတ်သွားသော မိန်းမကြီးတစ်ယောက်က ...

"မိသန္တာ ... အလုပ်သမားတစ်ယောက် လွှတ်လိုက်ပါဆိုတာ မေ့နေတယ်မဟုတ်လား"

"ဟင် အမေ ... ဟုတ်သားပဲ၊ ဒီမှာ စကားကောင်းနေတာနဲ့ ဟို ..."

သန္တာကျော့အမေ ဖြစ်သည်။ သူမတို့အုပ်စုကိုကြည့်ကာ လက်ကာပြရင်း ...

"နေ နေ ... ကောင်းပြည့်သယ်သွားပြီ၊ ငါလည်း ဒီကလေးကို အအေးတိုက်ဦးမှပါပဲ"

"အဲဒါ အိမ်ကပစ္စည်းလား၊ ကောင်းတယ် ... ဒီကောင့်ကို ဒီလို ဒဏ်ပေးထားမှ ဝပ်နေမှာ"

"အဲဒါကြောင့် ညည်းကို ကောင်းပြည့်ကပြောတာ"

"ဒီကောင်က အမေ့ကို ဘာပြောလို့တုန်း"

"ခန္တာကိုယ်ကြီးသလောက် စိတ်က သေးသေးလေးတဲ့"

"ဟင်"

အားလုံး ဝါးခနဲ ရယ်ကြတော့သည်။ ရှိုးရှိုးလည်း လိုက်ရယ်မိသည်။ ရယ်ရင်း ကောင်းပြည့်နှင့် ဒီထက်ပိုပတ်သက်လာရလိမ့်မည်ကိုတော့ သိကြားမင်းကလည်း ဆင်းမပြောသဖြင့် ကြိုပြီးမသိခဲ့ချေ။

❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

အိုးကြီးကြီးဝယ်သွားသော ကိုလှဝ၏ လက်ဖက်ရည်ဆိုင်မှာပဲ ဖြ
သည်။ ဆိုင်နာမည်ကလည်း 'လှဝလက်ဖက်ရည်ဆိုင်' ဖြစ်သော်ငြား လဖ
ဖက်ရည်ခွက်တွေကတော့ သေးသေးလေးတွေ ဖြစ်သည်။ ထားပါ ...
ဒါက အရေးမကြီး။ ဆိုင်နာမည် 'လှဝ' နှစ်လုံးကြားမှာ 'ပါး' တစ်လုံးထ
ထည့်ဖို့ ကောင်းပြည့်တစ်ခါက အကြံပေးဖူးသည်ကလွဲ၍ လက်ဖက်ရည်
တော့ အတော်ပင်ကောင်းလေသည်။

အခုလည်း သူတိုက်သော လက်ဖက်ရည်ကိုသောက်ပြီး ဖားချေ
ခရုတွေ အဆင့်လောက်က မတက်နိုင်ကြသေးသည့် မြတ်ကိုကိုနှင့် ထ
ပေါ်ဦးတို့နှစ်ယောက်ကို ကောင်းပြည့်က အိုင်ဒီယာအကြွင်းအကျန်လေ
စွန့်ကြဲနေသည်။ မြတ်ကိုကိုနှင့် ထင်ပေါ်ဦးတို့က 'ဖားတုလို ခရုရုန်' ဆိုသည



www.burmeseclassic.com

www.burmeseclassic.com



စကားကို ငြင်းစရာမရှိ ငြင်းနေကြခြင်း ဖြစ်သည်။

"ငါပြောတာ အမှန်လေ"

"ငါပြောတာက ပိုသဘာဝမကျဘူးလား ကောင်းပြည့်ရာ"

လက်ကာပြလိုက်သဖြင့် နှစ်ယောက်စလုံး ပါးစပ်ပိတ်သွားအေး လက်ဖက်ရည်မျက်နှာကြောင့် ဖြစ်နိုင်သလို ထိုလက်ကြောင့်လည်း ဖြစ်နိုင်သည်။ သူက မထင်လျှင်မထင်သလို နားရင်းထအုပ်ချင် ထအုပ်တတ်သည်လေ။

"မင်းတို့နှစ်ယောက်ကို မေးပါဦးမယ်"

"အင်း"

"မေးလေ"

"အစကတည်းက အဲဒါကမှားနေတာ။ 'ဖားတုလို့ခရုခုန်' ပြောရအောင် ခရုက ခုန်ချင်တယ်လို့ ပြောနေလို့လား"

"ဟင်"

"အိုင်ပျက်ရုံပဲရှိမယ်လို့ရော ဖားက ပြောစရာလား"

"အဲ"

"ခရုက သူ့ဟာသူနေနေတာကို ဖားက ဘာလဲ ... ရန်စတာလား"

မဟာ့မဟာ အိုင်ဒီယာကြီးကြောင့် ထင်ပေါ်ဦးနှင့် မြတ်ကိုကိုတို့ နှုတ်လုံးပြူးကုန်သည်။

"ခရုက သူ့ဟာသူ မနည်းသွားနေရတာကို ဖားက ခုန်ခုန်ပြပြီး ညာမတာပြောတာ၊ စော်ကားတာ၊ ဖိနှိပ်တာ၊ တင်စီးတာ၊ ပုတ်ခတ်တာ၊ လှောင်ပြောင်တာ၊ သရော်တာ"

"တော် .. တော်ပါတော့ ပြေည့်ရာ"

ထင်ပေါ်ဦးက ကမန်းကတန်း ဝင်တားသည်။ နားရင်းအုပ်ချင်



www.burmeseclassic.com

www.burmeseclassic.com



အုပ်တော့ဟု ခံယူလိုက်ပုံရသည်။

"ငါတို့ပြောတဲ့သဘောက မတူရင်မတုနဲ့ဆိုတဲ့အကြောင်းကို လူ့သဘောနဲ့ ခိုင်းနှိုင်းထားတာလို့ပြောတာ"

"သြော် သြော် ... အဲလိုလား ... မသိပါဘူး"

ကောင်းပြည့်က စကားကို လျှော့ချလိုက်သည်။ ထင်ပေါ်ဦးက ချက်ချင်းပင် မာန်တက်သွားပြီး ...

"ခရုလောက်အဆင့်နဲ့ လုမ်းမခုန်ချင်နဲ့လို့ ပြောတာကွ"

"သြော် သြော် ... ဒါဆို အဲဒီစကားပုံက လူတွေကို တိရစ္ဆာန်နဲ့ နှိုင်းထားတာပေါ့"

"ဟမ် ... အဲလိုတော့ မဟုတ်ဘူးလေကွာ၊ ဒီဟာက"

"ဒါဆို လူလိုရေးပါလား ... အခုတော့"

ထင်ပေါ်ဦးပုံစံက ဘာကိုအားနာမှန်းမသိ အားနာသွားပုံပင်။ ကောင်းပြည့်က ...

"ငါဆိုလိုတာက ဒီလိုကွာ ... လူ့သဘောနဲ့ ခိုင်းနှိုင်းချင်လို့ရှိရင်"

"အင်း"

"ကောင်းပြည့်တုလို့ ထင်ပေါ်ဦးလဲ့ ဖင်ကွဲရုံပဲ ရှိမှာပေါ့ဆိုရင် ပိုမကိုက်ညီဘူးလား"

"ကောင်းပြည့် ... မင်း ဟော့ကောင်"

ထင်ပေါ်ဦး မွန်သွား၏။ ရာဇဝင်က မကောင်းချေ။ အားလုံး ဝိုင်းဝန်းမြှောက်ပင့်ပေးမှုကြောင့် ကောင်းပြည့်နှင့် လက်မောင်းချင်း စိန်ခေါ်လဲ့မှု သည်။ ပဝါမကူ ရေမရှူသော်လည်း သူ့အီးတော့ သူရှူလိုက်ရ၏။ မာန်တက်ပြီး ဆွဲအလဲ့မှာ ဘူခနဲ အကျယ်ကြီးထွက်သွားခြင်းဖြစ်သည်။ အားလုံး ထပြေးကြသော်လည်း သူကတော့ ကြောင်တက်တက်နှင့် ငုတ်တုတ်လေး ကျန်ခဲ့သည်။ ရာဇဝင်ရိုင်းရသည့်ဖြစ်ရပ်က ကောင်းကိုမကောင်းချေ။



www.burmeseclassic.com

www.burmeseclassic.com



တောက်! ခံရခက်လိုက်လေခြင်း။

ထိုစဉ်မှာပဲ ...

"ဟဲ့ ... ဟိုအကောင် မကောင်းမပြည့်တဲ့ကောင်"

လူက မဝင်နိုင်သေးဘဲ အသံက အရင်ရောက်လာသည်။ လူက နောက်မှ လှုပ်လှုပ်လဲ့လဲ့ ဝင်လာပြီး ...

"ငါ ထင်တော့ထင်သားပဲ"

ဘာထင်သည် မသိချေ။ တော်ရုံတန်ရုံဆို ပွဲပြတ်သွားမည်ဖြစ်သော်လည်း သန္တာကျော်ဖြစ်နေသဖြင့် ကံကောင်းသွား၏။ ဖက်တီးမက ခုံသေးသေးပေါ် ညှာတာမှုကင်းမဲ့စွာ ထိုင်ရင်း ...

"အိမ်မှာ မျိုးအောင်လို့ နင်တို့ကို လာဖိတ်တာ"

"ဟော"

သန္တာကျော့်မျက်နှာ ရဲရဲနီသွားပြီး ...

"ဟဲ့ ... ငါ့ညီမ သန္တာမျိုး စာမေးပွဲအောင်တယ်လို့ ပြောတာ"

"ငါ ထင်တော့ထင်သားပဲ"

သူ့စကားကို သူပြန်ပြော၍ သန္တာကျော်က မျက်စောင်းထိုးသည်။ သူ စကားပြောလောသွားသည်ကိုတော့ သိသိကြီးနှင့်ပင် မသိချင်ယောင်ဆောင်ပြီး ...

"မျိုး အဲ ... ငါ့ညီမ စာမေးပွဲအောင်လို့ မနက်ဖြန် အိမ်မှာ တစ်ခုကျွေးမှာ၊ အဲဒါ နင်တို့ကို လာဖိတ်တာ"

"ငါက ဦးစီးပြီး ကြွရောက်ချီးမြှင့်ပေးရမယ်ဆိုပါတော့"

"အေးပါ ... ပင့်ပါတယ် ဦးကောင်းပြည့်ရယ်"

"နင် ဒီကိုလာတော့ တစ်ယောက်တည်းပဲလား"

"ငါက ဘယ်သူ့ကို အဖော်ခေါ်လာရမှာတုန်း ... ကိုယ့်ရင်ခွင်ထဲ ပျော်သွားတဲ့ဟာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟို ... အိုးကောင်မလေးကို ခေါ်မလာဘူးလား"

"ဘယ်က အိုးကောင်မလေးလဲ"

"ဟိုတစ်နေ့က ငါတွေ့လိုက်ပါတယ်၊ နင်တို့ ဆုဆုမြတ်တို့နဲ့ အအေးဆိုင်ထဲမှာထိုင်ရင်း ငါ့အကြောင်းပြောနေကြတာလေ၊ အဲဒီကောင်မလေးဟာ ... ဘာလဲ ... သူ့နာမည်က ရားရားဆိုလား"

"တော်တော် သိချင်နေတယ်ပေါ့ ... ဟုတ်လား"

"ရိုးရိုးသားသားပါဟာ"

"တော်ပြီ ... ငါ့မှာ တခြားအိမ်တွေ ဖိတ်စရာရှိသေးတယ်၊ နင့်ကိစ္စက အရည်မရ အဖတ်မရ"

သန္တာကျော်ထွက်သွားသည်နှင့် မြတ်ကိုကိုနှင့် ထင်ပေါ်ဦးက ဝိုင်းမေးသည်။

"ပြည့် ... ဘယ်က အိုးကောင်မလေးလဲ"

"မင်းပြောလိုက်တာ ယားယားဆိုလား၊ သူက ဘာတွေ ယားနေလို့လဲ"

သိချင်စိတ်ကို ရှေ့တန်းတင်ပြီး မဆင်မခြင်မေးလာကြသဖြင့် ...

"အိုးကောင်မလေးဆိုတာ (Old) ဆိုတဲ့ အိုနေတဲ့ကောင်မလေးတော့ မဟုတ်ဘူးပေါ့ကွာ၊ အင်မတိအင်မတန် နုသစ်ပျိုမျစ်ပြီးတော့ သားကောင်းမိခင် ဖြစ်လာနိုင်တဲ့ အလားသဏ္ဍာန်တွေ အများကြီးရှိတဲ့၊ ပြည့်စက်နေတဲ့ လမင်းကြီးလို ကြည့်ရှုရ အလွန်ကောင်းတဲ့ မဒီကညာ မေခလာ တစ်ပါးလို့ နိဒါန်းချီလိုက်မယ်ဆိုရင် ..."

ဒီနေ့အဖို့ နှစ်ကောင်စလုံး သေဖို့သာ ပြင်ပေတော့။

❀

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

"ငါတို့ကို တမင်လုပ်နေတာလား မသိဘူး"

"အေးလေ . . . စောစောလာခဲ့ဆိုပြီး ဗိုက်က ဆာလှပြီ"

မြတ်ကိုကိုနှင့် ထင်ပေါ်ဦးနှစ်ယောက် ခုနစ်ရက်လောက် ထမင်းစားရသေးသလို ညည်းပြနေသည်။

ကောင်းပြည့်ကတော့ ကောင်းကောင်းပြည့်ပြည့်ပဲ ရှိနေပါသည်။ သူတို့လိုလည်း မညည်းနိုင်ပါ။ လာဘ်တိတ်သည်။

သန္တာကျော်က သူတို့ကို အိမ်ပေါ်မတက်ခိုင်းသေးဘဲ ခြံဝန်းထဲမှာပင် ထိုင်ခုံသုံးလုံးနှင့် ထားခဲ့ခြင်းဖြစ်သည်။ လူကြီးတွေပြီးမှ သူတို့အညှော်ဟု ပြောသွား၍ ထိုင်စောင့်နေရ၏။ ကောင်းပြည့်ကသာ ကောင်းကောင်းပြည့်ပြည့်စောင့်နေသော်လည်း ဟိုနှစ်ကောင် ညည်းပြနေသည်က ကောင်းတော့၍ . . .



www.burmeseclassic.com

www.burmeseclassic.com



"ဒီပုံအတိုင်းဆိုရင် သန္တာကျော်ကို မင်းတို့ တရားစွဲလို့ရပြီ"

"ဟင် ... ဘယ်လိုမျိုးလဲ"

"လုပ်စမ်းပါဦး"

အတော့်ကို သိချင်သွားကြသည်။

"သန္တာကျော်က စောစောလာဖို့ ပြောသွားပြီး ခုထိ ဘာမှ မကျွေးသေးဘူး မဟုတ်လား၊ တကယ်ဆို မင်းတို့ ဒီလောက်ဆာနေတာကို သိသိကြီးနဲ့ အောက်ယူလာပြီး ကျွေးလို့ရတာပဲကို"

"အေးလေ ... အဲဒီဖက်တီးမက ကိုယ်ချင်းမစာဘူး"

"အဲဒါကြောင့် မင်းတို့ ဘာမှစဉ်းစားမနေနဲ့၊ တိရစ္ဆာန်ညှဉ်းပန်း နှိပ်စက်မှုနဲ့ တရားသာစွဲလိုက်တော့၊ ငါ မင်းတို့ဘက်က သက်သေလုပ်ပေး မယ်"

"ခွေးကောင်"

"ငါ"

နှစ်ကောင်စလုံး ပျစ်ပျစ်နှစ်နှစ် ဆဲကြတော့သည်။

"ဟိုနှစ်ကောင် ... သူများတွေ မင်္ဂလာယူတဲ့အချိန်မှာ ဆဲလို့ ဆိုလို့၊ ကောင်းပြည့်ကို မပြောရဘဲ နင်တို့ကို ပြောနေရတယ်၊ လာ ... အပေါ်တက်ခဲ့တော့ လူရှင်းပြီ"

သန္တာကျော်က ဝရန်တာမှ လှမ်းခေါ်နေ၍ သူတို့ တက်ခဲ့ကြသည်။ အပေါ်ရောက်တော့ ကောင်းပြည့်မျှော်လင့်ထားသည့်အတိုင်း ရိုးရိုးဟူသော ကောင်မလေးကို မတွေ့ရချေ။ အပေါ်ထပ် တစ်ထပ်လုံးကို ဝေ့ကြည့် လိုက်ရင်း စိတ်ပျက်လက်ပျက် ဖြစ်သွားမိသည်။ ခေါင်းရင်းဘက်မှာ ထိုင်နေ သူတစ်ယောက်ကတော့ ကောင်းပြည့်ကို နေရင်းထိုင်ရင်း ကြည့်မရဖြစ်နေ သော ဦးအောင်အေးဖြစ်သည်။

"ဒီလူကြီးက စားပြီးသောက်ပြီးတာတောင် မပြန်နိုင်သေးဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... ကြားသွားလို့ ပြောနေဦးမယ်၊ ကြည့်ထိုင်နေကြ၊ ငါ နဲ့သွားထည့်လိုက်ဦးမယ်"

သန္တာကျော်ပြောသလိုပဲ ကြည့်ထိုင်နေလိုက်ကြသည်။

ဦးအောင်အေးက ကောင်းပြည့်ကိုကြည့်ပြီး ယောက်ျားကြီးတန်မဲ့နှင့် ငင့်ခနဲလုပ်သည်။ မေးလေးပါ ရှေ့သို့ပစ်လိုက်လျှင် ပိုကြည့်မကောင်းဦးမည်။

လမ်းထဲက လူကြီးလူငယ်ကိစ္စတွေမှန်သမျှမှာ ဦးအောင်အေးက ဘုတတ်ကြီး ဝင်လုပ်ချင်သည်။ တကယ်တမ်း လူကြီးကိစ္စတွေမှာလည်း ဘူ ဝင်တိုး၍မရ။ လူငယ်ကိစ္စတွေမှာလည်း ကောင်းပြည့်က ဦးဆောင်သွား ဖြင့် ဦးအောင်အေးက မကြည့်။ လမ်းထဲက ကိစ္စတိုင်းမှာ လူကြီးဝင်လုပ် ချင်လွန်းသော သူ့ကို ကောင်းပြည့်က လမ်းလူကြီးဟု ကင်ပွန်းတပ်လိုက်ချိန်မှ ၍ လုံးဝ မျက်မုန်းကျိုးသွားတော့သည်။ လမ်းမှာ လူကြီးလုပ်ချင်လွန်း၍ မ်းလူကြီးဟုခေါ်တာ ဘာဖြစ်သနည်း။ လူကြီးအရာသွင်းတော့လည်း မနေ ။

ကြည့်လို့လည်းမကောင်း၍ မျက်နှာလွှဲနေလိုက်သည်။

"ကိုပြည့်တို့က နောက်ကျတယ်"

"နင့်အစ်မက အောက်မှာ စောင့်ခိုင်းထားလို့ဟ"

သန္တာကျော့်ညီမလေး သန္တာမျိုးဖြစ်သည်။ ဆိုင်,မဆိုင်တော့မသိ။ ဇာထူးသုံးဘာသာပါ၍ သူ့ဘာသာသူ အလှတွေ နင်းကန်ပြင်ထား၏။ ကတော့ သန္တာကျော်လို ဟဲဗီးဆိုဒ်ကြီးမဟုတ်တဲ့ ပြည့်ပြည့်ဖောင်းဖောင်းနှင့် ချစ်ရှာလေး ဖြစ်သည်။ သူတို့ကို ညှော်လာထောက်နေ၏။ ကောင်းပြည့်ကို ည်း အစ်ကိုတစ်ယောက်လို ခင်သည်။

"ကိုပြည့်ကိုပြောထားတဲ့အတိုင်း အခု ဂုဏ်ထူးပါတယ်နော်၊ အဲဒါ ရမယ်"

"အေးပါ ... ကတိ ကတိ၊ ဘာဆက်လုပ်ဖို့ စဉ်းစားထားလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျောင်းဆက်တက်မှာပေါ့"

"တက္ကသိုလ်ရောက်ရင် ခွင်ဝင်ပြီဟ၊ ခွင်ဝင်ပြီဆိုပြီး ရည်းစားတော့ မထားနဲ့"

"မထားပါဘူး၊ အမေက အဲဒါတွေ စဉ်းစားမယ်ဆိုရင် ကျောင်းမ မထားဘူးတဲ့"

"အေး အေး ... ကျောင်းပြီးမှ အလုပ်လေးဘာလေးလုပ်ရ ထားချင်ထားပေါ့၊ နောက်မှ ယောကျ်ားယူချင်လည်းယူ၊ ကလေးတစ်ယော နှစ်ယောက် မွေးချင်လည်းမွေး"

"ကိုပြည့်ကလည်း"

"နင်က မြန်မြန်စွံမှာကြောင့် ပြောတာ၊ နင့်အစ်မ သန္တာကျေ ဖက်တီးမပဲ အခုထိ ..."

"မသာကောင် ... အဲဒါ ဘာဖြစ်နေတာလဲ"

သန္တာကျော် ပြန်ထွက်လာခြင်းဖြစ်သည်။ မျက်နှာထိမျက်နှာထာ ကြည့်ပြီး ...

"ငါ့ညီမက ကလေးပဲရှိသေးတယ် ဘာတွေသင်ပေးနေတာ"

"မသင်ပါဘူး"

"ငါ့နာမည်လည်း ကြားလိုက်သလားလို့"

"စိတ်ထင်လို့ပါ"

"ဩော ဩော ... ငါ မပြောလိုက်ချင်ဘူး၊ ဒီမှာ ရိုးရိုးပါလာ"

ထိုအခါမှပဲ ရိုးရိုးဟူသောကောင်မလေးကို ကောင်းခြင်းငါးဖြာ ပြည့်စုံစွာ မြင်ရလေသည်။ ထင်ပေါ်ဦးနှင့် မြတ်ကိုကိုက ခေါ်တော့နှစ်ယော အားနှင့် ရှိုးကြ၏။ သူမကတော့ မည်သို့မှ သဘောထားပုံမရဘဲ ... ပြည့်ကိုမြင်တော့မှ ဘာလိုလို ညာလိုလို ဖြစ်သွား၏။ (ဘာလိုလိုညာလို = သိသလိုလို မသိသလိုလို)



www.burmeseclassic.com

www.burmeseclassic.com


ကောင်းပြည့်ကလည်း ဘာလိုလို ညာလိုလိုနှင့် ...

"ဟင် ... အိုး အိုး"

"ဘာ အိုးအိုး လဲ ... ဘာအိုးမှ မဝယ်ဘူး"

"အဲဒီနေ့တုန်းက ဈေးမေးတယ်လေ"

"အခု မမေးဘူး"

"မြေကြီးတွေ ဈေးတက်လို့တဲ့ ... အိုးသည်ကြီးက ပြောတယ်"

"ဘာတွေ ပြောနေတာလဲ"

"မြေကြီးဈေးလေ ... တစ်ပိဿာကို နှစ်ရာကျော်သွားပြီ ဆိုလား"

သူမက ကောင်းပြည့်ကို ဟိုလိုလိုဒီလိုလို ကြည့်သည်။ (ဟိုလိုလိုဒီလိုလို = အနှောက်အပြောင်ခံရသည့်အခါ ပြန်ကြည့်သောအကြည့်) သန္တာကျော်က မနေသာဖြစ်ပုံနှင့် ...

"ရိုးရိုး ... ဒီကောင့်စကားတွေကို နားမထောင်နဲ့၊ ဒီကောင်က လူတွေ့တာနဲ့ ဦးနှောက်က ချောင်ချောင်သွားတယ်၊ စိတ်က မမှန်ချင်ဘူး"

"ဩော် ဩော် ... အဲလိုလား ... သနားစရာပဲ"

သန္တာကျော့်စကားကို ဖော်လိုလိုက်ပြီး သူ့ကိုတွယ်လိုက်ခြင်း ဖြစ်သည်။ ကောင်းပြည့်သည် တွယ်ချိတ်မဟုတ်။ ထို့ကြောင့် အတွယ်မခံချေ။

"သန္တာကျော်"

"ဘာတုန်း၊ စားစရာရှိတာ စားဦး ... ပြီးမှပြော"

သန္တာကျော်က သူ့ပါးစပ်ကို ကြိုပိတ်သည့်အနေနှင့် ကြက်သားဟင်းလာတာပန်းကန်တွေကို စားပွဲပေါ်တင်သည်။ မြတ်ကိုကိုနှင့် ထင်ပေါ်ဦးမှာတ်၍ ဗိုက်ဟောင်းလောင်းလည်း ဖြစ်မနေသည့် ကောင်းပြည့်က စိတ်မဝင်စား။ ပါးစပ်ကတော့ ဟောင်းလောင်းဖြစ်နေ၍ စိတ်ဝင်စားသည့်ကိစ္စကို လျှာနှင့်ကလိထိုးသည်။

"နင့်သူငယ်ချင်းက နာရီကိုဆဲနဲ့ တူတယ်နော်"


www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

ရိုးရိုးက ကိုယ်တိုင်ကိုယ်ကျ ဝင်မေးသည်။

"ဘာနဲ့တူတယ်"

"နာရီကိုဆဲ"

"ဟမ်"

"နာရီကိုဆဲလေ"

"ဘာဆဲ"

'နာရီကိုဆဲပါဆို၊ ရှိုင်းမောင်းလေ ရှိုင်းမောင်း"

"ဘာရယ် ... ဘာမောင်း"

"ရှိုင်းမောင်းလေ ဒိုင်လုမိုင်ညီ"

"ဘာတွေတုန်း"

ဘေးမှ တောက်လျှောက်နားထောင်နေဟန်ရှိသည့် ဦးအောင်အေးက ...

"ဟေ့ကောင် ... မင်း မဖွယ်မရာတွေ ပြောလိုက်တာမဟုတ်လား"

"မဟုတ်ရပါဘူး"

"ငါ့စိတ်ထဲမှာ အဲဒီလို ထင်တယ်ကွာ ... မင်း ဆဲလိုက်တာ"

"မဆဲရပါဘူး"

"ဒါဖြင့် မင်းဘာပြောတာလဲ"

"သူ့ကို ကိုးရီးယားလို နှုတ်ဆက်တာ"

"မဟုတ်ပါဘူး"

"ဟုတ်ပါတယ်"

"မင်း မလိမ်နဲ့"

"ဖြစ်ရတယ်"

သူနှင့်လည်း ဘာမှမဆိုင်ပါဘဲ ဦးအောင်အေးက စကားဝိုင်းထဲ



www.burmeseclassic.com

www.burmeseclassic.com



အတင်းဝင်ပါသည်။ ပြီး စွပ်စွပ်စွဲစွဲနှင့်။ ဒါမျိုးကတော့ မကောင်းချေ။ ကောင်းတာမှ နည်းနည်းလေးမှ မကောင်း။

"ကျွန်တော် ဘာပြောမှန်း ဦးသိလို့လား"

"မသိဘူး ... ဒါပေမဲ့ မကောင်းမှန်းတော့သိတယ်"

"ကျွန်တော်ပြောတာမှာလည်း ညစ်ပတ်တာ ဘာတစ်ခုမှ မပါ"

"မင်းအသံထွက်တွေက အဲလိုသဘောမျိုး သက်ရောက်တယ်"

"မှတ်ထားဖို့တောင် ကောင်းနေပြီ"

"ဒီမှာသမီး ... အဲဒါ ဒီကောင် သမီးကို မဖွယ်မရာတစ်ခုခု ပြောတာ"

"မသိဘဲနဲ့ ဝင်ရမ်းပြန်ပြီ ဒီမယ် ဦး ... ကျွန်တော် ပြောပါဦးမယ်"

"ဘာလဲ"

"ကျွန်တော့်ဘာသာ သူ့ကို ဘာပြောပြော ဦးနဲ့ဘာဆိုင်လို့လဲ၊ ဦးကိုပြောနေတာလည်း မဟုတ်"

"အဲ ဟော့ကောင် ... သူက ငါ့သမီးအရွယ်ကွ"

"အဲဒါ ဘာဖြစ်သေးတုန်း"

"ဟင်"

"သူ့ဟာသူ ဦးသမီးအရွယ်ဖြစ်ဖြစ်, ဦးအမေအရွယ်ဖြစ်ဖြစ် ဦးနဲ့မဆိုင်ဘဲ"

"မင်း ... မင်း"

"ဦးသာ ရှေ့နောက်မစဉ်းစားဘဲ မဆင်မခြင်"

ဦးအောင်အေး မျက်နှာကြီး နီသွား၏။ သူ့နှာခေါင်းကို သူ့လက်နှင့်ပွတ်ရင်း တစ်ခုခုပြောဖို့ အားယူသည်။

"အဟမ်း အဟမ်း"

သန္တာကျော့အမေ ဒေါ်ခင်သီတာနှင့် မိန်းမကြီးတစ်ယောက် အိမ်



www.burmeseclassic.com

www.burmeseclassic.com



ရှေ့ထွက်လာ၍ ဦးအောင်အေး ကိုယ်ရှိန်သတ်သွားသည်။ မှုန်ကုပ်ကုပ်နှင့် မတ်တတ်ထရပ်ပြီး အိမ်ပေါ်မှ ဆင်းသွား၏။ လိုက်တားမည့်သူလည်း မရှိကြ။ ကောင်းပါသည်။ ဒိုးလိုက်ပါတော့ ဦးအောင်အေး။

ရှိုးရှိုးက သူ့ကိုကြည့်ပြီး ပါးစပ်ပြင်သည်။ ပြီးမှ ဒေါ်ခင်သီတာ ရှိနေသည်ကို သတိပြုမိပုံနှင့် တစ်ဖက်ပြန်လှည့်သွား၏။ သန္တာကျော်က အံ့ကြိတ်ပြီး လက်သီးထောင်ပြသည်။ ပြီး နှစ်ယောက်သား ခေါင်းချင်းဆိုင်သွားကြသည်။ ပတွတ်ပတွတ် ပြောကြသည်။

မိန်းကလေးများ ပေါ်တင်သုံးသော လျှို့ဝှက်စကားပြောနည်းလမ်းဖြစ်သဖြင့် ခန့်မှန်း၍မရ။

ကြက်သားပလာတာတစ်ပန်းကန် ကုန်ခါနီးချိန်ရောက်မှ ရှိုးရှိုးက သူ့ကို တစ်ချက်စိုက်ကြည့်ပြီး အတွင်းခန်းထဲဝင်သွားသည်။

သန္တာကျော်က ကောင်းပြည့်စားသောက်နေပုံကို ကြည့်ပြီး . . .

"ဟဲ့ ပြေည့်"

"အွန်း"

"နင်ကလေ ဟုတ်ကိုမဟုတ်ဘူး"

"အခုမှ ဗိုက်ဆာတာကိုးဟ"

"အဲဒါပြောတာ မဟုတ်ဘူး။ နင် ပေါက်ကရလျှောက်ပြောတဲ့စကားတွေကိုပြောတာ"

"ဘာအဓိပ္ပာယ်မှ မရှိတာ . . . နင်လည်း သိတာပဲ"

"ငါသိပေမယ့် ရှိုးရှိုးက မသိဘူးလေ၊ နင်ဟာလေ ခက်ကိုခက်တယ်"

သန္တာကျော်ကပြောပြီး အတွင်းခန်းထဲ လိုက်ဝင်သွားသည်။ ကောင်းပြည့်မှာ မဝါးနိုင် မမျိုနိုင်ဘဲ ကျန်ခဲ့ရသည်။ သန္တာကျော့်အိမ်မှ ပြန်လာတော့ ဘာကိုမကျေနပ်လို့ မကျေနပ်မှန်း မသိ။ ကောင်းပြည့် ရင်ပြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



လချဉ်တောင် မတက်နိုင်။

လမ်းမှာ ဦးအောင်အေးနှင့် တိုက်တိုက်ဆိုင်ဆိုင် တိုးသေးသည်။ အဘားက ဖြတ်အလျှောက်မှာ ကောင်းပြည့်က ...

"ရှုံးပတော ဇာဒိဖွိုလ်သီး"

ဟု လှည့်ပြောခဲ့သည်။ ဦးအောင်အေး မျက်လုံးကြီးပြူးကြည့်ကာ ကျန်ခဲ့လေသည်။

"ရှုံးပတောသီးနှင့် ဇာဒိဖွိုလ်သီး" ကို လုံးထွေးပြီး ပြောခဲ့ခြင်း ဖြစ်သည်။

မရှိသည့်အဓိပ္ပာယ်ကို သူ့ဘာသာသူ လျှောက်စဉ်းစားပြီး တောက် ခေါက်ခေါက် လုပ်နေလိမ့်မည်။

အော့ ... လေချဉ်တက်သွားပြီ။

❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

ဒီလမ်းကို လျှောက်တိုင်း ရိုးရိုးစိတ်ညစ်ရ၏။ လမ်းမကောင်း၍ စိတ်ညစ်ရခြင်းမဟုတ်။ လမ်းက သူ့ဘာသာသူ ကောင်းနေ၏။ မကောင်းတာ က လမ်းပေါ်က ကိစ္စဖြစ်နေသည်။ မျက်နှာလွှဲလိုက်ပြီး ခြေလှမ်းကိုပဲ ခ သွက်သွက်လှမ်းလိုက်သည်။

ဒီရပ်ကွက်ထဲ ပြောင်းလာတာ တစ်ပတ်ကျော်ခန့်သာရှိဦးမည် ဖြ သော်လည်း မျက်စိလျှင် နားပါးသော ရိုးရိုးက တော်တော်များများ အကဲခတ်ထားပြီး ဖြစ်သည်။ ဆိုးသွမ်းသောင်းကျန်းသူလို့တော့ ဒီရပ်ကွ ထဲမှာ မရှိ။ အားလုံး ကိုယ့်ခြံကိုယ့်ဝန်းနှင့်ဖြစ်ပြီး စပ်စပ်စုစုလည်း မရှိကြ ယုတ်စွအဆုံး အရင်ရပ်ကွက်မှာလို ရည်းစားစကားလိုက်ပြောမည့်သူတွေ မရှိသဖြင့် ပျင်းရသေးသည်။ ထိုသို့ဆိုသဖြင့် ရည်းစားစကားလိုက်အပြော မခံရ၍ စိတ်ညစ်နေရခြင်းဟုလည်း မယူဆစေလို။ ရိုးရိုးက ထိုသို့သော

www.burmeseclassic.com



မိန်းကလေးတစ်ယောက်လည်း မဟုတ်ပါ။ အခုလို အေးအေးဆေးဆေးနေရသည်ကို ပိုလို့ပင် သဘောကျသေးသည်။

ဒါဆို ဘာကိုစိတ်ညစ်နေရတာလဲ။ အမေးရှိလျှင် နည်းနည်းထူးခြားလို့ဟုပဲ ဖြေရမည်။ ထိုထူးခြားသောကိစ္စသည် ကားတစ်စီးမှ အစပြုခြင်းဖြစ်သည်။

ဒီလမ်းမှဖြတ်တိုင်း ကားတစ်စီးက အမြဲရှိနေသည်။ ကားပိုင်ရှင်ဖြစ်ဟန်တူသော လူငယ်တစ်ယောက်က ကားမှန်တံခါးကိုချကာ အမြဲလိုက်ကြည့်နေတတ်သည်။ အစပိုင်းက သိပ်သတိမထားမိ။ နောက်တော့ သင်တန်းအသွားအပြန်၊ ဈေးအသွားအပြန်မှ စပြီး ရှိုးရှိုး အပြင်ထွက်သည့်အချိန်တိုင်းမှာ ထိုကားက ရပ်လျက် အမြဲရှိနေတတ်သည်။ ရှိုးရှိုးလာသည်နှင့်ကားမှန်တံခါးကိုချကာ ထိုလူက အမြဲလိုက်ကြည့်နေမြဲ။ ကြာတော့ . . .။

"ငါ တဖြည်းဖြည်း ကြောက်တောင်ကြောက်လာတယ် သန္တာရယ်"

"နင်က လှတော့ ကားနဲ့တောင် တကူးတက လာစောင့်ကြည့်တယ်နဲ့ တူပါတယ်"

"အေးလေ . . . ငါတို့ကို အဲလိုလာကြည့်မယ့်လူရှိရင် သေပျော်ပါပြီဟယ်"

ဆုံဆုမြတ်နှင့် ခင်ငြိမ်းချမ်းတို့က ပြောရင်း ရယ်ကြသည်။ သန္တာကျော်ကလည်း လိုက်ရယ်သည်။ ရှိုးရှိုးမှာသာ မရယ်နိုင်။ ရှိုးရှိုးက တော်ရုံတန်ရုံ ကြောက်ပါတတ်သော မိန်းကလေးတစ်ယောက်လည်း မဟုတ်ပါ။ တော်ရုံတန်ရုံ စကားလိုက်ပြောတာလောက်ကတော့ အလွယ်တကူ ခါထုတ်တတ်သည်။

အခုဟာက စကားလိုက်ပြောတာလည်း မဟုတ်။ ဘာကြီးမှန်းလည်း မသိ။ သွားပြောရအောင်ကလည်း မဖြစ်သေးချေ။

"ဒါနဲ့ နေပါဦး . . . အဲဒီလူပုံစံက ဘယ်လိုလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ငါတို့အရှယ်လောက်ပဲ၊ ဒါပေမဲ့ တစ်မျိုးဟ"

"ဘယ်လိုတစ်မျိုးလဲ"

"မရိုးသားဘူးလို့ထင်တယ်"

"ခစ် ခစ် ... နင်ကလည်း မိန်းကလေးတစ်ယောက်ကို လိုက်ကြည့်ပါတယ်ဆိုမှ ဘယ်လိုလုပ် ရိုးသားပါ့မလဲဟ"

"အေးလေ ... မရိုးမသားကိစ္စကြီးပဲကို"

သူတို့ပြောတော့မှပဲ သိသိကြီးနှင့် ကြက်သီးထရသေးသည်။

"နင် ဘယ်လိုခံစားရလဲ ရိုးရိုး"

"လိုင်းယွန်းအိုင်းပဲ"

"ဟင် ... သူက ခြင်္သေ့မျက်လုံးလို စားတော့ဝါးတော့မတတ်ကြည့်တာလား"

"အဲဒါပြောတာ မဟုတ်ဘူး၊ အင်္ဂလိပ်လို လိုင်းယွန်းအိုင်း Lion eye ဆိုတာ ကြက်သီးဖုကို ပြောတာ"

"ဩော် ... နင် ကြက်သီးထသွားတယ်ပေါ့၊ သူ့အကြည့်က အဲလိုဖြစ်စရာ ကောင်းနေလို့လား"

"အဲဒါတော့ မသိဘူး ... မမြင်ရဘူး"

"ဟင် ... သူက မျက်စိကို လက်နဲ့အုပ်ပြီးကြည့်တာလား"

"နေကာမျက်မှန်နဲ့ပေါ့၊ အဲဒါကြောင့် မမြင်ရတာ ... သိပြီလား"

"ဂလိုလား"

"ရှင်းပြီ ရှင်းပြီ ... နင် ဘယ်လိုမှ အကဲခတ်လို့မရ ဖြစ်နေတာပေါ့"

"ဒါကြောင့် ငါတို့ကို တိုင်ပင်ကြည့်တဲ့သဘောပေါ့ ... ဟုတ်လားရိုးရိုး"

မျက်စိလျှင် နားပါးသော ရိုးရိုးမှာ အချင်းချင်းကြွေကြားထဲ ခံနေ



www.burmeseclassic.com

www.burmeseclassic.com



ရသည်။ ကိုယ်က အကောင်းပြောနေတာကို သူတို့က ပေါ့ပျက်ပျက်နှင့်ဟု ခံစားရသည်။

ခင်ငြိမ်းချမ်းက ရယ်ဟဟနှင့် . . .

"ဒီကိစ္စကို ကောက်ချက်ချရမယ်ဆိုရင် စိတ်ဝင်စားဖွယ်ရာဇာတ်လမ်းတစ်ပုဒ် ဖြစ်လာနိုင်ဖွယ်ရာ ရှိတယ်"

"လုပ်စမ်းပါဦး . . . ဘာတွေဖြစ်လာနိုင်မလဲဆိုတာ"

"တော်စမ်းပါ မိန်းမတွေရယ် . . . ဒီမှာ စိတ်ရှုပ်နေတာ"

ရိုးရိုးပုံစံကြောင့် ပါးစပ်ပိတ်သွားကြသည်။ ရိုးရိုးလည်း ဘာမှပြောချင်စိတ်မရှိတော့။ ဒီအကြောင်းကို ပြောချင်လွန်း၍ သန္တာကျော်ဆီကို တကူးတက လာခဲ့ခြင်းဖြစ်သည်။ ခုတော့ မတန်သလို ဖြစ်နေသည်။

သန္တာကျော်က ဟိုနှစ်ယောက်ကို ဟန့်သလိုကြည့်လိုက်ရင်း . . .

"အေးပါ ရိုးရိုးရယ် . . . ငါတို့က နင့်စိတ်ထဲမှာ အရမ်းကြီး လေးမနေအောင် ပြောမိကြတာပါ၊ စိတ်ထဲလည်း အရမ်းကြီး တွေးမထားနဲ့ နင်လည်း အသွားအလာလေး ဆင်ဆင်ခြင်ခြင်နေဦး"

"ဟဲ့ . . . ငါက ဆတ်ကော့လတ်ကော့ လုပ်နေလို့လား မိသန္တာရဲ့"

ရိုးရိုး ခပ်ဆတ်ဆတ်ပြောလိုက်တော့ သန္တာကျော်က . . .

"အဲလို သဘောမဟုတ်ပါဘူး ရိုးရိုးရယ်၊ အရင်ကထက် သတိထားဖို့ ပြောတာပါ၊ ဒါမှမဟုတ် နင့်မောင်လေး မင်းမင်းကို အပြင်ထွက်တဲ့အခါ ခေါ်ခဲ့ပေါ့၊ ဘာပဲဖြစ်ဖြစ် ကလေးဆိုပေမယ့်လည်း"

ရိုးရိုး ခေါင်းသာခါပြမိသည်။ မောင်လေးမင်းမင်းကိုခေါ်ရတာ နတ်ဆိုးတာကတောင် လွယ်ဦးမည်။ သူ့ကို လွယ်လွယ်နှင့် ပင့်မရချေ။ ဆယ်နှစ်ကျော်ပဲရှိဦးမည့် မင်းမင်းက ရိုးရိုးထက် ဆယ်နှစ်လောက်ငယ်သည်။ ဒီဆယ်နှစ်လောက်ငယ်သည်ကို အကြောင်းပြုပြီး ပတ်ခွဲညားတတ်သည်မှလွဲ၍ ကျန်တာ အားကိုးမရချေ။ သူ့ဘာသာသူ မျက်နှာရွှင်အောင်



www.burmeseclassic.com

www.burmeseclassic.com



ဆောင့်နေဖို့ပဲ သိသည်။

"ဒါဆိုလည်း ကူညီနိုင်မယ့်လူတစ်ယောက်ကို ငါပြောပြထားလိုက်မယ်ဟာ၊ နင့်ဆိုရင်တော့ သူက ကူညီမှာပါ"

"ဘယ်သူလဲ"

"ကောင်းပြည့်လေ"

"ဟွန်း"

"အောင်မယ် ... နင် ကြည့်နေပါဦး၊ ဒီကောင်က နောက်နောက်ပြောင်ပြောင်လုပ်တတ်ပေမယ့် အကူအညီရတယ်နော်"

"ဟုတ်တယ် ရိုးရိုး ... နင် အထင်မသေးနဲ့၊ ဒီကောင်က လူချစ်လူခင်များတယ်၊ ပြီးတော့ လူကြီးလူငယ်မရွေး ပေါင်းတတ်တယ်"

"ဟုတ်တယ် ... ပြောရရင် သူတောင်းစားကအစ ဒီကောင့်အကူအညီနဲ့ မလွတ်ဘူး"

"ဟဲ့"

ရိုးရိုး အော်ရတော့သည်။ ထိုသို့ဆိုလျှင် ကိုယ်က ဘာဖြစ်သွားသနည်း။

"ငါတို့ပြောတဲ့သဘောက ဒီကောင် ဘယ်လောက်နှံ့စပ်လဲဆိုတာပြောတာ၊ သူ့ကိုပြောထားလို့ရှိရင် မမှားဘူး၊ ဒီကောင်က ဘုန်းကြီးကျောင်းမှာတောင် တံခါးမရှိ ဓားမရှိ နေလို့ရတာနော်"

ဘာမှလည်းမဆိုင်ချေ။ သူ့ဟာသူ ဘုန်းကြီးကျောင်းမှာ နေလို့ရတာနဲ့ ကိုယ့်ကိစ္စက အဝေးကြီး။ သုံးယောက်စလုံးကတော့ အားကျိုးမာန်တက်ပြောနေကြသဖြင့် ရိုးရိုးမှာ ဒီအတိုင်း နားထောင်နေရသည်။ နားထောင်ရင်း ရိုးရိုး အလန့်တကြားနှင့် ...

"ဟဲ့ ဘာလဲ ... ငါက သူနဲ့ သမီးရည်းစားပုံစံ နေပြရမှာလား"

သဏ္ဍာကျော်တို့သုံးယောက်စလုံး မီးကို ရေနှင့်ငြိမ်းလိုက်သလို



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ခနဲ ငြိမ်သွားသည်။ ပြီးမှ တစ်ယောက်ကို တစ်ယောက်ကြည့်ပြီး ဖါးခနဲ ထရယ်ကြသည်။

မျက်စိလျှင် နားပါးသော ရိုးရိုးမှာပဲ ကြောင်တက်တက်နှင့်၊ ...။ သန္တာကျော်က ရိုးရိုးခါးကို ဆွဲဖက်ပြီး ပြုံတီတီနှင့်ပြောသည်။

"ငါတို့က အဲလိုသဘောပြောတာ မဟုတ်ပါဘူး။ ဒါပေမဲ့ နင့်အတွေး အတိုင်း လိုအပ်လာလို့ရှိရင်တော့ သူက အသင့်တော်ဆုံးပဲ"

"သန္တာမ ကြည့်စမ်း ... အစတ်ပလုတ်မ"

သန္တာကျော်ခါးကို ရှက်ရှက်နှင့် ဆွဲလိမ်မိတော့သည်။ သန္တာကျော် က လူးလူးလွန့်လွန့်နှင့်ပဲ ...

"အောင်မယ်လေး ပြေညွှ့်ရေ ... လုပ်ပါဦးဟ"

❁



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

ဒီနေ့မှာမှ ဆိုင်က လူအတော်ကျသည်။ မုန့်ဟင်းခါးလေးတစ်
စားရမည့်အရေးကို တစ်ကမ္ဘာလောက်ကြာအောင် စောင့်နေရသလို ဖြစ်
သည်။ ရိုးရိုးက ညနေတိုင်း ဗိုက်ဆာတတ်သည်။ မုန့်ဟင်းခါးက နေ့မကူး
ရောက်လာပါဦးမလား မသိ။ မိန်းကလေးပီပီ ဟန်လုပ်ထိန်းထားသော်လည်း
ဗိုက်က မနေချေ။

"စိတ်ထဲ သိပ်မထားပါနဲ့ ရိုးရိုးရယ်၊ ငါလည်း ပြည့်ကို ပြော
ထားပါတယ်ဆို"

ရိုးရိုး ကြောင်တက်တက်ဖြစ်သွားမိသည်။ ပြီးမှ သန္တာကျော်စော
ကို ဆက်စပ်စဉ်းစားမိပြီး ...

"အေး ... မထားပါဘူး"

ရပ်ကွက်ဈေးလမ်းဆုံရှိ မုန့်ဟင်းခါးဆိုင်မှာ ဈေးအပြန်ဝင်

www.burmeseclassic.com

www.burmeseclassic.com



နေကြခြင်းဖြစ်သည်။ ဆုဆုမြတ်နှင့် ခင်ငြိမ်းချမ်းတို့တော့ မပါ။ သူတို့နှင့်က စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များမှာပဲ တွေ့ကြရသည်။

သန္တာကျော်က သက်ပြင်းကို သူ့ခန္ဓာကိုယ်နှင့် လိုက်အောင်ချရင်း ...

"ဒီနေ့ နင်လာတော့ အဲဒီလူက ကြည့်ရှုတင်မက ... ပြုံးတောင် ပြုံးပြလိုက်သေးတယ်ဆိုတော့"

"ပြီးတော့မှပြောဟာ"

"နေဦး ... ငါ့အထင်ကို"

"နင့်အထင်ကို ပြီးမှ"

မုန့်ဟင်းခါးနှစ်ပွဲရောက်လာသဖြင့် စကားက ဖြတ်စရာမလိုဘဲ အလိုလိုပြတ်သွားသည်။ ရိုးရိုး ဗိုက်ဆာဆာနှင့် တစ်ဖွန်းပြီးတစ်ဖွန်း ခပ်စား နေမိသည်။ သန္တာကျော်၏အထင်ကလည်း မုန့်ဟင်းခါးတစ်ပွဲအောက်မှာ ရှုးရှုးရှားရှားလုပ်ကာ ပြေးကုန်ပြီထင်သည်။ စားကောင်းကောင်းနှင့် စား နေကြစဉ်မှာပဲ ...

"နင်တို့ပုံစံက အလှူမှာစားနေတာ ကျနေတာပဲ"

ရိုးရိုး နင်သွားရသည်။ သန္တာကျော်က မျက်လုံးပြူးလှန်ကြည့်ပြီး

"ပြည့် ထိုင်လေ ... အခုပဲ နင့်အကြောင်းပြောနေတာ"

သန္တာကျော်စကားကြောင့် ပိုနင်သွားရသည်။ နောက်ဆက်တွဲ ဒိုက်မလာခင် ရေနွေးဖြင့် အမြန်မျှောချလိုက်မှ အတော်သက်သာသွားရ၏။ သန္တာကျော် အလကားနေရင်း ပိုနေခြင်းဖြစ်သည်။ ကောင်းပြည့်အကြောင်း ကို သူပြောသလိုလည်း ဘာမှမပြောရသေးပါ။

ကောင်းပြည့်ကတော့ ဘာကိုမှ ဂရုမထားမိသလိုပုံစံနှင့် ...

"နင်တို့ ဒီထဲမှာ ထိုင်နေတာကြာပြီ ... ငါ့ကို မမြင်ဘူးလား"

"ဟင် ... နင်က ဘယ်မှာတုန်း"



www.burmeseclassic.com

www.burmeseclassic.com



သန္တာကျော်က မုန့်ဟင်းခါးကို လက်စသတ်ရင်း မေးသည်။

"ငါ ဆိုင်ရှေ့ကဖြတ်လျှောက်နေတာ အခါနှစ်ဆယ်လောက် ရှိတော့မယ်"

"နင်က အခါနှစ်ဆယ်လောက်လျှောက်ပြီး ဘာလုပ်နေတာလဲ"

"နင်တို့များ လှမ်းမြင်ပြီးခေါ်မလားလို့ စောင့်နေတာ"

"ဘာလို့ ခြော် သိပြီ ... ထုံးစံအတိုင်း နင် တစ်ယောက်ယောက်ကို ပိုက်ဆံချေးလိုက်ရလို့ ပြောင်လာပြီမဟုတ်လား"

"ချေးတာမဟုတ်ဘူး ... ဒီတစ်ခါ ပေးလိုက်တာ"

"ဟင် ... နင့်အသိထဲက တစ်ယောက်ယောက် ဟို ... ဆုံး"

"အကုန် အတိုးသတ်ပြီးသား ... အခုဟာက ကိုရေအေးလေ"

"ဘယ်က ကိုရေအေးလဲ"

"ငါ ဆိုက်ကားယူနင်းနင်းနေတဲ့ ကိုရေအေးလေ"

"သူက ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ဘူး၊ ဒီနေ့ သူ့ဆိုက်ကားကို ငါယူနင်းလိုက်တာ ရှေ့ဘီးကြီးခွေသွားလို့"

"ဟင် ... ဘယ်လိုဖြစ်တာတုန်း"

"သူ့ဆိုက်ကားကြီးက ဘရိတ်မှမမိဘဲ ... လူကိုရှောင်ရင်း ဓာတ်တိုင်ကို သွားနမ်းမိတာ"

"ဟဲ့ ... ခရီးသည်ရော ပါသေးလား"

"နည်းနည်းမေ့ချင်သလိုလိုတော့ ဖြစ်သွားတယ်၊ ကျန်တာတော့ အကောင်းပကတိပဲ"

ဒါလား အားကိုးရတာဆိုပြီး ရိုးရိုး ဝင်မေးလိုက်ချင်သည်။ မကောင်းတတ်၍ မေးတော့မမေးလိုက်။ ပြီးတော့ သူ့အကြောင်း မေးထားတာတွေ ပေါ်ကုန်မည်စိုးတာလည်း ပါသည်။ ဒီတော့ မသိသလို နေလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com


သန္တာကျော်က မချိုမချဉ်မျက်နှာပေးနှင့် ...

"ပြေည့်က အဲဒီလို စေတနာအများလေးတွေတော့ ဖြစ်တတ်တယ် ...ရဲ့"

"ပြော် ပြော်"

ရွှံသံမပါအောင်တော့ ထိန်းလိုက်ရသည်။ ကောင်းပြည့်က ခုံမှာ ...ကျအနပြင်ထိုင်ရင်း ...

"ငါ့ကို ဒီအတိုင်းကြီး ကြည့်မနေကြနဲ့လေဟာ"

မျက်စိလျင် နားပါးသော ရှိုးရှိုး နားမလည်ပါ။ ကောင်းပြည့်ကို ကြည့်တော့လည်း အကောင်းကြီးပင် ဖြစ်သည်။ ကျိုးပဲ့လာပုံလည်း မရ။ သန္တာကျော်ကပဲ ...

"ငါတို့ ရှင်းပေးထားခဲ့မယ်၊ နင့်ဟာနင် မှာစားလိုက်တော့၊ ငါတို့က ...းကိုင်စရာရှိသေးလို့ အခုပဲ ပြန်တော့မှာ"

"နင်တို့ကလည်း ချက်ချင်းကြီး"

"ဒီည အိမ်မှာ ရခိုင်မုန့်တီ ချက်စားမလို့လေ၊ ရှိုးရှိုးက ကျွမ်းတော့ သူ့ကို အကူအညီတောင်းထားတာ"

"ရှိုးရှိုးက ဒီည အိမ်မပြန်ဘူးလား"

"မပြန်ဘူး ... ငါခေါ်သိပ်ထားမလို့"

"ဒါဆို အတော်ပဲ"

"ဘာအတော်ပဲလဲ"

ဈေးခြင်းတောင်းကြီးတစ်ဖက်နှင့် ရှိုးရှိုး ဝင်ပြောမိခြင်း ဖြစ်သည်။ ကောင်းပြည့်က ရယ်ကျဲကျဲတစ်ချက်ဖြစ်သွားပြီးမှ ...

"မုန့်တီ လာသောက်မယ်လို့ ပြောတာ"

"ဟင်း"

ရှိုးရှိုးက ဆာမူရိုင်းမတစ်ယောက်လို ကြ...ည့်သွားသ...် ကောင်း


www.burmeseclassic.com

www.burmeseclassic.com



ပြည့်ရင်ထဲ ယားကျိကျိ ဖြစ်ကျန်ခဲ့သည်။ ထိုခံစားမှုကို အချစ်ဆိုပြီး သူ ဘာသာသူ မညှာမတာ နာမည်ပေးလိုက်သည်။ ဘယ်သူမှလည်း လာမကန့် ကွက်ကြချေ။ သူ့ဟာသူ စိတ်ထဲမှာ တွေးနေတာကို။

ရိုးရိုးကလည်း ကောင်းပြည့်အတွေးကို မသိသဖြင့် ဘာမှမဖြစ်ချေ။ သန္တာကျော်နှင့်အတူ ဈေးခြင်းတောင်းကို တစ်ယောက်တစ်ဖက် ဆွဲလာ ကြရင်း တစ်နေရာရောက်တော့ . . .

"သန္တာ . . . အဲဒီကား အဲဒီကား"

သန္တာကျော်က ကားအတွင်းထဲသို့ ပြူးတူးပြဲတဲ လှမ်းကြည့်သည်။ ကားအတွင်းမှာ မည်သူမှမရှိ။ ကားက ဘီယာစတေရှင်တစ်ခုရှေ့မှာ ရပ် ထားခြင်း ဖြစ်သည်။

"သန္တာ . . . သွားမယ်၊ ငါတို့ကိုမြင်ပြီး တော်ကြာ တစ်မျိုးထင်နေ ဦးမယ်"

"ရိုးရိုး . . . ဒီကားဆိုတာ သေချာလား"

အရေးထဲ သူက ထပ်စစ်ဆေးနေသဖြင့် ရိုးရိုးအတင်းဆွဲခေါ် လာရသည်။ ကောင်းပြည့်ပါလာရင် ကောင်းမှာပဲဟုလည်း ပြောသေးရဲ ပါလာရင်ကော ဘာလုပ်လို့ရမှာလဲဟုတော့ ရိုးရိုး ပြန်မပြောမိ။

လျှောက်လာရင်း မသက်ာစရာတစ်ခုကိုတော့ ကြုံလာရသည်။ မျက်စိလျှင် နားပါးသော ရိုးရိုးပဲလေ။ တစ်ခုခုတော့ တစ်ခုခုပဲဆိုတာ ကျိန်း သေသိလိုက်သည်။ တဖြည်းဖြည်း နီးလာသောခြေသံကို နားထောင်ရင်း လိုအပ်လျှင်ဆိုသော အတွေးနှင့် ရိုးရိုးတစ်ကိုယ်လုံး တောင့်သွားမိသည်။

သန္တာကျော်ကလည်း ရိုးရိုးလိုပင် အနားကပ်လာသော ခြေသံကို သတိထားမိသွားပုံရသည်။ ဖျတ်ခနဲရပ်ကာ လှည့်ကြည့်ရင်း . . .

**"အား"**

**"အောင်မယ်လေး"**



www.burmeseclassic.com

www.burmeseclassic.com



အော်သံတွေ အကျယ်ကြီးထွက်သွားသည်။ ပြီးမှ ...

"လန့်လိုက်တာ အကောင်စုတ်ရဲ့ ... နင်ဟာလေ"

"ငါလည်း နင့်ကို ဘာမှမလုပ်သေးဘဲနဲ့"

သူပြောတာလည်း ဟုတ်တုတ်တုတ်။ ကောင်းပြည့်က အသံမပေး လှမ်းမခေါ်ဘဲ နောက်ကလိုက်လာခြင်း ဖြစ်သည်။ သန္တာကျော်က ရင်ဘတ်ဖိသည်။ ရှိုးရှိုးမှာပဲ ရယ်ချင်ပက်ကျိ ဖြစ်သွားရ၏။

"နင့်တစ်ကိုယ်လုံးမှာ ငယ်တာဆိုလို့ အဲဒီအသည်းပဲရှိတယ်"

"နင့်အကြောင်း ငါမသိဘူးထင်လို့လား ပြည့်ရဲ့ ... ငါနော်"

သန္တာကျော် ဒေါ်ကြီးမောကြီး ဖြစ်သွားသည်။ ဆက်လျှောက်လာကြရင်း ကောင်းပြည့်ကိုကြည့်ကာ ပွစိပွစိလုပ်၏။ ကောင်းပြည့်ကတော့ ခပ်ပြုံးပြုံး။ တကယ်တမ်းပြောရလျှင်လည်း သူ့ကြောင့် သန္တာကျော် ဒေါ်ကြီးမောကြီးဖြစ်ရတာတွေက များခဲ့ပြီ။

ဥပမာတွေထဲမှ တစ်ခုကို ထုတ်နုတ်ရသော် တစ်ခါကလည်း ...

"သန္တာကျော်"

"ဘာလဲ ကောင်းပြည့်"

"နင် ငါ့ရှေ့က အဲလိုကြီးမလျှောက်နဲ့ဟာ"

"ဘာဖြစ်လို့လဲ"

"တော်ကြာ၊ ငါ နင့်ကို လှည်းလုပ်စီးချင်နေတယ်လို့ လူတွေက ပြောကြဦးမယ်"

လူကြားထဲဖြစ်နေသဖြင့် သန္တာကျော် ဒေါ်ကြီးမောကြီးနှင့် လိုက်ရိုက်တော့သည်။ 'မဘုတ်ဆုံ ဖင်တုံကြီး လှည်းလုပ်လို့စီး' ကိုတော့ မဆိုလိုက်ရသဖြင့် ကောင်းပြည့် နည်းနည်းတော့ သက်သာသွားသည်။

"ဟဲ့ ... နင်က ငါပြောနေတာကို ပြုံးစိစိနဲ့"

"ဟင် ... ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုမှာ နင့်ကောင် မြတ်ကိုကို ဘာဖြစ်လာလဲ မသိဘူး"

ကောင်းပြည့်ကြည့်လိုက်တော့ မြတ်ကိုကိုက မောကြီးပန်းကြီး ပြေးလာသည်။

"ကောင်းပြည့် လုပ်ပါဦး"

မျက်စိလျှင် နားပါးသော ရိုးရိုးက အခြေအနေကိုမြင်တာနှင့် သိသည်။ မြတ်ကိုကိုအနောက်မှာ လူသုံးယောက် ပါလာသေးသည်။ တစ်ယောက်က တုတ်ကိုင်ထား၏။ မိုက်တိမိုက်ကန်းပုံစံတွေမို့ ရိုးရိုးလည်း လန့်ဖျပ်ကာ သန္တာကျော်ကို အတင်းဆွဲပြီး လမ်းဘေးသို့ရောက်သွားသည်။

တုတ်ကိုင်ထားသော တစ်ယောက်က ...

"အဲဒီကောင် ငါ့ညီမကို စာလိုက်ပေးလို့"

"မဟုတ်ဘူး ကောင်းပြည့်၊ ငါပေးတာက ကျူရှင်က ဆရာမလေးကို"

"ဟော့ကောင် ... ငါ့မျက်စိနဲ့ သေချာမြင်တာနော်"

"ကောင်းပြည့် ... မဟုတ်ဘူး၊ ငါ စာလိုက်ပေးတဲ့အချိန်မှာ ကောင်မလေးတစ်ယောက်က ဆရာမလေးဘေးက ပါလာတာ"

ကောင်းပြည့်က ဘာမှမပြောသေးဘဲ ရှေ့ထွက်ရပ်သည်။ သူ့ကို ကြည့်ပြီး ရိုးရိုးပင် အသည်းယားသွားရ၏။ ဟိုက သုံးယောက်တောင်။ ပြီးတော့ တုတ်တွေနှင့်။ မတော် ...။

ရိုးရိုး ရင်တွေဘာတွေ တုန်သွားရသည်။ (ဘာ ≠ တင်)

ကောင်းပြည့်ကတော့ တုတ်ကိုင်ထားသောတစ်ယောက်ကို စိုက်ကြည့်ကာ ...

"မင်းညီမကို မင်း အသေအချာ ပြန်မေးလိုက်ဦး၊ ဟုတ်တယ်ဆိုရင် အချိန်မရွေးပြန်လာခဲ့ ... ဒီကောင်မရှိလည်း ငါရှိတယ်"

သုံးယောက်တစ်ယောက်ကို သူကပဲ ပြန်ချရှေ့ ရိုးရိုး မျက်လုံး



www.burmeseclassic.com

www.burmeseclassic.com



မြူးသွားမိသည်။ ကြည့်နေစဉ်မှာပဲ မျက်လုံးပြူးရုံမက ပါးစပ်ပါ အဟောင်းသား ဖြစ်သွားရသည်။

မိုက်တိမိုက်ကန်း သုံးယောက်စလုံး ပေစောင်းစောင်းနှင့် ပြန်လှည့်သွားလေသည်။ ကောင်းပြည့်က ခါးထောက်ကျန်နေခဲ့သည်။ ပြီး မြတ်ကိုကိုဘက် လှည့်၍ . . .

"မင်းက ဆရာမလေးကိုမှ စာသွားပေးတာကိုး"

"အေးကွာ . . . အဲဒါကို သူ့ညီမနဲ့ မှားပြီး"

"ဘာမှ မှားစရာမရှိဘူး . . . ဆရာမလေးကို စာပေးလို့ ဒီကောင်တွေ လိုက်လုပ်တာ"

"ဟင် . . . ဒါဆို"

"လွယ်လွယ်နဲ့ ဒီကောင်တွေ မလုပ်ရဲတော့ပါဘူး၊ မင်းကလည်း နယ်ကျော်တာကိုး"

ရိုးရိုး အံ့အားသင့်နေစဉ်မှာပဲ ဖြတ်သွားဖြတ်လာ ဆိုက်ကားတစ်စီးက . . .

"ကောင်းပြည့် . . . မင်းလူ ကိုရေအေးကြီးတော့ မူးပြီး ဆိုက်ကားရော လူရော မြောင်းထဲပြုတ်ကျလို့"

"ဒီမနက်ကပဲ သူ့ဆိုက်ကားကို ခွေအသစ်လဲပေးခဲ့သေးတယ်လေ"

"အေး . . . အဲဒီ ခွေအသစ်ကြီးနဲ့ကို မြောင်းထဲထိုးကျတာ"

"ဒီလူနဲ့တော့ ခက်တာပဲ၊ ပြောမရ ဆိုမရနဲ့ လိုက်ကြည့်ဦးမယ်ဗျာ"

ပြောပြောဆိုဆို ဆိုက်ကားပေါ်သို့ နှစ်ယောက်သား တက်လိုက်သွားကြတော့လည်း၊ သူမတို့ကို လက်တော့လှမ်းပြသွား၏။ ရိုးရိုး သက်မ,ချမိရင်း . . .

"သန္တာကျော် . . . သူက ဘာတုန်း"

"နင်မြင်တဲ့အတိုင်းပဲလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ မျက်စိလည်သွားပြီ"

"ဒီကောင်က လူချစ်လူခင်ပေါသလို နည်းနည်းမိုက်တဲ့ကောင်တွေ ကလည်း သူ့ကို လန့်တယ်"

"ဘာလို့"

"ကောင်းပြည့်က ကရာတေးခါးပတ်နက်လေ၊ အလုကာစားတာ မဟုတ်ဘူးနော် ... တကယ့်တိုက်ခိုက်ရေးသမားစစ်စစ်"

ရှိုးရှိုး မတ်တတ်မေ့သွားသည်။ ဒါကြောင့်ကိုး ...။

❀

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

သင်တန်းက နည်းနည်းနောက်ကျသည်။ သင်တန်းကတော့ သူ့အာသူ နောက်ကျခြင်းမဟုတ်။ သင်တန်းကအပြန်မှာ တစ်နေရာသို့ ဝင်လိုက်ရသဖြင့် နောက်ကျသွားခြင်း ဖြစ်သည်။

သူငယ်ချင်းမတစ်ယောက်က အအေးဆိုင်တစ်ဆိုင်သို့ အတင်းခေါ်သည်။ မလိုက်လို့ကလည်း မကောင်း။ ထိုသူငယ်ချင်းမနှင့် ရှိုးရှိုးက ညီအစ်မတွေလို ခင်မင်ကြသည့်အပြင် ရှိုးရှိုးနားမလည်သော သင်ခန်းစာတွေကိုလည်း စိတ်ရှည်လက်ရှည် ရှင်းပြတတ်သည်။ (ထိုသူငယ်ချင်းမအကြောင်းကို သန္တာကျော်၊ ခင်ငြိမ်းချမ်းနှင့် ဆုဆုမြတ်တို့ကိုပင် တစ်ခါပြောဖူးသေးသည်။)

ထိုသူငယ်ချင်းမမှာလည်း သူ့ကိစ္စကို တိုင်ပင်စရာ တခြားမရှိတော့ပြီလား မသိ။ အအေးဆိုင်ထဲမှာပင် ရှိုးရှိုးကိုဖက်ကာ ငိုယိုတိုင်တည်ပါတော့သည်။ သူနှင့် သူ့ရည်းစား အဆင်မပြေသည့်အကြောင်းကို တဖွဲ့တနွဲ့နှင့် ဝမ်းနည်းပက်လက်ပြောခြင်းဖြစ်သည်။ ပြော၍အားမရသည့်အဆုံး သူနှင့်သူ့ရည်းစား ရိုက်ထားသော ဓာတ်ပုံတွေ ဆုတ်ဖြဲပြီး ကြူကြူပါအောင် ငိုတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ရှိုးရှိုးမှာလည်း ဘာမှမလုပ်တတ်။ အကြိုပေးရအောင်ကလည်း သမီးရည်းစားကိစ္စတွေဆိုတာ အပေါ်ယံပင် ပတ်သက်ခဲ့ဖူးသည် မဟုတ်ချေ ဒီတော့ ကိုယ်တတ်သလိုလေးပဲ ဖျောင်းဖျချော့မော့ရသည်။ အတော်ကြာ မတ်ပုံတွေကို တယုတယကောက်သိမ်းပြီး နှပ်တရှုပ်ရှုပ်နှင့် ပြန်သွားတော့၏

စိတ်မောလူမောနှင့် ပြန်လာတော့ ကားကျပ်ကျပ်နှင့်တိုးသည် ဒီအတွက်တော့ စိတ်သိပ်မညစ်မိ။ အခွင့်အရေးသမားတချို့အတွက် တွယ် ချိတ်ငါးချောင်းလောက်ကတော့ ရှိုးရှိုး အမြဲဆောင်ထားတတ်သည်။

ကားပေါ်ကဆင်းပြီး လျှောက်လာတော့ ခေါင်းထဲ မိုက်ခနဲ တစ်ချက် ဖြစ်သွားသည်။ ညက စာကြည့်ပြီးမှ ကိုးရီးယားကားနှစ်ကားကို ဆက်တိုက် ထိုင်ကြည့်မိလိုက်သည်။ မေမေတောင် တစ်ရေးနိုးထလာပြီး . . . "ကိုးရီးယား မသွားရဘဲ မာလကီးယား အရင်သွားနေရဦးမယ်" ဟု ဆူပူသွားသေးသည်

အခုတော့ ကားမှတ်တိုင်နှင့်မလှမ်းမကမ်းမှာ ရှိုးရှိုး ငုတ်တုတ် လေး ထိုင်နေရပြီ။ ချွေးစေးတွေလည်း ထွက်လာ၏။

ထိုအချိန်မှာပဲ ကားတစ်စီးက ရှိုးရှိုးရှေ့မှ ဖြတ်သွားပြီး မလှမ်းမကမ်း မှာ ရပ်လိုက်၏။ မြင်ရုံနှင့် ဘယ်ကားဆိုတာ သိလိုက်သည်။ ကားမှန်တံခါး ကျလာပြီး မျက်နှာတစ်ခုကို မြင်ရသည်။ ထုံးစံအတိုင်း နေကာမျက်မှန်နှင့်

ကားတံခါးပွင့်သွားပြီး ခြေထောက်တစ်ဖက် အရင်ထွက်လာသည် ရှိုးရှိုးခေါင်းထဲမှာတော့ တရိပ်ရိပ်နှင့် ခံစားနေရ၏။ ကားတံခါး ဂျိမ်းခနဲ ပိတ်သံနှင့်အတူ ဘဲ(လ်)သံတစ်သံကိုပါ ကြားလိုက်သည်။

"ညီမလေး ဆိုက်ကားသွားမလား . . . လာလေ"

ရှိုးရှိုး ဘာမှမစဉ်းစားတော့ဘဲ ဆိုက်ကားပေါ် အမြန်တက်လိုက် သည်။ သူမ တက်တက်ချင်းပဲ ဆိုက်ကားက ငြိမ့်ခနဲ ထွက်သွား၏။ ဆိုက် ကားကူရှင်ကို မှီရင်း အိတ်ထဲမှ ပရုတ်ဆီဘူးကို မွှေနှောက်စမ်းလိုက်သည်

ဆိုက်ကားဆရာကလည်း ဘာမှမမေး၊ ရှိုးရှိုးကလည်း ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



မပြောနှင့် ခေါင်းအနည်းငယ် ကြည်လင်လာချိန်မှာတော့ . . .

"ဟင် . . . ဒါ ဘယ်နေရာရောက်နေတာလဲ"

"ရှီးရှီးတို့လမ်းပဲလေ၊ လေကောင်းလေသန့်ရအောင် ဟိုဘက်က ပတ်နင်းလာတာ"

"အဲ . . . ရှင်"

"ဟုတ်ကဲ့ . . . ကျွန်တော် ကောင်းပြည့်ပါ"

အိပ်ရာမှ လန့်နိုးလာသူလို ရှီးရှီး ဘာရယ်မဟုတ် လန့်သွားပြီး . .

"ကောင်းပြည့် . . . ရှင် ဒါဘာလုပ်တာလဲ"

"ရှီးရှီးအိမ်ကို ဆိုက်ကားနဲ့ လိုက်ပို့နေတာလေ"

ရှီးရှီး ဘာပြောရမည်မသိ ဖြစ်သွားသည်။ ဟုတ်လည်းဟုတ်နေသည်ပဲ။ ရှီးရှီးတို့လမ်းထိပ်ကိုပင် ရောက်နေပြီ။ ကားမှတ်တိုင်နားမှာ ကောင်းပြည့် လှမ်းတွေ့လိုက်လို့သာပေါ့။ နို့မို့ရင် ဟိုလူက ဘာမှန်းမသိ။

စိတ်အေးသွားသလို သက်ပြင်းလေး အသာချလိုက်ပြီးခါမှ . . .

"ဟင် . . . ဒီဆိုက်ကားက"

"ကိုရေအေးဆိုက်ကားလေ၊ သူ မထနိုင်လို့ ယူနင်းပေးနေတာ"

"ဒါ . . ဒါဆို ဒီ . . ဒီဆိုက်ကားက ဘ . . ဘရိတ်မပါ . . ."

ရှီးရှီး လန့်သွားသည်။ ကုန်းဆင်းဖြစ်နေ၍ ဆိုက်ကားကလည်း အရှိန်ပြင်းပြင်း။ ကောင်းပြည့်က တစ်ချက်ရယ်ပြီး . . .

"ဒီကုန်းဆင်းလောက်ကတော့ ခြေထောက်နဲ့ အသာထိန်းသွားလို့ ရပါတယ် . . . ကြည့်ပါလား"

"အား . . . ကြောက်တယ် ကြောက်တယ်"

ဆွဲမိဆွဲရာ လှမ်းဆွဲလိုက်တော့ ဆိုက်ကားက လမ်းဘေးမှာသာ ကျော်ရောင်းရန် ပြင်ဆင်နေသော ကုလားအဘိုးကြီးတစ်ယောက်ကို ဦးတည် သွားသည်။ ရှီးရှီး မျက်လုံးမပိတ်မိဘဲ အသံလည်းမထွက် ဖြစ်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



အရှိန်ပြင်းပြင်းနှင့် ဆိုက်ကားက ...

"အားရေး ... အဘား အဘား"

"သူ့အမေကလွှားတဲ့မှ"

ဗယာကြော်ကုလားကြီးရှေ့မှ ချိုးကွေ့သွားပြီး လမ်းပေါ်မှာ ဗာန် ပါပါလျှောက်လာသော ဦးလေးကြီးတစ်ယောက်လည်း ဖိုင်တွဲတခြား လူ တခြားဖြစ်ကာ ကျန်ခဲ့သည်။

"ဦးလေးရေ ... ကန်တော့ဗျို့ ကန်တော့"

ထိုဦးလေးကြီးကတော့ သူကိုယ်တိုင် ကန်တော့လိုက်ရသလို ကုန်း ကုန်းကွကွကြီး ဖြစ်ကျန်ခဲ့သည်။

"ထိန်းဆင်းနေတာကို ရိုးရိုးက အတင်းဆွဲတာကိုး"

"ရပ် ရပ် ... အခုရပ်"

"ရပ်နေတယ်လေ ... အေးအေးထား"

"အီး"

တိုက်ခိုက်ရေးသမားကြီးကောင်းပြည့်က ဆိုက်ကားပေါ်မှ ခုန်ဆင်း လိုက်သဖြင့် ရိုးရိုး ခေါင်းနားပန်းကြီးသွားသည်။ သို့သော်လည်း ...

"တွေ့လား ... တစ်ချက်ဆိုတစ်ချက်ပဲ"

ဆိုက်ကားက ရိုးရိုးတို့အိမ်ရှေ့မှာ အမှန်တကယ်ပင် ရပ်နေ၏။ ရိုးရိုး ဆိုက်ကားပေါ်မှ ဘယ်လိုဆင်းလာခဲ့သည်မသိ။ အိမ်ထဲကိုပဲ အပြေးဝင် လာခဲ့သည်။ ခါတိုင်းလို "မေမေရေ သမီးရောက်ပါပြီ" ဟုပင် ကိုရိုးယား ဇာတ်လမ်းတွေထဲကလို လှမ်းမအော်နိုင်။ ရေချိုးခန်းဆီသို့သာ ကပျာကယာ သွားပြီး ...

"တောက်"

မဟာအရှက်တော်ကို လုံလုံခြုံခြုံ ကွဲရသေးသည်။

❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

သူတို့တွေ တဝါးဝါးတဟားဟား ဖြစ်ကြသည်။ သူတို့တွေဆိုတာက မြတ်ကိုကို၊ ထင်ပေါ်ဦး၊ ဆုဆုမြတ်နှင့် ခင်ငြိမ်းချမ်းတို့ ဖြစ်ကြသည်။ မြတ်ကိုကိုနှင့် ဆုဆုမြတ်တို့က ဟန်ပန်မဆောင်ဘဲ လွတ်လွတ်လပ်လပ် ရယ်ကြသည်။ ထိုသို့ဆိုသဖြင့် ထင်ပေါ်ဦးနှင့် ခင်ငြိမ်းချမ်းတို့ကတော့ ဟန်ဆောင်ပန်ဆောင် လိုက်ရယ်နေသလို ဖြစ်နေသည်။

ဒါက အကြောင်းရှိသည်။ ထင်ပေါ်ဦးက ခင်ငြိမ်းချမ်းကို အမှန့်ညက်ညက်ကြေလောက်အောင် ကျိတ်ပြီးကြွေနေသည်။ နှုတ်အားဖြင့်တော့ ဖွင့်မပြော။ ခင်ငြိမ်းချမ်းကလည်း ထင်ပေါ်ဦးဘက်ကို ယိုင်သည်။ မိန်းကလေးဟူသော စိတ်ဒေါက်ကလေးဖြင့် ကျားကန်ထား၍သာ ဝုန်းခနဲ လဲမသွားခြင်း ဖြစ်သည်။

ဒါတောင် သူတို့နှစ်ယောက်က ခုထိ ချစ်သူရည်းစား မဖြစ်ကြသေး



www.burmeseclassic.com

www.burmeseclassic.com



ချေ။ နှစ်ယောက်တွေ့လျှင် စကားမပြောရဲသလို မကြည့်ရဲသလို ဖြစ်နေကြသည်။ ထိုအကြောင်းကြောင့် အချင်းချင်းတွေကြားမှာပင် ဟန်ဆောင်ပန်ဆောင်လုပ်နေသလို ဖြစ်နေသည်။

မြတ်ကိုကိုက အကြမ်းတစ်အိုး လှမ်းတောင်းရင်း ...

"ဆက်စမ်းပါဦး ... ရိုးရိုး အဲလိုဝင်ပြေးသွားတော့ မင်း ဘယ်လို ဖြစ်သွားလဲ"

ကောင်းပြည့် တစ်ချက်ရယ်လိုက်ပြီး ...

"ပထမတော့ ငါကြောင်သွားတာပေါ့ ... နောက်မှ သူ အရမ်းလန့်သွားလို့ ဖြစ်မယ်ဆိုပြီး တွေးမိတာ"

"အဲဒါနဲ့"

"ဆိုက်ကားပေါ်မှာ သူ့အိတ်ကျန်ခဲ့တယ်လေ၊ ဝင်ပေးရတော့တာပေါ့"

"ဪ"

"အဲလိုဝင်ပေးတော့ ရိုးရိုးနဲ့တွေ့ရော ဆိုပါတော့"

"မတွေ့ဘူး ... သူ့အမေနဲ့ပဲ တွေ့တယ်"

"ဟင် ... အဲဒါနဲ့ ဘာဆက်ဖြစ်ရောလဲ"

"ဘာမှ မဖြစ်သေးဘူး၊ သူ့အမေကလည်း ငါ့ကို မမြင်ဘူး၊ ကုန်းကုန်းကွကွနဲ့ ပွစိပွစိ လုပ်နေတယ်"

"ဘာတွေ အဲ ... ဘာပွစိ ပွစိလဲ"

"ပစ္စည်းဟောင်းတွေထည့်ထားတဲ့ ပီနန်အိတ်ကြီးနဲ့ တူပါတယ်ကွာ၊ ကြိုးနဲ့အသေချည်ပြီးမှ သူ 'မ' မရဖြစ်နေလို့ တစ်ယောက်တည်း စကားပြောနေတာ"

"ဪ ဪ ... အဲဒါနဲ့ မင်းက ကူသယ်ပေးလိုက်တာပေါ့"

"ဟင့်အင်း ... သူ့ကို အရင်ခေါ်ရတာပေါ့၊ ငါက အိမ်ဝမှာ"



www.burmeseclassic.com

www.burmeseclassic.com



"ခေါ်လိုက်တော့"

"ငါ့ကို ဖဝေဖဝါနဲ့ ကြည့်နေတယ်၊ ပြီးတော့မှ မှတ်မိသွားတယ်"

"ဟမ်"

"နင်နဲ့ ရိုးရိုးအမေက သိလို့လား ကောင်းပြည့်ရဲ့"

"အေး . . . သိတယ်၊ စကားလည်း ကောင်းကောင်းပြောဖူးတယ်"

"ဘယ်တုန်းက ဘယ်လိုသိသွားရပြန်တာလဲ"

"ကိုးရိုးယားကားလို လုပ်လာပြီထင်တယ်"

"မလုပ်ပါဘူး . . . ဒီကောင်နှစ်ကောင်တောင် သိတယ်"

"ငါတို့က ဘယ်တုန်းက သိလို့လဲ"

မြတ်ကိုကိုနှင့် ထင်ပေါ်ဦးက ချက်ချင်းပင် ဝင်မေးကြသည်။

"သန္တာကျော်တို့အိမ်မှာ ကြက်သားပလာတာကျွေးတဲ့နေ့ကလေ၊ နင်တို့မိန်းကလေးနှစ်ယောက် ရုံးမအားလို့ မလာနိုင်ကြဘူး မဟုတ်လား၊ ငါနဲ့ဒီနှစ်ကောင်ပဲ သွားရတာလေ"

"အေးလေ . . . အဲဒါ ဘာဖြစ်လဲ"

"ထင်ပေါ်ဦး မင်းမှတ်မိလား . . . ငါနဲ့ဦးအောင်အေးနဲ့ စကားများနေတုန်း သန္တာကျော်အမေနဲ့တူတူ မိန်းမကြီးတစ်ယောက် ထွက်လာသေးတယ်မဟုတ်လား"

"ဪ . . . အေး"

"မင်းတို့ စားသောက်ပြီးလို့ ခြံထဲဆင်းသွားတဲ့အချိန်မှာ သန္တာကျော်အမေက အဲဒီအဒေါ်ကြီးနဲ့ ငါ့ကိုမိတ်ဆက်ပေးတယ်လေ၊ အဲဒါ ရိုးရိုးရဲ့အမေ"

"ဂလိုကိုး . . . ခုမှပဲ ရှင်းတော့တယ်"

"ဆက်ပါဦး . . . မင်းကို မှတ်မိသွားတော့"

"သူ့သမက်လေး လာတယ်ဆိုပြီး ဝမ်းသာအားရနဲ့တော့ ပြေးပြေးဖက်ဘူးပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



အားလုံး ဝိုင်းရယ်ကြသည်။

"ဒီအတိုင်းပဲ ငါ့ကို ညွှန်ခံစကားပြောပါတယ်"

"မင်းက အိမ်လိုက်လည်သလို ဖြစ်သွားတာပေါ့ . . . ဟုတ်လား"

"ငါ ပြောပြလိုက်တော့ သူလည်း သဘောပေါက်ပါတယ်"

"ချက်ချင်းပေးစားမယ်တဲ့လား"

ဆုဆုမြတ်စကားကြောင့် အားလုံးရယ်ကြရပြန်သည်။

မြတ်ကိုကိုက . . .

"အဲဒီတော့ ဆက်ပါဦး . . . ဘာတွေ ပြောဖြစ်ကြလဲ"

"ဒီလိုနဲ့ ပြောရင်းပြောရင်း သိလာရရော"

"ဘာလဲ . . . သူ့အမေနဲ့ မင်းအမေက ဗီဒီယိုတွေထဲကလို အရမ်းရင်းနှီးတဲ့မိတ်ဆွေတွေ ဖြစ်နေလို့လား"

"သိတောင်မသိကြဘူး။ ဒါပေမဲ့ ရိုးရိုးရဲ့အဖေက ကိုးရီးယားမှာတဲ့"

"အဲဒါတော့ ဟုတ်တယ် . . ငါတို့ ကျောင်းတုန်းကပဲ ပြောဖူးတယ်"

ခင်ငြိမ်းချမ်းက စကားဝင်ထောက်သည်။ ထင်ပေါ်ဦးက . . .

"ဒါဆို သူ ကိုးရီးယားစကားပြောသင်တန်းတက်နေတာ၊ သူ့အဖေဆီ လိုက်သွားမလို့လား မသိဘူး"

"ဖြစ်နိုင်တယ်"

"ငါလည်း အဒေါ်ကြီးစကား နားထောင်ရင်းနဲ့ အဲလိုထင်မိသေးတယ်၊ နောက်တော့မှ သူက ရသေ့စိတ်ဖြေလုပ်နေတာမှန်း သိတော့တယ်"

"ဘာ ရသေ့စိတ်ဖြေတုန်း"

"အစကတော့ သူ့ကို လုမ်းခေါ်မယ်ဆိုပြီး သူ့အဖေက လျှောက်ပြောထားတာနေမှာပေါ့ကွာ၊ တကယ်တမ်းကျတော့ သူ့အမေရယ် သူ့မောင်ကလေးကိုထားပြီး ဘယ်သွားလို့ရမှာလဲ၊ ပြီးတော့ သူ့အဖေကလည်း ပြန်လာတော့မှာတဲ့၊ အဲဒါကြောင့် အဲဒီငပေါမလေးကို ရသေ့စိတ်ဖြေ လွှင်



www.burmeseclassic.com

www.burmeseclassic.com


ထားတာ''

''အံမယ် ... ငါတို့သူငယ်ချင်းကိုများ''

ဆုဆုမြတ်က သူ့ပခုံးကို လှမ်းရိုက်သည်။ ခင်ငြိမ်းချမ်းက ...

''အဲဒီအချိန်ထိ ရိုးရိုးက ပြန်ထွက်မလာသေးဘူးပေါ့''

''အေး ... ငါလည်း ပြောစရာစကားကုန်လို့ ပြန်မယ်လို့ လုပ်တဲ့ အချိန်မှာ အဒေါ်ကြီးက သူ့အထုပ်သူကြည့်ပြီး သက်ပြင်းချပါလေရော''

''ဘာအထုပ်တုန်း''

''ခုနက သူ 'မ' နေတဲ့အထုပ်လေ၊ ကြိုးတွေနဲ့ အထပ်ထပ် ချည်ထားပြီးမှ ဘာလုပ်ရမှန်းမသိ ဖြစ်နေတာ''

''အဲဒါနဲ့ မင်းက ကူညီလိုက်ရောဆိုပါတော့''

''ဟင့်အင်း ... အထုပ်ကြီး 'မ' ပြီးတော့ အဒေါ်ကြီးပြတဲ့ စတိုခန်း ထဲ ချက်ချင်းရောက်သွားတယ်''

ရယ်ကြပြန်သည်။ ရယ်သံဆုံးမှ ...

''ငါလည်း စတိုခန်းထဲက ပြန်ထွက်လည်းထွက်ရော ...''

ကောင်းပြည့်က စကားကိုရပ်လိုက်သဖြင့် ဆန္ဒတငင်ငင် ဖြစ်သွား ကြသည်။

''ပြန်ထွက်လာတော့ ဘာဖြစ်လို့လဲ''

''အဲဒီမှာ ... အဲ .. အဲဒီမှာ''

အပြင်ထွက်ထွက်ချင်းပဲ ကောင်းပြည့် အမှန်ပင်လန့်သွား၏။ ရိုးရိုး က မျက်နှာချင်းဆိုင်အခန်းမှ ထွက်လာခြင်းဖြစ်သည်။ ရေချိုးခန်း၊ အိမ်သာ ထားသည့်အခန်းဖြစ်ပုံရ၏။ သူလည်း ဘာမှမလုပ်ရဘဲ ကောင်းပြည့် ကိုင်မိ လက်မကိုင်မိ ဖြစ်သွားရသည်။ ထိုအချိန်မှာပဲ ရိုးရိုးက သူ့ကို သွားပြီး ...

''အား''


www.burmeseclassic.com

www.burmeseclassic.com



"ပလုတ်တုတ်"

သူ ထပ်လန့်ရပြန်သည်။ ရိုးရိုးက လက်ညှိုးလှမ်းထိုးရင်း ...

"ရှင် ... ရှင် အိမ်ထဲကို ဘာဝင်လုပ်တာလဲ"

"ဟို ... ပစ္စည်း"

စကားမဆုံးခင်မှာ ရိုးရိုးက အပြင်ကိုလှမ်းအော်တော့သည်။

"အမေရေ့"

အဒေါ်ကြီး အူယားဖားယားနှင့် ပြေးချလာသည်။ အနားရောက်တော့ နဝေတိမ်တောင်နှင့် ...

"ဘာဖြစ်ကြလို့လဲ ... မြွေတွေ့လို့လား"

"ဒီမှာလေ မြွေ"

ရိုးရိုးလက်ညှိုးက သူ့ဆီမှာ။ အဒေါ်ကြီးပုံစံက နဝေတိမ်တောင်မှ သည် အိပ်ချင်မူးတူးလက္ခဏာသို့ ပြောင်းသွားသည်။

"မိရိုးရိုး ... နင် ငါ့ကို နောက်စရာလား"

"ရှင်"

"ဒါမှမဟုတ် ညက အိပ်ရေးပျက်ပြီး မြင်မိမြင်ရာ မြင်နေတာလား"

"ဟွန်"

"အဲဒါ နင်နဲ့အတူတူပါလာတဲ့ ကောင်းပြည့်လေ"

"အို ... သမီးခေါ်လာတာ မဟုတ်ပါဘူး"

"နင့်အိတ်ကို သူပဲ ယူလာတာလေ"

"အဲ ... အဲဒါက"

"နေစမ်းပါဦး ... ညည်းက ဘာကြောင့် ရေချိုးခန်းထဲ အတင်း ဝင်ပြေးသွားတာလဲ"

ရိုးရိုးပုံစံက မလုံမလဲ ဖြစ်သွားသည်။ မျက်နှာကလည်း နီနေ (ထိုအချိန်က ရိုးရိုး ဘာကြောင့် ထိုသို့ဖြစ်သွားရသည်ဆိုတာ ကောင်းပြည့်



www.burmeseclassic.com

www.burmeseclassic.com


သိသေးပါ) ရိုးရိုးက မျက်နှာနီနီလေးနှင့်ပင် အဒေါ်ကြီးကိုပြန်မေးသည်။

"သူကရော ဘာကြောင့် ဒီနေရာရောက်နေရတာလဲ"

အဒေါ်ကြီးက မထူးဆန်းသလို ပုံစံနှင့် ...

"ငါပဲ ညွှန်လိုက်တာလေ"

"ဟင်"

ရိုးရိုး လန့်သွားပုံရသည်။ အဒေါ်ကြီးက မထူးဆန်းသလိုပုံစံနှင့်ပဲ ..

"ငါ ပစ္စည်းဟောင်းတွေထည့်ထားတဲ့အထုပ်ကို သူက စတိုခန်းထဲ ထည့်ပေးတာ"

ရိုးရိုးက သူ့အမေအဒေါ်ကြီးကို ရင်ဘတ်ဖိကာကြည့်သည်။ အဒေါ်ကြီးကတော့ ရင်ဘတ်ဖိကာ ပြန်မကြည့်ပါ။ ရိုးရိုးကပဲ မကျေမနပ်လေသံဖြင့်

"အခု ကိစ္စပြီးပြီမဟုတ်လား ... ပြန်ခိုင်းလိုက်တော့"

"အလိုတော်"

"သူက မပြန်ဘဲ ဘာလုပ်နေဦးမှာတုန်း"

"ဟဲ့"

သူ့ကြောင့် သားအမိနှစ်ယောက် စကားများကြတော့မည်မို့ ကောင်းကြည့်မှာလည်း မနေသာပါ။ ကြားဝင်မည်ကြံတုန်း ...

"ညည်းပဲ ခေါ်လာပြီးတော့ ... တစ်ခုခုနဲ့တော့ ဧည့်ခံမှပေါ့၊ ဒီအတိုင်း ပြန်သွားလို့ ဖြစ်မလား"

ငြင်းချိန်ပင် မရလိုက်။ အဒေါ်ကြီးက ထွက်သွားတော့သည်။ ရိုးရိုးက ခါးထောက်ပြီး ...

"ရှင်က ဘာရပ်လုပ်နေတာလဲ"

"အဲ"

"ဧည့်ခန်းမှာ စောင့်လေ ... ဟွန်း"

ဧည့်ခန်းမှာ ဒုတိယမ္ပိ ထိုင်နေရပြန်သည်။ မတတ်နိုင်တော့။


www.burmeseclassic.com

www.burmeseclassic.com



ထင်ပေါ်ဦးက မနေနိုင်တော့၍ တဟီးဟီး ဝင်ရယ်သည်။

"သူ့အမေက ခွတီးခွကျကြီး ဖြစ်မယ်ကွ"

"အေးလေ"

"အဲဒါတွေ ထားပါဦး ... နင် ဆက်ထိုင်နေတော့ ဘာဆက်ဖြ သေးလဲ"

ဆုဆုမြတ်က စကားစအပြတ်မခံနိုင်သည့်ပုံစံနှင့် ဝင်ပြောသည် အားလုံး ငြိမ်သွားကြပြန်၏။

"ငါ ထိုင်စောင့်နေတာ ဆယ်မိနစ်လောက်ရှိတော့မယ် ... သူ ပြန်မထွက်လာသေးဘူးဟ"

"အဲလောက်ကြာအောင် ဘာလုပ်နေလို့လဲ"

"မသိဘူးလေ ... ငါမှတ်ထားမိတာကို ပြောတာ"

အမှန်ပင် ထိုအချိန်လောက် ကြာသည်ထင်သည်။ ကောင်းပြည့် ဆက်တီဆိုဖာ ဟိုဘက်အစွန်းမှ ဒီဘက်အစွန်းသို့ပင် ရောက်နေပြီ။ (သူ တစ်မိနစ်တစ်ကြိမ်လောက် နေရာရွှေ့ထိုင်သွားခြင်း ဖြစ်သည်) သားအမိ ယောက်၏စကားသံတွေကတော့ ညှော်ခန်းသို့ တစ်ချက်တစ်ချက် လွင့်လာ

"အမေကလည်းလေ ... ဘာမှန်းမသိဘူး"

အဒေါ်ကြီးအသံကို မကြားရ။

"အမေက ဘယ်လောက်သိလို့တုန်း"

"..............."

(အဒေါ်ကြီးအသံက မသဲကွဲ)

"ဟင် ... ဘာဆိုင်လဲ"

"..............."

"မဟုတ်ပါဘူးဆို"

ရှိုးရှိုး၏ အသံစွာကျယ်ကျယ်လေးကိုသာ ကြားနေရသည်။



www.burmeseclassic.com

www.burmeseclassic.com


"အဲလောက် ညှော်ဝတ်ကျော့ချင်ရအောင် အမေ့သမက်လား"

ကောင်းပြည့် ပြုံးမိသွားသည်။ ပီတိပြုံး . . .။

ထင်ပေါ်ဦးက တဟားဟား ဝင်ရယ်ပြန်သည်။ မြတ်ကိုကိုက . . .

"အဲဒီတော့ သူ့အမေက ဘာပြန်ပြောလဲ"

"ဘာမှ မကြားရဘူး . . . စကားသံတွေက ဗလုံးဗထွေးနဲ့ ရောသွားတယ်"

"နင် မချင့်မရဲ ဖြစ်သွားတော့တာပေါ့ . . . ဟုတ်လား ကောင်းပြည့်"

အားလုံး ရယ်ကြပြန်သည်။ သူတို့ရယ်နေကြချိန်မှာ ကောင်းပြည့်က ရေနွေးနှစ်ခွက် ဆင့်သောက်ကာ အာခြောက်ဖြေရသည်။ ပြောရတာလည်း အတော်ရှည်နေပြီကိုး။ အာစိုတော့မှ ထပ်ဆက်ရသည်။

"အဲဒါနဲ့ ငါလည်း ဆက်ထိုင်နေတုန်း ခြေသံကြားတာနဲ့ ခပ်တည်တည် ပြန်နေရတာပေါ့"

"ထွက်လာတာက ရိုးရိုးလား, သူ့အမေလား"

"နှစ်ယောက်စလုံး မဟုတ်ဘူး"

"ဒါဆို ဘယ်သူထွက်လာတာလဲ"

"ကောင်လေးတစ်ယောက်ကွ၊ ငါ့ကို သူ့လက်ထဲက သေနတ်ကြီးနဲ့လည်း ချိန်ထားသေးတယ်"

"ခစ် ခစ် . . . အဲဒါ ရိုးရိုးမောင်လေးလေ"

"အေး . . . ငါလည်း နောက်မှ အစ်မပေးလေးမှန်းသိတာ"

"ပြည့်ကတော့"

"အဲလို သူ့သေနတ်ကြီးနဲ့ ငါ့ကိုချိန်ပြီး . . ."

❀


www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၉)

ကောင်းပြည့် အမှန်ပင် ကြောင်တောင်တောင် ဖြစ်သွားရသည်။ သူထိုင်နေသည့် ခုံကို အလယ်ဗဟိုထား၍ ကောင်လေးက ၃၆၀ ဒီဂရီအပြည့် ပတ်လျှောက်နေခြင်းဖြစ်သည်။ တော်လောက်ပြီဟု သူ့ဘာသာသူ ယူဆပြီး ချိန်ရောက်မှ ...

'ဂျောက်'

"... ... ..."

ကောင်းပြည့် လန့်သွားပုံကိုကြည့်ပြီး ကောင်လေးက အောင်မြင်ခန့်ညားစွာ ရယ်လေသည်။ ခြေနှစ်ဖက်ခွဲရပ်ကာ သေနတ်ကို ပန်းပေါ်ထမ်းပြီး ခါးထောက်၍ ရယ်ခြင်းဖြစ်သည်။ အသံက ညှင်းညှင်း ညှင်းဟု ထွက်၏။

ဘယ်ကကောင်လေးပါလိမ့်ဟု ကောင်းပြည့်တွေးနေသည်။ ပုံစံကတော့ ဂျစ်တစ်တစ်လေးဖြစ်၏။ ထိုဂျစ်တစ်တစ်လေးက သူ့သေနတ်ကို



www.burmeseclassic.com

www.burmeseclassic.com



ကျေမနပ်သလိုကြည့်ရင်း ...

“အလကား သေနတ်၊ ဝယ်ထားတာ နှစ်ရက်ပဲ ရှိသေးတယ်၊ ကျည်ဆန်မထွက်တော့ဘူး”

“ပြောရင်း သေနတ်ကို ကြမ်းပြင်ပေါ် ခွပ်ခနဲမြည်အောင် ပစ်ချည်း၊ ပြီးမှ ကိုယ်တော်လေးက ရှေ့တည့်တည့်ရှိ ဆက်တီပေါ်သို့ တက်တ်စိမြန်းကာ သူ့ကို ရှုစားတော်မူလေသည်။ ရှုစားပုံကလည်း ဂျစ်ကန်ဖြစ်၏။ အပိုးကို မကျိုးချေ။

ကောင်းပြည့်က မျက်နှာကို ဆေးသကြားရှုံ့လောက်အောင် ပြုံးပြီး ...

“ညီလေးက ဒီအိမ်ကလား”

“ဒီအိမ်မှာတွေ့တာ ဒီအိမ်ကပေါ့ဗျ”

ဖြေပုံကလည်း အတော် မာရေကျောရေ ရှိလှသည်။ သို့သော်ငြား ...

“ဒီအိမ်ကဆိုတော့ ဟိုအဒေါ်ကြီးနဲ့ ညီလေးနဲ့က ဘာတော်လဲ”

“ဘယ်အဒေါ်ကြီးလဲ”

“ပိန်ပိန်နဲ့ လက်ပြင်ခပ်ကိုင်းကိုင်း အဒေါ်ကြီးလေ”

ကောင်လေးက သူ့ကို မျက်မှောင်ကြုတ်ကာကြည့်ရင်း ...

“ခင်ဗျားကလည်း အဲဒါ ကျွန်တော့်အမေဗျ ... ဒေါ်ရွှေရည်ဝင်း

သူ့အမေကို လက်ပြင်ကိုင်းကိုင်းဟု ပြော၍ မကျေမနပ်ဖြစ်သွားပုံရည်။ အဲ ... နေပါဦး။ အဒေါ်ကြီးက သူ့အမေဆိုတော့ ...။

ကောင်းပြည့် ပိုပိုသာသာလေးပြုံးလိုက်ကာ ...

“ဒါဆို ဟိုတစ်ယောက်နဲ့ ညီလေးကရော ဘာတော်လဲ”

“ဘယ်တစ်ယောက်လဲ”



www.burmeseclassic.com

www.burmeseclassic.com



"ဟိုတစ်ယောက်ကွာ ... အသားဖြူဖြူလေးနဲ့ လှတီးလှတလေး"

"လှတီးလှတဆိုတာ ဘာလဲ"

အရေးထဲ 'လှတီးလှတ' ဆိုသောစကားကို ကိုယ်တော်လေးက နားမလည်ချေ။ ကောင်းပြည့်က သူနားလည်အောင် ရှင်းပြရ၏။

"လှတီးလှတဆိုတာ ဟိုဟာကွာ ... ကြည့်ကောင်းတာကို ပြောတာ၊ ရုပ်ရှင်မင်းသမီးတွေလို ချောချောလှလှလေးပေါ့၊ အဲဒီတစ်ယောက်လေ"

"ယောက်ျားလား မိန်းမလား"

ငါနော် ...။ ရုပ်ရှင်မင်းသမီးတွေလိုဆိုမှတော့ ဘာဖြစ်ရဦးမှာတုံး။

"မိန်းမကွာ မိန်းမ"

ကောင်လေးက မျက်မှောင်ကြုတ်ကာ စဉ်းစားသလိုလုပ်သည်။ ခဏကြာမှ ...

"အဲဒီလိုပုံစံဆိုရင်တော့ ကျွန်တော့်အစ်မပဲရှိတယ် ... ရွှေနှယ်ရီး တဲ့"

လက်စသတ်တော့ ဒင်းက အစ်မပေးလေး ဖြစ်နေသည်ကိုး။

"ဒါနဲ့နေပါဦး ... ညီလေးတို့အိမ်မှာ လူ ဘယ်နှယောက်ရှိလို့လဲ"

"သုံးယောက်"

"ဟင်"

"ကျွန်တော်ရယ်, မမရယ်, မေမေရယ် ... သုံးယောက်လေ"

ဟင် ... ဒါနဲ့များ စဉ်းစားနေရသေးသည်။ အစ်မပေးလေးကတော့ ...။

ထင်ပေါ်ဦးက တဟားဟား ဝင်ရယ်ပြန်သည်။ ကောင်းပြည့်က ခပ်ပြုံးပြုံး လုပ်ပေးရ၏။ ဆုဆုမြတ်က ...

"ရိုးရိုးမောင်လေးက အဲလိုပဲကောင်းပြည့်ရဲ့၊ ဘာလေးမှန်းမသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... အဲလို ဘာလေးမှန်းမသိတာကို ငါက သေနတ်ပြင်ပေး
ကိုက်တာ ကောင်းသွားရော"

"ပြော် ပြော် ... ချက်ချင်းကို ပြောင်းလဲသွားတာပဲနော်"

ဆုဆုမြတ်စကားကို သူက မသိချင်ယောင်ဆောင်၍ ...

"သေနတ်ကောင်းသွားတော့ ငါက အစမ်းပစ်ပြရတာပေါ့"

"အင်း ... မင်းက ဘယ်လိုပစ်ပြလို့လဲ"

"အရုပ်လေးတွေထောင်ပြီး တစ်ကောင်ချင်း ထိအောင် ပစ်ပြတာ
ပေါ့"

"အင်း ... ပစ်ပြတော့"

"သူ့ အရမ်းသဘောကျသွားတယ်၊ ငါက တစ်ကောင်ပြီးတစ်
ကောင် ပစ်၊ သူက အရုပ်လေးတွေလိုက်ထောင်နဲ့ ဖြစ်နေတာပေါ့"

"စည်းရုံးရေးဆင်းတာပေါ့ ... ဟုတ်လား"

"အဲလိုပစ်ပြနေတုန်းပဲ ရိုးရိုးက သံပုရာရည်ခွက်ကြီးကိုင်ပြီး အိမ်
ထဲက ပြန်ထွက်လာတယ်"

"ဟီ ဟိ ... နင့်ကိုတွေ့တော့ ဘာပြောလဲ"

"ဘာမှမပြောဘူး၊ ငါက သေနတ်ကြီးကိုင်ပြီး ကြောင်သွားတာ
ပေါ့"

အမှန်ပင် ထိုသို့ဖြစ်သွားရပါသည်။ သူက ကြမ်းပြင်ပေါ်ဆင်းပြီး
ဒူးထောက်အနေအထားဖြင့် အရုပ်တစ်ရုပ်ကို ကျကျနန ချိန်ရွယ်နေချိန်
ဖြစ်သည်။ ရိုးရိုးက သံပုရာရည်ခွက်ကြီးကိုင်ပြီး ထွက်လာသဖြင့် ဘာ
လုပ်ရမှန်းမသိ ဖြစ်သွားရသည်။

"ဒီ"

သူမပုံစံက ရယ်ချင်ပက်ကျိဖြစ်သွားပုံရသော်လည်း မျက်နှာ
ကတော့ တည်တည်တင်းတင်းလုပ်ထားသည်။ သံပုရာရည်ခွက်ကို စားပွဲပေါ်



www.burmeseclassic.com

www.burmeseclassic.com



ချလိုက်သော်လည်း 'ရှော့ သောက်' ဟု လုံးဝမပြော။

"အစ်ကိုကြီး ပစ်လေဗျာ၊ ဒီမှာ ဆယ်ကောင်တောင် ထောင်ပြီး သွားပြီ"

အစ်မပေးလေး၏အသံ ဖြစ်သည်။ ကြည့်လိုက်တော့ သင်းကလေးက အားမလိုအားမရ ဖြစ်နေ၏။ မတတ်နိုင်။ အစ်မပေးလေး စိတ်ချမ်းသာအောင် ပစ်ပေးလိုက်ရသည်။

"မိုက်တယ်ကွာ ... တစ်ချက်ဆို တစ်ချက်ပဲ"

သူပစ်လိုက်ရသလို ဝမ်းမြောက်ဝမ်းသာ ကျူးရင့်လိုက်သေးသည်။ သူ့အစ်မကတော့ သူ့လို လိုက်မကျူးရင့်ချေ။ ခါးပေါ်လက်နှစ်ဖက် ထောက်ပြီး ...

"မင်းမင်း ... နင့်ကို ငါ ဘာပြောထားလဲ"

အစ်မပေးလေးနာမည်က မင်းမင်းကိုး။ မင်းမင်းက သူ့အစ်မစကားကို မကြားသလို အရုပ်တွေကို လိုက်ထောင်နေ၏။

"ဟဲ့ ... ငါပြောတာကြားလား"

"ဟင်"

"နင့်ကို ငါ ဘာပြောထားလဲလို့"

"အစ်မက ဘာပြောထားလို့လဲ"

"မင်းမင်း"

"ဗျာ"

"နင့်ကို ငါ ထူးခိုင်းနေတာ မဟုတ်ဘူး"

"အစ်မပဲ ခေါ်နေပြီးတော့"

သားအမိနှစ်ယောက် အလှည့်ပြီး၍ မောင်နှမနှစ်ယောက် အလှည့် ဖြစ်သွားသည်။ (အချစ်ရေ ကိုယ့်ကြောင့် ...)

မတတ်နိုင် ...။ မောင်နှမနှစ်ယောက် ရန်ဖြစ်တာကို ထိုင်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



နေရသည်။

"နေရာတကာ နင်ကစားတဲ့ နေရာချည်းပဲ၊ အိမ်ရှေ့ အိမ်ရှေ့မို့လို့ အိမ်နောက် အိမ်နောက်မို့လို့"

"အစ်မကလည်း"

"အစ်မက မလည်းနဲ့လေ၊ အဲဒီသေနတ်ကြီးကရော ဘာလို့ပြန် ကောင်းသွားတာတုန်း"

"ဟိုအစ်ကိုကြီး ပြင်ပေးတာလေ ... တစ်ချက်ဆိုတစ်ချက်ပဲ"

ကောင်းပြည့် လက်ထောင်ပြရမလို ဖြစ်သွား၏။ ရိုးရိုးကတော့ ခါးထောက်ထားသည်ကို မလျှော့။ (ဒီထက်လျှော့ရလျှင်လည်း ထောက်စရာ တစ်ခုပဲ ရှိတော့မည်လေ။ မှတ်ချက်။ ။ ဒူးထောက်)

"အဲဒီသေနတ်ပျက်သွားလို့ ဆုတောင်းပြည့်ပြီ ထင်နေတာ၊ လက် စသတ်တော့ နင်က ကယ်တင်ရှင်နဲ့ တွေ့နေတာကိုး"

"အစ်မကို ပြင်ခိုင်းတော့လည်း မပြင်တတ်ဘဲနဲ့"

"တော်စမ်း"

ထိုအချိန်မှာပဲ အဒေါ်ကြီးက အိမ်ရှေ့ထွက်လာသဖြင့် ကောင်းပြည့် ပြုံးပြရသေးသည်။ နောက်တစ်ခါ ရန်ဖြစ်လျှင် အဒေါ်ကြီးနှင့် မင်းမင်းဆိုတာ ကျိန်းသေသည်။ ကောင်းပြည့်မှာ နေရင်းထိုင်ရင်း မနေတတ်ဖြစ်လာရ သည်။ အဒေါ်ကြီးနှင့် မင်းမင်းပြီးလျှင် ... အပဟီး။

"ဒီမှာကြည့်စမ်း ... ကော်ကျည်ဆန်တွေကို ပွနေတာပဲ၊ အဲဒါ နင့်ဟာနင်ပြန်သိမ်း"

"ကစားပြီးရင် သိမ်းမှာပေါ့"

"အေး ... လောလောဆယ် အနောက်ခန်းမှာ နင်ဖွခဲ့တာတွေကို လိုက်သိမ်းဦး"

"အား ... နာတယ် အစ်မရဲ့"



www.burmeseclassic.com

www.burmeseclassic.com



ရိုးရိုးက မင်းမင်းကို နားရွက်ဆွဲလိမ်ကာ ခေါ်သွားခြင်းဖြစ်သည်။ မင်းမင်း တွန့်လိမ်ညည်းညူပြီး ပါသွား၏။ အတွင်းခန်းထဲ ဝင်သွားသည်အထိ အသံတွေကိုကြားနေရသည်။

"ကစားပြီးရင် သိမ်းမှာပါဆို"

"မလိုချင်ဘူး . . . အခု သိမ်း"

"ဟိုအစ်ကိုကြီး ပြန်သွားရင် ဘယ်လိုလုပ်မလဲ အစ်မရဲ့"

"နင့်ယောက်ဖမို့လို့ နင်က အဲလိုပြောနေတာလား"

"ယောက်ဖဆိုတာ ဘာလဲ"

". . . . . . . . . . . ."

စကားသံတွေ ပျောက်သွား၏။ အရှေ့မှာ အဒေါ်ကြီးနှင့် ကောင်းပြည့်သာ ကျန်တော့သည်။ ကောင်းပြည့်မှာ အဒေါ်ကြီးကို ထပ်ပြုံးပြရသည်။

"ဟဲ ဟဲ"

"ဟီး ဟီး"

ထင်ပေါ်ဦးနှင့် မြတ်ကိုကိုတို့ ရယ်ကြသည်။ ခင်ငြိမ်းချမ်းနှင့် ဆုဆုမြတ်တို့က ပြုံးကြ၏။ မြတ်ကိုကိုက . . .

"ဘာပဲပြောပြော ဝင်ခွင့်ထွက်ခွင့်တော့ ရသွားပြီပေါ့ . . . ဟုတ်လား"

"အေး . . . ဘာကြောင့်မှန်းမသိဘူး။ အဒေါ်ကြီးက ငါ့ကို ခင်သွားတယ်"

"ဟိုကောင်လေးကရော"

"ငါ့ညီလေးလိုပဲ"

"လုပ်ဟာ"

ထိုအချိန်မှာပဲ သန္တာကျော်က ရောက်ချလာသည်။

"မတွေ့ပြန်ရင်လည်း သုံးလေးရက်လောက် မတွေ့ဘူး။ တွေ့ပြန်



www.burmeseclassic.com

www.burmeseclassic.com



တော့လည်း လူစုံတက်စုံပါလား''

သန္တာကျော်ပြောလည်း ပြောချင်စရာ။ ကောင်းပြည့်က မြို့နယ်ကရာတေးပြိုင်ပွဲအတွက် နေ့ရောညပါ သုံးလေးရက်လောက် သွားနေရသည်။ မြတ်ကိုကိုနှင့် ထင်ပေါ်ဦးတို့ကလည်း သူကစားတာ ကြည့်ချင်၍ လိုက်ကြ၏။ ဒီတော့ သုံးလေးရက်လောက် မတွေ့ဖြစ်ကြ။ ဆုဆုမြတ်နှင့် ခင်ငြိမ်းချမ်းကတော့ ထားလိုက်ပါတော့။ သူတို့က ရုံးဝန်ထမ်းတွေ။

သန္တာကျော်က ...

''ပြည့် ... နင် တော်တော် လေ့ကျင့်နေတယ်ဆို ... ဟုတ်လား''

''နင့်ကို ဘယ်သူပြောလဲ''

''နင့်တို့အိမ်ကို ဖုန်းဆက်တော့ နင့်အစ်မကပြောတာပေါ့''

''နင်က ထူးထူးဆန်းဆန်း ဖုန်းတွေဘာတွေ ဆက်လို့''

''ဆက်တာတော့ နင့်ဆီပဲ ဆက်တာပဲ၊ နင်က မရှိဘူး ... အားကစားရုံ သွားတယ်တဲ့''

''ဘာအရေးကြီးလို့လဲ ... အိမ်ကလည်း ငါ့ကို ဘာမှပြန်မပြောဘူး''

''နင်မရှိလို့ ငါ ဘာမှမပြောခဲ့တာ''

''အရေးကြီးကိစ္စရှိလို့လား''

''အခုတော့ အရေးမကြီးတော့ပါဘူး ... ကိစ္စက ပြီးပဲပြီးပြီ''

''ဒါဆို အခုအရေးမကြီးတာကို မပြောနဲ့၊ အရင်က အရေးကြီးတာကိုပြော''

''ငါ့ညီမ မျိုးမျိုး ကားတိုက်ခံရလို့''

''ဟေ''

အားလုံး အလန့်တကြား ဖြစ်သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး ... တကယ်တိုက်ခံရတာ မဟုတ်ဘူးဟ"

"နင့်ဟာက ဘာလဲ"

"ဒီလိုဟာ ... ရှေ့တည့်တည့်က တိုက်မိတာ မဟုတ်ဘူး၊ ကားဘော်ဒီဘေးနဲ့ ပွတ်ဆွဲလိုက်သလို ဖြစ်သွားတာ"

"ကားပွတ်တာပေါ့ ... ဟုတ်လား"

"ခြေထောက်တစ်ဖက်တော့ နာသွားတာပေါ့၊ သူနဲ့ရိုးရိုး ဈေးထဲမှာ အထည်တွေကြည့်ပြီး ပြန်လာကြတာလေ၊ ငါ့မှာ ကြားကြားချင်း လမ်းလျှောက်မလျှောက်နိုင်လို့ နင့်ဆီ ဖုန်းလှမ်းဆက်တာ၊ နောက်မှ ဘာမှမဖြစ်မှန်းသိလို့ သက်ပြင်းကို ချသွားတာပဲ"

"ကားကရော ထွက်ပြေးသွားတာလား"

"မပြေးပါဘူး၊ ကားပိုင်ရှင်ကလည်း ငါတို့ကျေနပ်အောင် တောင်းပန်တယ်လေ၊ ပြီးတော့ ငါ့အမေကလည်း ရှည်ရှည်ဝေးဝေး သိပ်မဖြစ်စေချင်တာနဲ့"

"နေပါဦး ... ကားက ဘယ်သူ့ကားလဲ"

ကောင်းပြည့် ဖြတ်မေးလိုက်သည်။ သန္တာကျော်က ...

"နင့်ကို ငါ တစ်ခါပြောတာ မှတ်မိလား"

"ဘာလဲ"

"ရိုးရိုးတို့လမ်းက ထွက်ရင် အမြဲရှိနေတယ်ဆိုတဲ့ကားလေ၊ အဲဒီကားနဲ့ ဖြစ်တာ"

"ဘာ"

ကောင်းပြည့်နားထဲ ဗုံးဆန်အကြီးကြီးတစ်ခု ကျလာလေသည်။ ဗုံးသံက ကျော်စိုးညွန့် ကျော်စိုးညွန့် ... ဟုမြည်၏။

❋



www.burmeseclassic.com

www.burmeseclassic.com

## အပိုင်း (၂)

လူမှာ လုပ်ဆောင်ချက် နှစ်မျိုးပဲရှိတယ်

လိုချင်တာကို ရအောင်လုပ်တာရယ်

မလိုချင်တာကို မရအောင် လုပ်တာရယ်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

ကျော်စိုးညွန့် နည်းနည်းတော့ ရယ်ချင်နေမိသည်။ သို့သော်လည်း သူ့ဘေးမှာ ရွှေနှယ်ရိုးလေး ပါလာသဖြင့် ရယ်ချင်စိတ်ကို ထိန်းလိုက်ရသည်။

ရွှေနှယ်ရိုးကတော့ ကားရှေ့တည့်တည့်ကိုသာ ငေး၍လိုက်လာသည်။ အနီးကပ်ကြည့်လေ ပိုပြီးချစ်စရာကောင်းလေဆိုတာ ကျော်စိုးညွန့် သတိထားမိ၏။ နားသယ်စပ်မှ မွှေးညင်းနုနုလေးများက သူ့စိတ်ကို တစ်မျိုး ဖြားယောင်းနေသည်။ ထို့အပြင် ရွှေနှယ်ရိုး၏ မျက်လုံး၊ နှုတ်ခမ်း၊ လည်တိုင် အို ... ခန္ဓာကိုယ်တစ်ခုလုံး၏ မည်သည့်အစိတ်အပိုင်းပဲဖြစ်ဖြစ် အပြစ်ပြော စရာတစ်ကွက်မှ မရှိ။

သူ့ကိုယ်သူ ဘာဆက်လုပ်ရတော့မည်ဆိုတာ ကျော်စိုးညွန့် ကောင်း ကောင်းသဘောပေါက်လိုက်သည်။ လောလောဆယ်တော့ ခေါင်းကာမျက် မှန်အောက်မှ သူ့မျက်လုံးတွေ အလုပ်များနေရသည်။ ရွှေနှယ်ရိုးတစ်ကိုယ်လုံး



www.burmeseclassic.com

www.burmeseclassic.com


ကို အထက်အောက် စုန်ချည်ဆန်ချည်။

"ရှင်က နေကာမျက်မှန် အမြဲတပ်တယ်နဲ့တူတယ်"

ရွှေနှယ်ရိုးစကားကြောင့် ကျော်စိုးညွန့် မလုံမလဲဖြစ်သွားရသည်။

"ဪ . . . ဟုတ်တယ် . . . အကျင့်လိုဖြစ်နေပြီလေ၊ အပြင်ထွက်တိုင်း အမြဲတပ်နေကျဆိုတော့၊ ရွှေနှယ်ရိုးက ဘာလို့မေးတာလဲ"

"ဘာမှတော့ မဟုတ်ပါဘူး၊ တချို့ယောက်ျားလေးတွေက ဒီလိုပဲ စွဲစွဲလမ်းလမ်း တပ်ကြတာပဲလေ၊ ကိုယ့်အကြိုက်နဲ့ကိုယ်ပဲပေါ့ ဒါပေမဲ့ မိန်းကလေးအများစုက သူတို့ကို နေကာမျက်မှန်တပ်ပြီး စကားပြောရင် သိပ်သဘောမကျတတ်ဘူး"

"ဪ . . . ဒါဆို ရွှေနှယ်ရိုးလည်း သဘောမကျဘူးထင်တယ်၊ ရွှေနှယ်ရိုးမကြိုက်ရင် လောလောဆယ် ကိုယ်တပ်မထားပါဘူး"

ပြောပြီးမှ ကိုယ့်ကိုယ်ကိုယ် တော်တော်ကြောင်သွားမှန်း ကျော်စိုးညွန့် သိလိုက်သည်။ သူရိုးကြည့်နေတာကို မလုံမလဲဖြစ်ပြီး ဝန်ခံလိုက်သလိုဖြစ်သွား၏။ ပြောပြီးမှတော့ မတတ်နိုင်တော့။ မျက်မှန်ကို ချွတ်လိုက်ရသည်။ တကယ်ဆို မိန်းကလေးတွေက ဘာလို့ သဘောမကျတာလဲ။ ရွှေနှယ်ရိုးကရော ဘာညာ စသဖြင့် မေးလိုက်သင့်သည်။

ရွှေနှယ်ရိုးက မျက်မှန်တပ်မထားတော့သည့်သူ့မျက်နှာကို ခပ်ကြာကြာ တစ်ချက်စိုက်ကြည့်သည်။ ထိုအကြည့်ကြောင့် ကျော်စိုးညွန့်စိတ်ထဲ တစ်မျိုးဖြစ်သွားရသည်။ ရွှေနှယ်ရိုးကြည့်လိုက်သော အကြည့်ကို သူ မခွဲတတ်။ သူ့မျက်နှာတစ်ခုလုံးကို ခြုံငုံကာ တစ်ခုခုကို ဖမ်းဆုပ်ကြည့်ပုံမျိုး ဆိုတာတော့ သိသည်။

မိန်းကလေးသဘာဝအရ သူ့စိတ်ကို အကဲခတ်ချင်တာကြောင့်လား၊ ဒါမှမဟုတ် သူ့ဘော်ဒါအပေါင်းအသင်းတွေ ပြောသလိုပဲ . . .

"မင်း မျက်မှန်မတပ်သင့်ဘူး ကျော်စိုးညွန့်၊ မင်းမျက်လုံးမှာ အား


www.burmeseclassic.com

www.burmeseclassic.com



တစ်ခု ရှိတယ်၊ မျက်မှန်တပ်လိုက်တော့ အဲဒီအားက ပျောက်သွားရော၊ မင်းလိုကောင်မျိုးက မျက်မှန်မတပ်ဘဲနေတာ ပိုကောင်းတယ်''

ဆိုတာမျိုးကြောင့်လား။

ပြော၍ မရနိုင် . . .။ ရွှေနှယ်ရိုးက သူ့မျက်လုံးအကြည့်တွေကို နှစ်မြှုပ်သွားနိုင်သည်။ အရင်ရည်းစားတွေတုန်းကလည်း ထိုသို့ အောင်မြင်ခဲ့တာချည်းပင်။ သူ့အကြည့်တွေကြောင့်ပဲ အားလုံး ယိုင်ဆင်းခဲ့တာ ဖြစ်သည်။ အဲ . . . အရင်ရည်းစားတွေတုန်းကတော့ 'အချစ်' ဆိုတာကို ပါးစပ်ဖျားမှာပဲ သူသုံးစွဲခဲ့တာ ဖြစ်သည်။ ရွှေနှယ်ရိုးကိုတွေ့တော့မှ အချစ်ဆိုတာကို သူ နည်းနည်းခံစားတတ်လာသည်ဟု ထင်သည်။

ရွှေနှယ်ရိုးကိုတွေ့တော့ သူ ရင်ခုန်သွားမိသည်။ ဒီတော့ ကားတစ်စီးနှင့် သူစောင့်ကြည့်မိ၏။ နောက်ပိုင်း ရွှေနှယ်ရိုးက သူ့ကို သတိထားမိသွားသည်။ သူ့မှာ နည်းလမ်းမရှိသေး။ အရင်ရည်းစားတွေတုန်းကလို နည်းလမ်းတွေကိုလည်း မသုံးချင်။ ကြံရာမရဖြစ်နေတုန်း ဝေယံကို တိုင်ပင်မိသည်။ ဝေယံက သူနှင့်တစ်ရက်လိုက်ကြည့်ပြီး လွယ်လွယ်လေးဟု ဆိုသည်။

ဝေယံ၏ လွယ်လွယ်လေးကို သူလန့်သွားမိသည်။ ရွှေနှယ်ရိုးနှင့် ပါလာသော မျိုးမျိုးဆိုသောကောင်မလေးကို ဝေယံက ကားနှင့် ပွတ်ဆွဲလိုက်ခြင်း ဖြစ်သည်။ ကောင်မလေး ခွေခနဲလဲသွား၏။

"ရှင်တို့ ဘယ်လိုမောင်းလာတာလဲ၊ လူတစ်ယောက်လုံး မမြင်ဘူးလား"

ဆိုသည့် ရွှေနှယ်ရိုး၏ရန်တွေ့မှုကို ကျော်စိုးညွန့် မနည်းတောင်းပန်လိုက်ရသည်။

အနီးဆုံး ဆေးခန်းတစ်ခုကို သွားပြီး လိုအပ်သောစစ်ဆေးမှုတွေ လုပ်ကြတော့ မျိုးမျိုးဆိုသောကောင်မလေးက ဆိုးဆိုးရွားရွား ဘာမှမဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ဝေယံ့လက်ဆကိုလည်း သူ အထင်ကြီးသွားမိသည်။

ဝေယံက "ဒီလောက်တော့ ရင်းရမယ်" ဟု ဆိုသည်။ ရပါသည်။ ဘာခက်တာ မှတ်လို့။ နောက်ပိုင်းကိစ္စတွေကိုတော့ ဝေယံ့အကူအညီ မပါဘဲ သူလုပ်တတ်သည်။ ခုတော့ ရွှေနှယ်ရိုးနှင့်ပတ်သက်၍ လမ်းစတွေက ပွင့်သွားပြီ မဟုတ်ပါလား။

ဆေးခန်းမှာတုန်းက မှတ်မှတ်ရရ သူ မျက်မှန်ချွတ်ထားမိသည်။ ထိုအချိန်ကလည်း ရွှေနှယ်ရိုးက သူ့မျက်နှာကို ခပ်စိုက်စိုက်လေး ကြည့်နေဖူးသည်။ ဝေယံက အခြေအနေကောင်းသည်ဟု ကပ်ပြောသည်။ ထိုစကားကို သူ သဘောကျသွားသည်။ အခြေအနေမကောင်းနိုင်တာဆို၍ ကန့်လန့်ဝင်ခံမည့် ဟိုတစ်ကောင်ကိုသာ မြင်နေရသည်။

သားကောင်းပြည့် ...။

ဒီကောင်နဲ့က အခုမှ မတည့်သည်မှ မဟုတ်ဘဲ။ ပြဒါးတစ်လမ်း၊ သံတစ်လမ်း ဖြစ်နေတာကြာပြီ။ အကဲစမ်းဖို့ တစ်ပွဲတစ်လမ်းတော့ စပြီလို့ပဲ ကျော်စိုးညွန့်စိတ်ထဲ တွေးထားလိုက်သည်။ ဒီကောင့်သူငယ်ချင်းမတွေနဲ့မှ ရွှေနှယ်ရိုး အဖွဲ့ကျနေတာကိုလည်း ဘဝင်မကျ။

"ကျွန်မ ဒီမှာပဲ ဆင်းလိုက်တော့မယ်"

ရွှေနှယ်ရိုးအသံကြောင့် ကျော်စိုးညွန့် သတိပြန်ဝင်လာသည်။ ကားကို အရှိန်နည်းနည်းလျှော့လိုက်သည်။

"ကိုယ် အိမ်အထိ ပို့ပေးမယ်လေ ရွှေနှယ်ရိုး"

"နေပါစေ ... ကျွန်မ ဒီကပဲ လမ်းဆင်းလျှောက်သွားတော့မယ်"

ကျော်စိုးညွန့်တို့က အရမ်းကြီး စွတ်မလုပ်။ ကားကိုရပ်လိုက်သည်။

"ဪ ရွှေနှယ်ရိုး ... မနက်ဖြန်ရော မျိုးမျိုးတို့အိမ်မှာ ရှိဦးမှာလား"

"မသေချာသေးပါဘူး၊ ကျွန်မ အားလို့ရှိရင်တော့ သူ့ဆီမှာပဲ



www.burmeseclassic.com

www.burmeseclassic.com



ရှိနေတတ်ပါတယ်"

"အိုကေ"

ကားပေါ်မှဆင်းပြီး ရွှေနှယ်ရိုး လှလှပပလေး လမ်းလျှောက်သွားသည်။ ကျော်စိုးညွှန့် အသက်ရှူရန် ခဏမေ့သွား၏။ အတော်ဝေးသွားတော့မှ မျက်နှာလွှဲလိုက်ပြီး သက်ပြင်းရှိုက်လိုက်မိသည်။

လောလောဆယ် ဒီလောက်ပဲဟု သူ့ကိုယ်သူ ထိန်းထားလိုက်သည်။ ကားကို ပြန်လှည့်အကွေ့မှာ ဆိုက်ကားတစ်စီးက အတင်းဖြတ်ဝင်လာ၍ ကားဘရိတ်ကို ဆောင့်နင်းချလိုက်ရသည်။

"ဟာ ... ဒီဆိုက်ကားက ဘာလဲကွာ ... တောက်"

ခပ်ကြမ်းကြမ်းရုပ်ရည်ရှိသော ဆိုက်ကားသမားက သူ့ကို ပေစောင်းစောင်းကြည့်ကာ ဆိုက်ကားကို ဖြည်းဖြည်းလေးလေး နင်းဖြတ်သွားသည်။

❋

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

နေ့လယ်ခင်းက ပူပြင်းသည်ဟုလည်း မဆိုသာ။ ဟာဒ်ပင်၏ အရွက်၊ အခက်များကို ဖြတ်ဖောက်စီးကျလာသော အလင်းစက်ပြောက်များက မြေပြင်ပေါ်မှာ တစ်မျိုးတစ်ဖုံ ဆန်းပြားလှပနေသည်။ ခုံပုလေးတွေ ခင်းကျင်းထားသော အအေးဆိုင်လေး၏နာမည်က 'အလင်းရိပ်' ဟု ကဗျာဆန်ဆန်ပေးထားသည်။

အလင်းမှာ အရိပ်ရှိသည်လား၊ မရှိလားတော့ သူတို့မသိ။ လောလောဆယ်မှာတော့ ထိုဆိုင်လေး၏ အရိပ်အာဝါသအောက်မှာပဲ သူတို့အေးအေးလူလူရှိနေကြသည်။

ကောင်းပြည့်က ရည်းစားစကားမပြောဘဲ အဖြေတောင်းနေ၏။

"ရှိုးရှိုး"

"ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ငါးမိနစ် ပြည့်သွားပြီ"

"အဲဒါ ဘာဖြစ်လဲ"

"ကတိအတိုင်း အဖြေပေးတော့လေ"

ရိုးရိုးက ကြိုးရည်ကို ပြွတ်ခနဲစုပ်လိုက်ပြီး ခွက်ကို ခုံပေါ်ပြန်ချလိုက်သည်။ အအေးပိုက်လေးကို လက်နှစ်ဖက်ဖြင့် ဆွဲလိမ်လိုက်ကာ လေတင်းသွားအောင် ပြုလုပ်လိုက်သည်။ လက်နှစ်ဖက်နှင့် ထိုးပေးလိုက်ရင်း ...

"ရော့"

"ဘာလဲ"

"တောက်"

"ဘာ"

"တောက် လို့"

"ဪ"

အအေးပိုက်လေးက ဖောက်ခနဲ အသံမြည်အောင် ကွဲသွားသည်။ ရိုးရိုးက လက်ထဲမှာ လှည့်ပတ်ကစားရင်း ...

"နင်က လက်ဆပြင်းသားပဲ ... အသံအကျယ်ကြီး ထွက်တယ်"

သန္တာကျော်က သူတို့နှစ်ယောက်ကို ပြုံးရင်းကြည့်နေသည်။ သူ့ဘာသာသူ မဲ့ပြီး မကြည့်ချင်သောကြောင့် ဖြစ်မည်။ ထားပါ ...။ သူ့ဘာသာသူ မဲ့မဲ့ ပြုံးပြုံး အရေးမကြီး။ အရေးကြီးတာကို စကားလမ်းကြောင်းပြန်လှည့်ရသည်။

"ရိုးရိုး ... နင် ရှုးသလိုလို ပေါသလိုလို မလုပ်နဲ့နော်"

"အောင်မာ ... နင်ကများ ပြောရတယ်ရှိသေး"

"နင် မဖြေဘဲနဲ့ အချိန်ဆွဲနေတာလေ"

"အိုး ဖြေမှာပေါ့ ... ဘယ်လိုဖြစ်နေတာလဲ"

"ဒါဖြင့် ဖြေ"



www.burmeseclassic.com

www.burmeseclassic.com



သူတို့ချင်းက ရှင်တွေ၊ ကျွန်မတွေ၊ ခင်ဗျားတွေ၊ ကျွန်တော်တွေ ပြောနေရင်းနှင့် နင်တွေ၊ ငါတွေပါ ကြားညှပ်လာကြသည်။

ရှိုးရှိုးက ကောင်းပြည့်ကို ဟန်ပါပါ တစ်ချက်ကြည့်ရင်း ...

"မေးခွန်းက မှားနေလို့ အဖြေပေးလို့မရဘူး"

"ဘာလို့ ပေးလို့မရမှာလဲ ... ရတာပေါ့"

"ဒါဆို ဘာလဲ"

"အဲလို အဓိုက်ဖမ်းလို့ မရဘူးလေ၊ ပန်းပေးပြီလား ... ပြော"

"ဟွန့်"

ရှိုးရှိုးက တစ်ဖက်လှည့်ကာ နှုတ်ခမ်းစူသည်။ ကောင်းပြည့်ကပါ၊ ဒီဘက်က နှုတ်ခမ်းလိုက်စူပြနေသဖြင့် သန္တာကျော်က တခိခိ ရယ်သည်။ ရှိုးရှိုးက မကျေနပ်။

သန္တာကျော်မှာလည်း ကြားထဲကနေပြီး ကောင်းပြည့်မေးသော မေးခွန်းကို လိုက်ပြီးစဉ်းစားနေမိသည်။ ပန်းအိုးသုံးအိုးနှင့် ပန်းပွင့်နှစ်ပွင့် ရှိသည်တဲ့။ ပန်းပွင့်နှစ်ပွင့်ကို ပန်းအိုးသုံးအိုးထဲ အညီအမျှ စိုက်ခိုင်းသည်။ သူစဉ်းစားမိသလောက်လည်း ဘယ်လိုမှ စိုက်၍မရချေ။ စဉ်းစားရင်း စဉ်းစားရင်း သန္တာကျော်မှာလည်း ခေါင်းသာမူး လာရသည်။

"ကဲ"

ရှိုးရှိုးက ဒီဘက်ပြန်လှည့်လာသည်။ နဖူးက ဆံပင်လေးတွေကို လက်နှင့်ပင့်တင်ပြီး ...

"ရော့"

"ဘာလဲ"

"တောက်"

"ဘာ"

"တောက် လို့"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်"

ကောင်းပြည့် အားရပါးရ ရယ်ချလိုက်သည်။ ပြီးတော့မှ ...

"နင်က နဖူးပဲ အတောက်ခံမယ်ပေါ့ ... ဟုတ်လား။ ပန်းတော့ မပေးဘူးပေါ့"

"အေး"

"ကြည့်လည်းလုပ်ဦးနော်၊ ငါ့လက်ဆကို နင် ခုနကမြင်ပါတယ်။ ပြီးတော့ ငါက ..."

သူ့ကိုယ်သူ ကရာတေးသမားဟု ဆိုလိုဟန်ရှိသည်။ လက်ဆစ်ကို တဖျောက်ဖျောက်မြည်အောင် ချိုးပြနေသေး၏။ ရိုးရိုး နှာခေါင်းလေး ရှုံ့သွားသည်။ ပြီး နဖူးလည်း ကျိန်းသွားရသည်။

"တကယ်တော့ နဖူးဆိုတာမျိုးက တောက်ဖို့ထက်"

"ကောင်းပြည့်"

"ဟင်"

"နင် တောက်ချင်တောက်၊ မတောက်ချင်နေ၊ ငါ ပန်းတော့ မပေးဘူး"

ဟန်ကလေး မာန်ကလေးတင်းကာ ရိုးရိုးက ပြောလာသည်။ ကောင်းပြည့်မျက်နှာကလည်း ချက်ချင်းဆိုသလို တည်ကြည်သွားသည်။ ဗာဒံပင် အခက်အလက်တွေကို ဖောက်ထွက်ပြီး ကောင်းကင်ဆီ မော့ကြည့်သည်။ ဝေးနိုင်သမျှ အဝေးဆုံးသို့ တစ်ဆုံးမျှော်ကြည့်လိုက်သော ပုံစံမျိုး။ ရိုးရိုးနှင့်သန္တာကျော်က သူ့ကိုကြည့်နေမိကြသဖြင့် စကားဝိုင်းက ခေတ္တငြိမ်သက်သွားသလို ဖြစ်သွား၏။ ခဏနေမှ ကောင်းပြည့်က သက်ပြင်းချရင်း ...

"နင် ငါ့ကို ပန်းမပေးချင်နေပါ ရိုးရိုးရယ်၊ ဟိုကောင်နဲ့တော့ မပတ်သက်ပါနဲ့"

"ဟဲ့ ... ကောင်းပြည့်"



www.burmeseclassic.com

www.burmeseclassic.com



သန္တာကျော်က အလန့်တကြား ဝင်တားသည်။ ရိုးရိုးမျက်နှာလေး တည်သွား၏။ ကောင်းပြည့်က သူ့စကားကို သူ ရဲရင့်စွာပင် ထပ်မံဆိုသည်။

"ကျော်စိုးညွန့်ဆိုတဲ့ကောင်နဲ့ မပတ်သက်ပါနဲ့"

ရိုးရိုးမျက်နှာပေါ်မှာ အပြောင်းအလဲအမျိုးမျိုး ထင်ဟပ်သွားသည်။ စက္ကန့်ပိုင်းအတွင်းမှာပင် စကားဝိုင်းက အခြေအနေတစ်ခုသို့ ဒုန်းစိုင်း ပြောင်းလဲသွားသည်။ လေက ရုတ်တရက် ငြိမ်သက်သွားသည်။ ဗာဒံရွက်အချို့က လေငြိမ်သည့်အချိန်မှ ကြွေကျလာသည်။

"ကောင်းပြည့်ရယ် ... နင့်ကို ငါ ဘာပြောထားလဲ"

သန္တာကျော်က ဝင်ပြောသည်။

"ငါ့ညီမကိုစွန့်ပတ်သက်ပြီး ရိုးရိုးက ကျော်စိုးညွန့်နဲ့ ပတ်သက်လာရတာလေ၊ နင့်ကို ငါပြောထားပြီးပြီပဲ ... အခုကိစ္စက မျိုးမျိုးခြေထောက်ကလည်း လုံးဝကောင်းသေးတာ မဟုတ်တော့ သူက ..."

"နင့်ညီမ မျိုးမျိုး ဒီကောင့်ကားနဲ့ အတိုက်ခံရတာလည်း သွေးရိုးသားရိုးမဟုတ်ဘူးဆိုတာ ငါသိပြီးပြီ"

"ဘာရယ် ကောင်းပြည့်"

"မျိုးမျိုးကိုမေးပြီး ငါတွေးမိထားတာကို ပြောတာ၊ နင်တို့ကို ပြောပြရဦးမလား"

သန္တာကျော် ရိုးရိုးကိုကြည့်လိုက်မိသည်။ ရိုးရိုးက ဘာမှပြန်မပြော။ အတွေးနက်နေပုံလည်း မရှိ။ ကောင်းပြည့် ခုလိုပြောလာတာကိုလည်း အံ့ဩပုံ မပြချေ။

"ရိုးရိုး ... နင် ငါ့ကိုစိတ်ဆိုးလား"

ရိုးရိုး ခေါင်းခါပြသည်။ အမှန်တကယ်ပင် ရိုးရိုးမျက်နှာပေါ်မှာ မည်သည့်ခံစားချက် အရိပ်အယောင်မျှ မတွေ့ရ။ ငြိမ်သက်သွားသည်မှလွဲ၍ တခြား ဘာမှမရှိ။



www.burmeseclassic.com

www.burmeseclassic.com



"ကျော်စိုးညွန့်နဲ့ မပတ်သက်စေချင်ရတာ အကြောင်းရှိလို့ပါ၊ ဒီ အကြောင်းတွေကို နင်တို့သိချင်တယ်ဆိုရင် ငါပြောပြနိုင်ပါတယ်၊ ဒါပေမဲ့ ငါပြောပြတဲ့ ရည်ရွယ်ချက်ကို ဘာကြောင့်ဆိုပြီး နင်တို့စိတ်ထဲ တစ်မျိုးထင် သွားမှာပဲ၊ ပြီးတော့ ငါကိုယ်တိုင်ကလည်း လူတစ်ယောက်ရဲ့ မကောင်း ကြောင်းဆိုတာမျိုးကို နောက်ကွယ်မှာ မြိန်ရေရှက်ရေ မပြောပြချင်ဘူး"

ကောင်းပြည့်အသံက တည်ကြည်နေသည်။ လှိုက်ခါနေသည်။ သန္တာကျော် သက်ပြင်းချလိုက်မိသည်။ တစ်နေ့ကကိစ္စကို ပြောလိုက်တော့ ကောင်းပြည့်၊ မြတ်ကိုကို၊ ထင်ပေါ်ဦး၊ ဆုဆုမြတ်နှင့် ခင်ငြိမ်းချမ်းတို့အားလုံး အိမ်သို့ လိုက်ကြည့်ကြသည်။ ကောင်းပြည့်က မျိုးမျိုးကို အတော်မေးမြန်း ထားလိုက်ပုံရသည်။

ကျော်စိုးညွန့်က တစ်ရက်တစ်ခေါက် မျိုးမျိုးကို လာကြည့်တာရယ်၊ အိမ်အပြန်မှာ ရိုးရိုးကို လိုက်ပို့တာရယ်ကိုတော့ သန္တာကျော်ကိုယ်တိုင် ကောင်း ပြည့်ကို ပြောပြထားပြီးဖြစ်သည်။ အခု ကောင်းပြည့်က ကျော်စိုးညွန့်ဆိုသည့် လူအကြောင်းကို ဘာတွေသိ၍ အခုလို ပြောလာသည်တော့ မသိချေ။

နောက်တစ်ယောက်ပေါ်လာလို့ ဒီကောင် ရုတ်တရက် မှုန်သွားတာ လားဟုလည်း သန္တာကျော် တွေးမိသေးသည်။ သူ့ဘာသာသူ မှုန်မှုန်၊ မမှုန်မှုန် သူငယ်ချင်းအားလုံးကတော့ ကောင်းပြည့်နှင့်သာ သဘောတူမည် ဖြစ်သည်။ ဟိုတစ်ယောက်က ဘာမှန်းမသိ၊ ညာမှန်းမသိနှင့်။

လေက ရုတ်တရက် ဝေ့ကာတိုက်ခတ်လာပြန်သည်။ ဗာဒံရွက် အချို့ ကြွေကျလာပြန်သည်။ ဆိုင်လေးကပင် တိတ်ဆိတ်ဆွံ့အသွားသလို ထင်ရသည်။ အပြန်လမ်းတစ်လျှောက်မှာလည်း သုံးယောက်သား မည်သည့် စကားကိုမှ မဆိုမိကြ။ ရိုးရိုးပုံစံကလည်း အထူးငြိမ်သက် လျှို့ဝှက်နေသလို ဖြစ်နေသည်။ ရိုးရိုးတို့ လမ်းထိပ်အထိ ကောင်းပြည့်နှင့် သန္တာကျော်တို့ လိုက်ပို့ကြသည်။ လှည့်ထွက်ခါနီး ရိုးရိုးကပြုံး၍ . . .



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြည့်"

"ဟင်"

"နင်က သိပ်လူလည်ကျတာပဲ . . . သိလား"

"ဘာလဲ"

"နင့်ကို ငါ ပန်းမပေးသေးဘူး"

"နင်က ဘယ်တော့မှ ပေးမှာလဲ"

"မပြောသေးဘူး . . . ငါ့ဟာငါ ပေးချင်တဲ့အချိန်ကျမှ ပေးမယ်"

"အေးပါ . . . နင်ပေးချင်တဲ့ အချိန်ထိအောင် ငါစောင့်နေမယ် . . . သိလား"

ရိုးရိုးက ပြုံးပြီးလှည့်ထွက်သွားသည်။ သူတို့နှစ်ယောက် စကားတွေကို နားမလည်၍ သန္တာကျော်မှာ ကောင်းပြည့်ကိုမေးရသည်။

"ပြည့်"

"ဟေ"

"ရိုးရိုးက နင်မေးတဲ့မေးခွန်းကို မဖြေနိုင်သေးလို့ ပန်းမပေးသေးဘူး ပြောတာလား"

"နင်က ဘယ်လိုထင်လို့လဲ"

"သူပြောသွားတဲ့ပုံစံက တစ်မျိုးပဲ"

"အေး . . . ငါ သူ့ကိုမေးတာကလည်း တစ်မျိုးဖြစ်သွားတာကိုး"

"နင်တို့ဟာကလည်း ဘာတွေမှန်းမသိဘူး"

ကောင်းပြည့်က ခပ်ပြုံးပြုံးလုပ်သည်။ သန္တာကျော်မှာ စဉ်းစားရင်း ဘာတွေမှန်းမသိ ဖြစ်သွားရလေသည်။ ပြောပြီးသားစကားကိုပဲ ထပ်ဆိုလိုက်၏။

"ဘာတွေမှန်းကို မသိဘူး"

❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

ထင်ပေါ်ဦးနှင့်မြတ်ကိုကို တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိကြသည်။ သန္တာကျော်က သူတို့နှစ်ယောက်ကို အကဲခတ်လိုက်ရင်း ဆုဆုမြတ်နှင့် ခင်ငြိမ်းချမ်းတို့ကို မျက်စပစ်ပြလိုက်သည်။ ဆုဆုမြတ်နှင့် ခင်ငြိမ်းချမ်းတို့ကလည်း တိုင်ပင်ထားကြသည့်အတိုင်း ...

"နင်တို့သိရင် ပြောပြစမ်းပါဟာ ... ငါတို့လည်း ရိုးရိုးအတွက် စိတ်ပူလို့ပါ"

"ဟင်း"

ထင်ပေါ်ဦးက သက်ပြင်းချသည်။ မြတ်ကိုကိုက ခေါင်းကို မခါချင်ခါချင်ပုံစံနှင့် ခါနေ၏။ နှစ်ယောက်စလုံး၏ပုံစံက သကို့မေးသောမေးခွန်းကို အကျပ်ရိုက်နေသလို ဖြစ်နေကြသည်။

သန္တာကျော်က ခင်ငြိမ်းချမ်းကို လှည့်ကြည့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ခင်ငြိမ်းချမ်းက ...

"ထင်ပေါ်"

"ဟင်"

ထင်ပေါ်ဦး ဆတ်ခနဲ မော့လာသည်။ ခင်ငြိမ်းချမ်းကိုကြည့်ရင်း...

"ငြိမ်းငြိမ်း ... ဘာလဲ"

"ငါတို့မေးတာကို နင် မဖြေပေးနိုင်ဘူးလားဟင်"

ခင်ငြိမ်းချမ်း၏အကြည့်တွေအောက်မှာ ထင်ပေါ်ဦးနှလုံးသားတွေ ဖတ်ခနဲ ပျော့ခွေကျသွားသည်။ တစ်ကိုယ်လုံး ခွေယိုင်ကျတော့မတတ်ဖြစ်ကာ မျက်နှာထားကလည်း ပျော့ပျောင်းသွားသည်။ သူ့ဘေးက မြတ်ကိုကို့ကို လှည့်ကြည့်ပြီး ...

"ဟော့ကောင် ... ငါတို့ပြောပြလိုက်ရင် ကောင်းမယ်ထင်တယ်"

"ဟာ ... ဟော့ကောင်"

မြတ်ကိုကိုလည်း ကြာကြာခေါင်းမခါလိုက်ရပါ။ အားလုံး ဝိုင်းဝန်း ပြောဆိုနေကြသည်က တစ်ကြောင်း၊ ထင်ပေါ်ဦး၏ 'မ' ဘက်လိုက်၍ မိုက်ဘက်ပါချင်နေသော ပုံစံကြီးကြောင့်လည်း တစ်ကြောင်း အပါအဝင်။ (သူကိုယ်တိုင်ကလည်း ပြောချင်ရက် လက်တို့ ဖြစ်နေသဖြင့်)

"နင်တို့သိချင်တဲ့ သူတို့အကြောင်းက ဒီလိုဟာ"

အစကတော့ သန္တာကျော်က ကျော်စိုးညွှန့်ဆိုသူအကြောင်းကို ထင်ပေါ်ဦးတို့သိလေမလားဟု သာမန်မေးမြန်းခြင်း ဖြစ်သည်။ ထင်ပေါ်ဦးနှင့် မြတ်ကိုကိုက ကောင်းပြည့်ကြိုက်မှာ မဟုတ်ဘူးဟုဆိုကာ တွင်တွင်ငြင်းကြသည်။ ထို့ကြောင့် သူမတို့အားလုံး စိတ်ထဲမှာ ကောင်းပြည့်နှင့် ကျော်စိုးညွှန့် တို့ ပတ်သက်မှုတစ်စုံတစ်ရာရှိနေရမည်ဆိုတာကို သိလာရသည်။ ထို့ကြောင့် ပင် မေးရင်းမြန်းရင်းဖြင့် ဤသို့ ဖြစ်လာရခြင်းဖြစ်သည်။

မြတ်ကိုကိုက လေကို ဟူးခနဲ မှုတ်ထုတ်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"သူတို့နှစ်ယောက်က တကယ်တော့ ငယ်သူငယ်ချင်းတွေဟ"

"ဘာ"

"ဘယ်လို"

အားလုံး အံ့သြတကြီး ဖြစ်သွားရသည်။ ထင်ပေါ်ဦးက ခေါင်းညိတ်ပြသည်။

"ဟုတ်တယ် ... ကောင်းပြည့်က ငါတို့ယောကျ်ားလေးအချင်းချင်းပဲ ပြောပြခဲ့တာ"

လျှို့ဝှက်ချက်ကြီးတစ်ခုကို အခုမှ သိလိုက်ရသလိုမျိုး သဏ္ဍာန်ကျော်တို့ ခံစားလိုက်ရသည်။ ဟုတ်သည်လေ ...။ ကောင်းပြည့်ဆိုတာက ကလေးဘဝကတည်းက ရင်းနှီးခဲ့ကြတာ မဟုတ်ပေမယ့် သူမတို့နှင့် စပြီး ရင်းနှီးခင်မင်ခဲ့ကြသည့်ကာလက လူကြီးဘဝလည်း မစတင်သေးဘဲကိုး။ ထိုအချိန်ကပဲ စတင်ခဲ့သည့် ရင်းနှီးချစ်ခင်မှုက အခုအချိန်အားလုံး၏ ပိုင်ဝန်းချစ်ခင်မှုကို ကောင်းပြည့် ရယူခဲ့သည်အထိ ဖြစ်သည်။

"နင်တို့ အံ့သြသွားမယ်ဆိုတာ ငါတို့ နားလည်ပါတယ်"

မြတ်ကိုကိုက သူတို့ကိုကြည့်ရင်း လေသံခပ်ဆဆ ဆိုသည်။

"ငါတို့သိရတာလည်း တစ်ပိုင်းတစ်စကနေ အခုထိ တစ်ပိုင်းတစ်စပါပဲ"

"အေးပါ ... အဲဒီတစ်ပိုင်းတစ်စကိုပဲ ငါတို့ကိုပြောပြပါတော့"

ဆုဆုမြတ်က ခပ်ပြတ်ပြတ်ဝင်ပြောသည်။ သူက နဂိုကပဲ စိတ်မရှည်တတ်သဖြင့် မြတ်ကိုကိုက အစီအစဉ်တင်ဆက်ပုံကို ပုံစံပြောင်းရသည်။

"ခုနကပြောသလိုပဲ သူတို့နှစ်ယောက်က ငယ်သူငယ်ချင်းတွေဟာ"

"အေး ... ကြီးလာတော့ ဘာဖြစ်လဲ"

"နေဦး ... မကြီးသေးဘူး။ သုံးလေးတန်းအရွယ်မှာပဲ သူတို့ပုံစံက ကွဲသွားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုကွဲသွားတာလဲ"

"ကောင်းပြည့်က ခုလိုပဲ လူတစ်ဖက်သားကို ကူညီတတ်တယ်၊ စာနာတတ်တယ်ဟာ"

"အင်း . . . ကျော်စိုးညွန့်ကရော"

"သူကတော့ ပြောင်းပြန်ပေါ့၊ ရွယ်တူအချင်းချင်းတွေပေါ်မှာ အနိုင်ကျင့်တယ်"

"ဪ"

"ပြီးတော့ သူတို့နှစ်ယောက်က အိမ်နီးချင်းတွေ"

"ဘယ်လို"

"ငါတို့ရပ်ကွက်ကို မပြောင်းလာခင် ဟိုဘက်ရပ်ကွက်မှာတုန်းက သူတို့မိသားစုနှစ်စုက အရမ်းရင်းနှီးကြတာ၊ လူကြီးတွေအချင်းချင်းလည်း မိတ်ဆွေအရင်းအချာတွေပဲ"

"ဒီလိုလား"

"တဖြည်းဖြည်း ကြီးကောင်ဝင်လာကြတော့ ကျော်စိုးညွန့်က ဖွေဖောက်လာရော"

"သူက ဘယ်လိုဖြစ်လာလို့လဲ"

"ဆိုးချင်, မိုက်ချင်လာတာပေါ့၊ ကျောင်းပြေးတယ်၊ ရန်ဖြစ်တယ်၊ အပေါင်းအသင်း စုံလာတယ်ပေါ့ဟာ"

"ဪ ဪ"

"သူတို့နှစ်ယောက်က သူငယ်ချင်းတွေဆိုတော့ ကောင်းပြည့်ကလည်း ဖုံးဖုံးဖိဖိပေါ့၊ တော်ရုံပြဿနာလောက်ကို ကျော်စိုးညွန့်အိမ်ကို အသိမခံဘူး၊ သူပဲ ဒိုင်ခံဖြေရှင်းတာ၊ သူ့အိမ်ကသိတာလောက်က နည်းနည်းပေါ့"

"အဲလိုလား"



www.burmeseclassic.com

www.burmeseclassic.com



"နောက်ပိုင်းကျတော့ ကျော်စိုးညွန့်က ထိန်းမရတော့ဘူးလေ၊ သူ့အမေက အရမ်းချစ်ပြီး အလိုလိုက်တာကြောင့်လည်း ပါတယ်၊ ဒီကောင် ဆေးတွေ,ဘာတွေ စသုံးပြီး ပျက်စီးစပြုလာတော့ ကောင်းပြည့်က သူ့မိဘ တွေကို ပြောရတော့တာပေါ့"

"အဲဒီမှာ ဘယ်လိုဖြစ်ရောလဲ"

"ဘယ်လိုဖြစ်ရမှာလဲ . . . သူတို့နှစ်ယောက်ဆက်ဆံရေး စပြီး အက်ကွဲကြတော့တာပေါ့၊ ကျော်စိုးညွန့်က ကောင်းပြည့်ကို အကောင်းမမြင် တော့ ဘူးလေ၊ ပိုဆိုးတာက ကျော်စိုးညွန့်အဖေက နားလည်ပေမယ့် ဒီ ကောင့်အမေရဲ့ တစ်ဖက်သတ်ဆန်မှုကြောင့် မိသားစုနှစ်စုအတွင်းမှာ ပဋိပက္ခ တွေ ဖြစ်လာရတယ်၊ ငါဆိုလိုတာက . . ."

"သဘောပေါက်တယ် . . . ဆက်ပြော"

"နောက်ပိုင်း ကျော်စိုးညွန့် ပိုပိုဆိုးလာတယ်၊ သူ့အိမ်ကလည်း မနိုင်တော့ဘူး၊ ကောင်းပြည့်လည်း အပြင်က ဒီကောင့်ပြဿနာတွေ မှန်သမျှ ကို လိုက်မဖြေရှင်းနိုင်တော့ဘူး၊ ကြာရင် သူပါ မကောင်းဖြစ်တော့မှာလေ၊ အဲဒီတော့ ဒီကောင့်အဖေကိုပဲ ကောင်းပြည့်မှာ သတင်းပို့ရတယ်"

"ကျော်စိုးညွန့်က မသိဘူးလား"

"သိလို့ ကောင်းပြည့်ကို ပြဿနာ အကြီးအကျယ်ရှာတာပေါ့၊ ထိုးကြကြိတ်ကြနဲ့ တခြားပြဿနာတွေလည်း ဖြစ်ကြတယ်၊ အဲဒီမှာ ကျော် စိုးညွန့်အမေကြောင့် ကောင်းပြည့်အလွန် ဖြစ်ကုန်ရော"

"ဟယ် . . . မိုက်ရိုင်းလိုက်တာ"

"အဲဒီမှာ မိသားစုအချင်းချင်းလည်း ပြဿနာအကြီးအကျယ် ဖြစ်ကုန်ရော၊ အဖေတွေအချင်းချင်းကတော့ နားလည်ကြတာပေါ့လေ၊ နောက်ဆုံး ကောင်းပြည့်အဖေကလည်း ကောင်းပြည့်ကို တားရတော့တာ ပေါ့၊ စေတနာအဆဆ‌ာများသလို ဖြစ်တာကိုး"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တာပေါ့"

"အဲဒီအချိန်မှာ သူတို့နှစ်ယောက်စလုံး ကိုးတန်းအရွယ်လောက် ရောက်ကုန်ကြပြီ၊ ကောင်းပြည့်တို့မိသားစု ငါတို့ရပ်ကွက်ထဲကို စပြီး ပြောင်း လာပြီပေါ့ ... နင်တို့ မှတ်မိလား"

"အေး ... ဟုတ်တယ်၊ ပြည့်တို့ စရောက်တော့ ငါတို့အားလုံး ကိုးတန်းနော်"

"ဒီကောင် စရောက်တော့ အားကစားအသင်းမှာ ငါတို့နဲ့ စသိ တာလေ၊ နောက်ပိုင်းကျတော့ သူ့ဘာသာသူ ကရာတေးသင်တန်း သွား တက်ပြီး ဆရာကြီးဖြစ်သွားတာ"

"ဟုတ်ပါ့"

"နောက်ပိုင်း သူနေခဲ့တဲ့ရပ်ကွက်ကို ဒီကောင် တစ်ခါတလေ သွားတတ်တာ မှတ်မိတယ်မဟုတ်လား"

"အေး ... ဟုတ်တယ်၊ ဘာသွားလုပ်တာလဲတော့ တစ်ခါမှ မမေး ဖူးဘူး"

"ဒီကောင်က အသွားအလာ မပျက်ဘူးဟ၊ ကျော်စိုးညွန့်အဖေနဲ့ လည်း အဆက်အသွယ်ရှိတယ်၊ ဒီကောင့်သတင်းတွေကြားရင် သွား သွား သတိပေးတတ်တယ်"

"ဒီလောက်ဖြစ်နေတာကိုများ"

"သူငယ်ချင်းသံယောဇဉ်ပေါ့ဟာ ... မကောင်းတဲ့သူငယ်ချင်းအပေါ် မှာတောင် ဒီလောက်ရှိတယ်ဆိုရင် နင်တို့ စဉ်းစားကြည့်ပေါ့"

မြတ်ကိုကိုစကားကို ထင်ပေါ်ဦးက ခေါင်းတညိတ်ညိတ် ဝင်လုပ် သည်။

"နောက်ပိုင်း ကျော်စိုးညွန့်က အထက်တန်းစာမေးပွဲကို နှစ်ခါ ပြန်ကျပြီး စာမေးပွဲဆက်မဖြေတော့ဘူး၊ ကောင်းပြည့်ကတော့ နင်တို့သိတဲ့

www.burmeseclassic.com


အဝတိုင်းပဲ''

ကောင်းပြည့်က မြတ်ကိုကို၊ ထင်ပေါ်ဦးတို့နှင့်အတူ သန်လျင်က ကောလိပ်တစ်ခုမှာ ဆက်တက်ကြသည်။ သန္တာကျော်၊ ဆုဆုမြတ်နှင့် ခင်ငြိမ်းချမ်းတို့ကတော့ ဒဂုံတက္ကသိုလ် ရောက်သွားကြသည်။

''အဲဒီနောက်ပိုင်း ကောင်းပြည့်နဲ့ကျော်စိုးညွန့်လည်း သိပ်ပြီး အဆက်အဆံမရှိကြတော့ဘူး၊ ကျော်စိုးညွန့်လည်း သူ့အိမ်မှာ မနေတော့ဘူး''

''ဟင် . . . ဘယ်လိုဖြစ်လို့လဲ''

''သူ့အဖေက သူ့ကို လက်မခံတော့ဘူးလေ၊ ဒါပေမဲ့ သူ့အမေက သူ့ကို တိုက်တစ်လုံးငှားပေးထားတယ်၊ ကားတစ်စီးလည်း ပေးထားတယ် ဆိုပါတော့''

''အဲလိုလား''

''တစ်ယောက်တည်း နေရတဲ့နောက်ပိုင်းမှာ ဒီကောင့်ပုံစံ နည်းနည်းပြောင်းသွားတယ်၊ အဲ . . . အကောင်းတော့ မဟုတ်ဘူး၊ လိုင်း နည်းနည်းပြောင်းသွားတာ''

''ဘယ်လိုလဲ''

''အရင်တုန်းကလို ဟော့ဟော့ရမ်းရမ်းကြီး မထင်ပေါ်တော့ဘူး။ အခု နင်တို့မြင်နေရသလိုပဲ . . . ဆိုးသွားတာက ဒီကောင် မိန်းမကိစ္စ အရမ်းရှုပ်သွားတာပဲ''

''သြော် . . . ဒါကြောင့် ကောင်းပြည့်က ဝင်တားချင်တာကိုး''

သန္တာကျော်က အမှုပေါ်တော့မှ ကောက်ချက်ဝင်ချသည်။ ထိုအခါမှ မြတ်ကိုကိုကလည်း . . .

''အဲဒါပဲဟာ . . . မပြောဘူး မပြောဘူးနဲ့ ငါလည်း တော်တော် ပြောမိသွားပြီ''


www.burmeseclassic.com

www.burmeseclassic.com


"ဘာလဲ ... ကောင်းပြည့်က မပြောရဘူးလို့ ပြောထားလို့လား"

"အဲလိုလည်း မဟုတ်ဘူး ... ဒါပေမဲ့ တစ်မျိုးပဲ"

သန္တာကျော်က သက်ပြင်းချပြီး ...

"ငါသိပါတယ် ... သူကိုယ်တိုင် ဒါတွေပြောရင် သူ့အပေါ် တစ်မျိုး မြင်သွားမှာစိုးလို့၊ အဓိက,က ရိုးရိုး သူ့အပေါ် အမြင်ပြောင်းသွားမှာစိုးလို့ပဲ"

"အင်း ... ငါတို့လည်း အဲလိုထင်တာပဲ"

"ဘာပဲဖြစ်ဖြစ် ငါတို့အားလုံး သိထားကြတော့ ကောင်းတာပေါ့ ကွာ"

ခင်ငြိမ်းချမ်းက ဝင်ပြောသည်။ အားလုံးလည်း သဘောထားတစ်ခု တည်း ရှိကြသဖြင့် ငြိမ်နေကြ၏။

"ဒါနဲ့ ငပြည့်က အခု အားကစားရုံပဲလား"

"အေး ... အဲလိုတော့ ပြောသွားတာပဲ"

"ပြောသွားတာပဲဆိုတာ ဘာလဲ"

"ဒီနေ့ စောစောစီးစီး ထွက်သွားတာဟ၊ တစ်နေရာ ဝင်စရာရှိသေး တယ်တဲ့"

"ဒါနဲ့ နင်တို့ရိုးရိုးကရော ဘယ်ပျောက်သွားတာလဲ၊ မနက်တုန်း ကတော့ နင်တို့နဲ့ အတူတူရှိနေပြီး၊ အခု အိမ်ပြန်သွားပြီလား"

ထင်ပေါ်ဦး ဝင်မေးလိုက်သောစကားကြောင့် သန္တာကျော် ခဏ တော့ ငြိမ်သွားသည်။ သူတစ်ယောက်တည်း မဟုတ်။ ခင်ငြိမ်းချမ်းနှင့် ဆုဆုမြတ်တို့ပါ ဘာမှန်းမသိ ငြိမ်သွားကြသည်။

ထင်ပေါ်ဦးက ခေါင်းတစ်ချက် ဆတ်လိုက်၏။ ပြီးတော့မှ ...

"ကောင်းပြည့်က မှာသွားတယ် ... ကျော်စိုးညွန့်နဲ့ အသွားအ လာလုပ်လို့ရှိရင်တော့ သွားသတိ,လာသတိလေးတော့ ထားပါတဲ့၊ နင်တို့ လည်း သတိပေးလိုက်ကြပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သန္တာကျော်၊ ခင်ငြိမ်းချမ်းနှင့် ဆုဆုမြတ်တို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိလိုက်ကြတော့သည်။ အမှန်ပင် ရိုးရိုးက ကိစ္စရှိသည်ပဲ ပြီး ကျော်စိုးညွန့်နှင့်ပါသွားခဲ့သည် မဟုတ်ပါလား။

စကားဝိုင်းက အပ်ကျသံကြားရမလောက် တိတ်ဆိတ်သွားသည်။

❁

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

ရိပ်ခနဲ မြင်လိုက်သည်ကို ရှောင်ရန်ပြင်လိုက်စဉ်မှာပဲ နားထင်တစ်ဖက်က ပူခနဲဖြစ်သွားရသည်။

'ဖုန်း'

"အ"

မျက်လုံးထဲမှာ ကြယ်တွေစုံတဲ့ည ဖြစ်သွားရသည်။

"ကောင်းပြည့် ... ဒီနေ့ ဘယ်လိုဖြစ်နေတာလဲ"

ကိုကျော်ဇောက အပြစ်တင်သလို ဆိုလာသည်။ ကောင်းပြည့် ခယ်ကျဲကျဲလုပ်လိုက်ပြီး ...

"ဆောရီး ဆရာကျော် ... ကျွန်တော် စိတ်နည်းနည်း လွတ်သွားလို့"

ကိုယ့်ဆရာကို တောင်းပန်ရသေးသည်။ လူကတော့ ကိုတော်အီ



www.burmeseclassic.com

www.burmeseclassic.com

သွားရ၏။ သင်တန်းမှာ ညီအစ်ကိုလိုဖြစ်နေသော ကိုကျော်ဇောက သူ့ကို ကြည့်ရင်း . . .

"ဒီနေ့ မင်းပုံစံက သိပ်မဟုတ်သေးပါဘူး။ ကစားတာမှာလည်း စိတ်မရှိဘူး။ မြို့နယ်ပေါင်းစုံပြိုင်ပွဲက နီးပြီနော်၊ ဆရာကြီးက မင်းကို တော်တော်အားထည့်ထားတာ၊ ပြိုင်ပွဲနီးမှ ဘယ်လိုဖြစ်နေတာလဲ"

အပြစ်တင်သည်ဟုလည်း မဆိုသာပါ။ တခြားသင်တန်းသားတွေ ရှေ့ ဖြစ်သော်လည်း ကောင်းပြည့် စိတ်မဆိုးမိ။ ဆရာကျော် (ခေါ်) ကို ကျော်ဇောစေတနာကို နားလည်သည်။

ကိုယ်က သင်တန်းမှာ ဆရာအားလုံး၏အားထားမှုကို ခံရသူဖြစ်နေသည်။ မြို့နယ်ပေါင်းစုံ ကရာတေးပြိုင်ပွဲအတွက် အားလုံး၏အခရာ ဖြစ်နေသည်။ ကောင်းပြည့်ကလည်း ကြိုးစားပါသည်။ သို့ပေမယ့် တစ်ခါ တလေတော့လည်း . . .

"ခါတိုင်း မင်း ဒီလိုမဟုတ်ပါဘူး . . . ဒီနေ့မှ ဘယ်လိုဖြစ်နေတာ လဲ"

ခါးစည်းကြိုးကိုဖြည်ရင်း ကိုကျော်ဇောက မေးသည်။ ကောင်းပြည့် က . . .

"ညက အိပ်ရေးပျက်သွားလို့ ဆရာကျော်ရေ လူက သိပ်မလန်း ဘူး"

နည်းနည်းတော့ မုသာဝါဒ သုံးလိုက်ရသည်။ မတတ်သာပါ၊ စိတ် က သိပ်မပါချင်တော့။ ကိုကျော်ဇောက သူ့ပခုံးကို လှမ်းပုတ်ရင်း . . .

"ငါ ထင်တော့ထင်သား။ မင်း ကစားနေရင်း ငိုင်ငိုင်သွားတာ အကွက်တွေလည်း သိပ်မမှန်ချင်ဘူး။ အားလည်းပျော့နေသလိုပဲ၊ ကျန်းမာ ရေး ဂရုစိုက်ကွာ၊ အိပ်ရေးဝအောင်အိပ်၊ ညဥ့်နက်အောင် မအိပ်မနေနဲ့ ပြိုင်ပွဲက ကပ်နေတာမဟုတ်ပေမယ့် သိပ်လိုတော့တာ မဟုတ်ဘူး။ ဒီနေ့တော့


www.burmeseclassic.com

www.burmeseclassic.com



နားလိုက်ကြစို့၊ ချွေးစို့ရုံပဲပေါ့"

ကိုကျော်ဇောက နားလည်မှုရှိစွာ ပြောသွားသည်။ အမောအပန်းဖြေရင်း ဝတ်စုံလဲနေတုန်းမှာပဲ မြတ်ကိုကိုနှင့်ထင်ပေါ်ဦးက ရောက်ချလာသည်။

"ကောင်းပြည့် . . . ပြီးပြီလားကွ"

"အေး . . . ဒီနေ့ စောစောပြန်မလို့"

မြတ်ကိုကိုက နည်းနည်းဝါသနာပါသည်။ နည်းနည်းပဲဖြစ်သဖြင့် တကယ်တမ်းတော့ ဘာမှမလုပ်ချေ။ သူ့ဟာသူ နေ၏။

"သွားမယ်လေ . . . ကိုလူဝဆိုင် ထိုင်ကြတာပေါ့"

"မင်းကစားတာ လာကြည့်တာပါဆိုမှ"

"နောက်နေ့မှကြည့်ကွာ"

မြတ်ကိုကိုက သိပ်မကျေနပ်။ ဆရာတွေကို နှုတ်ဆက်ပြီး အားကစားခန်းမထဲက ထွက်ခဲ့ကြသည်။ အားကစားခန်းမက သူတို့ရပ်ကွက်ထိပ်မှာပဲဖြစ်သည်။ သုံးယောက်သား စကားတပြောပြောနှင့်ပဲ လျှောက်လာခဲ့ကြသည်။

"ကောင်းပြည့် . . . ဒီနှစ်ကော ရွှေတံဆိပ်ပဲလား"

"ရ,ရမှာပေါ့ကွာ"

"မင်းကတော့ သေချာပါတယ် . . . ယုံပြီးသားပဲ၊ အရင်နှစ်က မင်းတို့ဖိုင်နယ်ပွဲ မကြည့်လိုက်ရတာတော့ နာတယ်ကွာ"

ထင်ပေါ်ဦးက တဟားဟား ဝင်ရယ်သည်။

"ဒါကတော့ မင်းအစ်မ မကောင်းတာပါ မြတ်ကိုကိုရာ၊ သူက နေနိုင်,မထိုင်နိုင် ဖြစ်တာကိုး"

မြတ်ကိုကိုက ပျစ်ပျစ်နှစ်နှစ် လှမ်းဆဲသည်။ သူဆဲတော့မှ ကောင်းပြည့်လည်း တဟားဟား ဝင်ရယ်မိပြန်သည်။ မြတ်ကိုကိုလည်း မနေနိုင်တော့



www.burmeseclassic.com

www.burmeseclassic.com



မချိုသွားဖြူ ဝင်ရယ်ရသည်။

အရင်နှစ် ကောင်းပြည့်ကစားရသော ဖိုင်နယ်ပွဲနေ့က မြတ်ကိုကို၏အစ်မ မင်္ဂလာဆောင်သောနေ့ ဖြစ်နေသည်။ မြတ်ကိုကိုမှာ လာကြည့်ချင်သော်လည်း အစ်မမင်္ဂလာပွဲမှာ လူတကာကို သွားဖြူပြပြီး ဖင်ကျိန်းနေရချိန်ဖြစ်သည်။ (သူက ကောင်းပြည့် တိုက်တာ၊ ခိုက်တာကို ကြည့်ချင်သော်လည်း အခြေအနေအရ တစ်မျိုးဖြစ်သွားသည်)

ကိုလူဝလက်ဖက်ရည်ဆိုင်ကို ရောက်ခါနီးမှာပဲ ကားတစ်စီးက ရှေ့တည့်တည့်မှ မောင်းလာပြီး သူတို့အနားမှ ကပ်၍ဖြတ်သွားသည်။

ကားက ကျော်စိုးညွန့်၏ကား။

မြတ်ကိုကိုနှင့် ထင်ပေါ်ဦး လှည့်ပြန်လိုက်ကြည့်မိကြသည်။ ကားပေါ်မှ ကြည့်သွားသော အကြည့်နှစ်စုံကိုလည်း သူတို့ မြင်လိုက်ကြ၏။ ကားပေါ်မှာ ရွှေနှယ်ရိုးလည်း ပါသွားသည်။ တစ်ယောက်ကိုတစ်ယောက် ပြန်ကြည့်ရင်း ကောင်းပြည့်ကိုကြည့်လိုက်တော့ ကိုလူဝဆိုင်ထဲ ဝင်သွားပြီဖြစ်သည်။ နောက်က လိုက်ဝင်ကြရင်း . . .

"ကောင်းပြည့် . . . မင်း မြင်လိုက်တယ်မဟုတ်လား"

ကောင်းပြည့်က ဘာမှမပြော။ ခေါင်းသာညိတ်ပြသည်။ သူတို့နှစ်ယောက်မှာပဲ မနေနိုင်မထိုင်နိုင် ဖြစ်သွားရပြီး . . .

"ကောင်းပြည့် . . . မင်း အစကပြောတော့ ရွှေနှယ်ရိုးကို မင်းက"

ကောင်းပြည့်က ဖျတ်ခနဲ လှည့်ကြည့်သည်။ သူ့အကြည့်ကြောင့် မြတ်ကိုကိုနှင့် ထင်ပေါ်ဦးတို့ရင်ထဲ တစ်မျိုးဖြစ်သွားရသည်။ ထိတ်ခနဲ . . .။ ကောင်းပြည့်က ထိုသို့ကြည့်လျက်နှင့်ပဲ . . .

"မင်းတို့ပြောတာ ငါနားလည်ပါတယ်၊ ဒါပေမဲ့ မင်းတို့မြင်တဲ့အတိုင်းကို မြင်တဲ့အတိုင်းချည်းပဲ ဆုံးဖြတ်လို့ရှိရင် မင်းတို့ ဘာမှမြင်နိုင်မှာမဟုတ်တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ကောင်းပြည့်စကားကို သူတို့ နားမလည်နိုင်။

ထင်ပေါ်ဦးက ပြောသင့်မပြောသင့် စဉ်းစားလိုက်ပြီးမှ . . .

"ကောင်းပြည့် . . . ငါတို့ပြောချင်တာက ကျော်စိုးညွှန့်ကို ထားလိုက်တော့၊ ရွှေနွယ်ရိုးက ဘာကြောင့် . . ."

"ရိုးရိုးကိုလည်း မင်းတို့ ဘာမှမမြင်ကြပါနဲ့ဦး။ ရိုးရိုးက တော်ရုံတန်ရုံ မိန်းကလေး မဟုတ်ဘူးဆိုတာ မင်းတို့လည်းအမြင်ပဲ"

"အေးလေ . . . ဟုတ်ပါတယ်၊ အခုဟာက . . ."

"သူနဲ့ငါ့ကြားမှာ ပန်းကလေးတစ်ပွင့်ရှိတယ်ကွ၊ အဲဒီပန်းကလေးကို ငါမြင်နေရက်နဲ့ သူဝှက်ထားတယ်"

"ဘာဖြစ်တယ် ကောင်းပြည့် . . . ဘယ်က ပန်းတွေက ပါလာရတာတုန်း"

သူတို့စကားတွေကို နားမထောင်ချင်တော့ပြီလား မသိ၊ ကောင်းပြည့်က နံရံကို ကျောမှီကာ မျက်လုံးစုံမှိတ်ထားသည်။ ဆောင်းဘောက်(စ်)မှ သီချင်းသံတိုးတိုးကို အာရုံခံစားနေဟန်လည်း ရှိ၏။

မြတ်ကိုကိုနှင့် ထင်ပေါ်ဦး ဘာမှပြန်မပြောနိုင်တော့။ ကောင်းပြည့်ကိုသာ နားမလည်ခြင်းများစွာနှင့် ကြည့်နေမိကြတော့သည်။

❁



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

"ငါတို့ ပြောချင်တာ အဲဒါပဲ"

သန္တာကျော်တို့ စကားအဆုံးမှာ ရိုးရိုး ပြန်မေးလိုက်သည်။

"နင်တို့က အဲဒါတွေကို ဘယ်ကသိလာကြတာလဲ"

"မြတ်ကိုကိုတို့ဆီက"

ရိုးရိုး သက်ပြင်းချမိသည်။ ဒီကိစ္စတွေက ဒီလိုပဲဖြစ်လာရမည် ဆိုတာ သိပြီးသား။ ရှည်ရှည်ဝေးဝေး ပြန်ပြောစရာလည်း မရှိ။ လက်ဖက် သုပ်ပန်းကန်ကို အလယ်မှာထားရင်း တစ်ယောက်ကိုတစ်ယောက်ပဲ ကြည့် နေမိကြသည်။

မောင်ငယ်မင်းမင်းက ထမင်းစားခန်းထဲဝင်လာပြီး စားပွဲပေါ်မှ မုန့် တစ်ထုပ်ကို လှမ်းဆွဲသည်။

"ဟဲ့ ... ခုနကလည်း တစ်ထုပ်စားပြီးပြီမဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"သားမှ မဝသေးတာ"

ခါတိုင်းလို လိုက်ဆွဲမည်စိုး၍ မုန့်ထုပ်ကိုကိုင်ကာ အပြေးပြန်ထွက်သွားသည်။ ရိုးရိုးလည်း လိုက်မတားမိ။ ခါတိုင်းလိုဆို ဒီလိုမနက်တိုင်း မောင်နှမနှစ်ယောက် စကားများနေကျဖြစ်သော်လည်း ဒီမနက်တော့ အခြေအနေက မပေး။ သန္တာကျော်၊ ဆုဆုမြတ်နှင့် ခင်ငြိမ်းချမ်းတို့က အိမ်သို့ စောစောစီးစီး ရောက်ချလာကြသည်။

သူတို့ရောက်လာတော့ ရိုးရိုးက နိုးပင်မနိုးသေး။ မေမေက ရိုးရိုးကို လာနှိုးရသည်။ ညက ကိုးရီးယားကားနှစ်ကား ဆက်တိုက်ကြည့်ထားမိ၍ အိပ်မှုန်စုံဖွားနှင့် အောက်ထပ်ဆင်းလာခဲ့တော့ သူတို့က ထမင်းစားခန်းထဲမှာ အသင့်နေရာယူထားကြပြီ၊ ပြောစရာစကားတွေကိုလည်း အသင့်ယူလာကြပုံရ၏။

မျက်စိလျင်၊ နားပါးသော ရိုးရိုးက သူတို့မှာ ကိစ္စတစ်ခုပါလာသည်ကို မြင်ရုံနှင့် တန်းခနဲသိသည်။ သိသော်လည်း သူတို့ကိစ္စကို ခဏထားပြီး ကိုယ့်ကိစ္စကို အရင်ရှင်းရသည်။ ရေချိုးခန်း အရင်ဝင်ရ၏။ သွားတိုက်၊ မျက်နှာသစ်ပြီး မနေနိုင်သော အစာပဟောင်းတွေကိုလည်း ရှင်းရသေးသည်လေ။

ရိုးရိုးပြန်ထွက်အလာကို သူတို့ အတော်အောင့်အီးပြီး သည်းခံထားကြပုံရသည်။ ခုံမှာ ဝင်ထိုင်ထိုင်ချင်းပဲ တစ်ယောက်တစ်လှည့် ထိုအကြောင်းကို ပြောကြလေသည်။ ထိုအကြောင်းဆိုတာက ကျော်စိုးညွန့်၏ အကြောင်းဖြစ်သည်။ သူတို့ပြောတော့လည်း ထူးပြီးမအံ့သြမိ။ ငြိမ်ငြိမ်လေး ထိုင်ကာ နားထောင်နေသော သူမကိုပဲ သန္တာကျော်တို့က တအံ့တသြ ပြန်ကြည့်နေကြသည်။

"ရိုးရိုး ... နင်ကလည်းဟယ်"

"ဘာမှ မဟယ်နဲ့ ... အဲဒီအကြောင်းတွေ ငါသိပြီးသား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဘယ်လို"

သန္တာကျော်တို့ တအံ့တသြဖြစ်သွားကြပြန်သည်။ ဘယ်လိုသိတာလဲ၊ ဘာလဲ ညာလဲနှင့် မေးကြပြန်သည်။ နေပါဦး ... ဟု တားနေရတုန်း မေမေက အခန်းထဲဝင်လာ၍ သန္တာကျော်တို့ ပါးစပ်ပိတ်သွားကြသည်။

ရိုးရိုးက မေမေ့ကို တစ်ချက်ပြန်ကြည့်လိုက်ပြီး ...

"အဲဒီအကြောင်းတွေကို ငါသိရုံတင်မကဘူး ... ငါ့အမေပါ သိတယ်"

"ဘယ်လို"

"အန်တီပါ သိတယ် ... ဟုတ်လား"

သူတို့ တအံ့တသြဖြစ်ပုံကို ခဏခဏ မကြည့်ချင်တော့၍ မေမေ့ဘက်လှည့်ပြီး ...

"အဲဒီကော်ဖီက ဘယ်သူ့အတွက် ဖျော်နေတာတုန်း"

"ကောင်းပြည့်အတွက်"

"ဟင် ... သူရော ရောက်နေတာလား"

မေမေက ကော်ဖီခွက်လေးကိုင်ကာ ခြေလှမ်းပြင်ရင်း ...

"သူ့ပုံစံကြည့်ရတာ ဘာမှစားလာသေးပုံ မပေါ်ဘူး။ ကော်ဖီလေး တစ်ခွက်လောက်တော့ တိုက်ထားမှ"

ပြောရင်း ခပ်သုတ်သုတ် ပြန်ထွက်သွားသည်။ ရိုးရိုး နှုတ်ခမ်းစူလိုက်မိ၏။

မေမေတို့များ ကိုယ့်သမီးလေး ဘာမှမစားရသေးတာကျတော့ ဂရုတောင်မစိုက်ဘူး။ အဲဒီ ကောင်းပြည့်ကတော့ ဘယ်လိုများ ပေါင်းထားတယ်မသိပေါင်။ ဟွန်း ...။

ကိုယ့်လက်ကိုယ့်ခြေနှင့်ပဲ ကော်ဖီတစ်ခွက် ထဖျော်ရသည်။ မီးဖိုရှေ့မှ မင်းမင်း၏ အော်ကြီးဟစ်ကျယ်အသံကို ကြားရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုကြီး ကော်ဖီမြန်မြန်သောက်ဗျာ၊ ပြီးရင် ကျွန်တော်နဲ့ အရုပ်ပြိုင်ပစ်မယ်"

ကြည့် ... မင်းမင်းကိုလည်း ဘယ်လိုပေါင်းထားသည် မသိချေ။ မသိရင် သူ့ယောက်ဖကျနေတာပဲ။ နှစ်ယောက်သား လိုက်လည်းလိုက်တယ်။ ပြော မပြောချင်ဘူး ... ဟွန်း။

"ဟဲ့ ... ရိုးရိုး သကြားတွေ ဘယ်နှဇွန်းတောင် ထည့်နေတာလဲ"

"အဲ"

ဆုဆုမြတ် လှမ်းပြောမှပဲ လက်က အရှိန်သေသွားသည်။ ကိုယ့်ဒေါသနှင့်ကိုယ် လုပ်ပြီးမှပဲ တစ်ခါမှ ဖျော်မသောက်ဖူးသော ကော်ဖီချိုချိုကို ခပ်တည်တည်နှင့် ထိုင်သောက်ပစ်လိုက်သည်။

ရှက်လိုက်တာ ... အဟီး။

"အန်တီက ဘယ်လိုလုပ်သိသွားတာတုန်း ... ပြောပါဦး"

ကော်ဖီက ချိုရသည့်အထဲ သန္တာကျော်က အတင်းမေးသည်။ ရိုးရိုးက အိမ်ရှေ့ဘက်ကို မေးငေါ့လိုက်ပြီး ...

"နင်တို့ကိုယ်တော်ကြီးကို မေးကြည့်လေ"

"ဘယ်က ကိုယ်တော်ကြီးတုန်း"

"အိမ်ရှေ့မှာ အရုပ်ပစ်တော်မူနေတဲ့ ကိုယ်တော်ကြီးလေ ... သူ့ကို မေးကြည့်"

"ပြေည့်ကို ပြောတာလား"

"အေး ... မေးကြည့်၊ ငါကတော့ ငါသွားတာလာတာမှန်သမျှကို ငါ့အမေကို အကုန်ပြန်ပြောနေကျ။ နင်တို့ကိုယ်တော်ကြီးက ငါ့အမေကို ဘာတွေပြောပြထားလဲမသိဘူး၊ သူတို့နှစ်ယောက်ကလည်း ဘယ်ဘဝ ရေစက်တွေကြောင့် ခုလို ခင်မင်တွယ်တာနေရတယ် မဆိုနိုင်"

သန္တာကျော်တို့က တစ်ယောက်ကိုတစ်ယောက် ကြည့်ရင်း မျက်စ



www.burmeseclassic.com

www.burmeseclassic.com



ပစ်ကြသည်။ ရိုးရိုး မသိချင်ယောင်ဆောင်နေလိုက်၏။ ခင်ငြိမ်းချမ်းက မနေ။

"ဒါဆို ကျော်စိုးညွန့်နဲ့ သွားတာလာတာမှန်သမျှကို နင့်အမေက သိတယ်ပေါ့"

"အေး . . . ငါက ပြောပြထားတာပါဆို"

"ဒါဆို သူ့ကို နင် ဘာမှမဟုတ်ဘူးပေါ့ ရိုးရိုး"

"ကိစ္စရှိလို့ အခုလို လုပ်နေရတာပါလို့ ငါပြောထားသားပဲ"

"တော်သေးတာပေါ့ဟယ်၊ ငါတို့က . . ."

"မနေ့ကတော့ ငါ့ကို ရည်းစားစကားပြောလိုက်ပြီ"

"ဟင် . . . နင်ကရော"

"ငါက ဘာဖြစ်ရမှာလဲဟဲ့ . . . သူ့ဘာသာသူ ပြောတာ"

ခင်ငြိမ်းချမ်းက ရင်ဘတ်ကိုဖိသည်။ ရိုးရိုးကတော့ သူ့လို ရင်မဖိနိုင်သောကြောင့် ဘာကိုမှလည်း မဖိပါ။ သန္တာကျော်က မျက်လုံးပြူးကြည့်ပြီး . . .

"ပြည့်ရော အဲဒါကိုသိလား"

"ခုလောက်ဆို ငါ့အမေ ပြောပြီးလောက်ပြီပေါ့"

ရိုးရိုး အေးအေးဆေးဆေးပင် ပြန်ပြောလိုက်သည်။ ပူပူလောင်လောင် မပြောချင်သောကြောင့် ဖြစ်သည်။ သန္တာကျော်တို့ မျက်ခုံးပင့်သွားကြ၏။ ကြာကြာတော့ အံ့သြနိုင်ကြပုံမရ။ သူတို့သူငယ်ချင်း ကောင်းပြည့်၏ အစွမ်းအစကို သူတို့ဘာသာ သိထားကြသောကြောင့်ဖြစ်သည်။

"ဒီကောင် တစ်ခုခုလုပ်လိမ့်မယ်လို့တော့ ငါထင်သားပဲ . . . ဟဲ့ ရိုးရိုး"

"ဘာလဲဟ . . . အလန့်တကြား"

"ပြည့်ကရော နင့်ကို ရည်းစားစကားပြောလာမယ် ဆိုရင်ကော"



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်"

ရိုးရိုး ရှက်သွားရသည်။ ထို့ကြောင့် ဆန်းဆန်းပြားပြား မရှက်ဟု လည်း ဆိုနိုင်သည်။ အချင်းချင်းတွေရှေ့မှာကြောင့် အထူးတစ်ထွေ ဟန်ဆောင်ပန်ဆောင် မလုပ်ဟု ဆိုလိုပါ၏။ (မိန်းမရျေး ကျသွားရသည်)

"နေစမ်းပါဦး ... နင်တို့ကောင်းပြည့်ကရော ငါ့ကို ရည်းစားစကား ပြောမယ်လို့ ပြောနေလို့လား"

"ဟင် ... နင်ကလည်း"

မျက်နှာပြောင်ပြောင် ပြန်မေးတော့လည်း အလန့်တကြားပုံစံ ဖြစ်သွားကြပြန်သည်။

ဘယ်ရမလဲ ရိုးရိုးပဲဟာ ... ဒီလောက်ကတော့ အေးဆေး။

"ငါတို့ကတော့ နင့်ကို ဒီကောင်ပြောတော့ပြောမှာပဲဆိုတာ ယုံတယ်"

"ဒါကတော့ နင်တို့ကိုယ်တော်ကြီး မဟုတ်လို့ ငါလည်းမသိ"

ရိုးရိုး ပြောင်စပ်စပ်လုပ်ပစ်လိုက်သည်။ ဟုတ်သည်လေ ...။ ဒီကိစ္စမျိုးဆိုတာက ကိုယ့်ဘာသာကိုယ်ပဲ အတွေးလေးနှင့် ရင်ခုန်ချင်တာပေါ့။ အခုလိုမျိုးကျတော့ ... အဟီး။

"ဟဲ့ ... ရိုးရိုး"

"လုပ်ပြန်ပြီ ... အလန့်တကြား"

"မေးစရာရှိလို့ ... နင် စိတ်မဆိုးရဘူးနော်"

"ပြောမှာ ပြော"

"ကျော်စိုးညွန့်နဲ့ကိစ္စ ရှိတယ်ဆိုတာက ဘာလဲ၊ ငါတို့ မသိရဘူးလား"

"နောက်ပြီးကျရင် ငါ ပြောပြပါ့မယ်ဟာ၊ အစကတော့ ငါကိုယ်တိုင်လည်း စိတ်ထဲမှာ မရှင်းမလင်းဖြစ်နေလို့၊ အခုတော့ ရှင်းသွားပြီ



www.burmeseclassic.com

www.burmeseclassic.com



ထပ်ရှင်းအောင် လုပ်ဖို့ပဲကျန်တော့တယ်၊ အဲဒီကျရင် နှင်တို့လည်း သိသွားမှာပါ"

ပြောတော့မှ ပိုပြီး မရှင်းမလင်းဖြစ်သွားကြပုံ ရသည်။ ဘာမှတော့ ဆက်မမေးကြ။ ရိုးရိုးလည်း ဘာမှ ဆက်မပြောနိုင်တော့။ မေမေက ထမင်းစားခန်းထဲ ဝင်လာသောကြောင့် ဖြစ်သည်။ ထမင်းစားဖို့ ဝင်လာတာတော့ မဟုတ်။ သူမတို့အားလုံးကို ခါးထောက်ကြည့်ပြီး . . .

"ဟဲ့ . . . အပြင်မှာ ကောင်းပြည့်က ဖင်တကြွကြွဖြစ်နေပြီ၊ နှင်တို့သွားစရာရှိတာ သွားကြတော့လေ၊ တကတည်း စကားကောင်းနေလိုက်ကြတာ"

မေမေ့စကားကြောင့် ရိုးရိုးက . . .

"နှင်တို့က ဘယ်သွားကြမလို့လဲ"

"ဒီနေ့ ကောင်းပြည့်မွေးနေ့လေ၊ အဲဒါ ငါတို့ကို တစ်ခုခုကျွေးပြီး တိုင်းရင်းသားကျေးရွာကို သွားကြမလို့ နှင့်ကိုလာခေါ်တာ"

"ဟယ်"

အမှန်အတိုင်း ပြောရလျှင် ရိုးရိုး ပျော်သွားမိသည်။ ဒီလိုမျိုး သူငယ်ချင်းတွေစုဝေးပြီး မသွားရတာလည်း အတော်ကြာပြီ။ ပြီးတော့ တိုင်းရင်းသားကျေးရွာဆိုတာကိုလည်း ခရီးဝေးသဖြင့် တစ်ခါမှပင် မရောက်ဖူး။ ဒီနေ့တော့ ကောင်းပြည့်၏ကောင်းမှုဖြင့် ရောက်ရတော့မည်ပေါ့။ စိတ်ထဲ ပျော်သွားရင်း . . .

"နှင်တို့ကလည်း စောစောစီးစီးမပြောဘူး။ ကောင်းပြည့်ကို အားနာစရာကြီး . . . အဟိ"

ပြောင်စပ်စပ်ပြောခဲ့ရင်း ရေချိုးခန်း တစ်ခါဝင်ရပြန်သည်။ ဒီအတိုင်းကြီးတော့ မလိုက်နိုင်ပါ။ ရေမိုးချိုးလိုက်မှ စိတ်က ကြည်ကြည်လင်လင်လေးဖြစ်မည်။ နဂိုက မကြည်မလင် မဟုတ်သော်လည်း ရေမိုးချိုးလိုက်မှ



www.burmeseclassic.com

www.burmeseclassic.com



နေသာထိုင်သာရှိသည်။ ရေချိုးနေတုန်း မေမေနှင့်မင်းမင်း၏ အချီအချ စကားပြောသံကို ကြားရသည်။

"မင်းမင်း ... အဲဒီသေနတ်ကြီးက ဘာလုပ်မှာတုန်း ... ကန့်လန့် ကန့်လန့်နဲ့"

"ဟိုရောက်ရင် အစ်ကိုကြီးနဲ့ သေနတ်ပြိုင်ပစ်မယ်လေ"

"ဟဲ့ ... မျက်လုံးတွေ မှန်ကုန်မယ် ... ထားခဲ့"

"မထားခဲ့ပါဘူး ... အစ်ကိုကြီးက ယူချင်ယူလာခဲ့တဲ့"

"သူက နင်နဲ့ဆော့မယ်လို့ ပြောလို့လား"

"ဆော့မလို့ပဲ သားကိုခေါ်တဲ့ဥစ္စာ"

ကြည့်ရတာ မင်းမင်းကိုပါ လိုက်ခဲ့ဖို့ခေါ်သည်ထင်သည်။ မင်းမင်း ပျော်နေပုံလည်း ရ၏။ သူက သူ့အစ်မလိုပဲ သွားရလာရမည့်ကိစ္စဆိုလျှင် သိပ်ပြီး ဝါသနာမပါချေ။ ကိုယ့်မောင် မျောက်လောင်းကို အတော်ကြည့် ထိန်းရမည့်သဘောမှာ ရှိသည်။ ဒါမှမဟုတ် ကောင်းပြည့်ပဲ ထိန်းပလေ့စေ ... သူခေါ်တာပဲဥစ္စာ။

"မရွှေရိုးရိုး ... မပြီးသေးဘူးလား၊ အပြင်မှာ စောင့်နေကြပြီ"

မေမေက တံခါးလာခေါက်သည်။ မင်းမင်း၏ မကျေမနပ်ပြောသံ ကလည်း တစ်ဆက်တည်း ...

"မမကလည်း မပြီးတော့ဘူး ... အစ်ကိုကြီးစောင့်နေတာ ကြာပြီ"

"ပြီးပြီဟေ့ ပြီးပြီ ... နင့်ယောက်ဖကို သွားပြောလိုက်"

ရိုးရိုး၏အသံကလည်း လန်းလန်းဆန်းဆန်း၊ လတ်လတ်ဆတ် ဆတ်။

❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

မြတ်ကိုကိုနှင့် ထင်ပေါ်ဦးတို့နှစ်ယောက်က ကားမှတ်တိုင်မှာပဲ စောင့်နေကြသည်။ သူဌေးသားက ဘတ်(စ်)ကားနှင့် သွားမည်ဆို၍ တပျော်တပါးကြီး ဖြစ်သွားရသည်။ ကားမှတ်တိုင်ကို လမ်းမလျှောက်လိုက်ရပါ။ ကောင်းပြည့်အသိ ဆိုက်ကားဆရာတွေက ဆိုက်ကားသုံးစီးနှင့် လိုက်ပို့ကြသည်။

"အိမ်ကကားက ငါ့အစ်မ မလတ် ခဏယူသွားလို့ မစောင့်နိုင်တော့တာနဲ့ . . ."

"အေးပါ . . . ငါက ဘာပြောလို့လဲ၊ ဘတ်(စ်)ကားမှာလည်း ဘီးပါတာပဲဟာ"

"နင်တောင် မဆိုးဘူး . . . ငါသဘောကျအောင် ပြောတတ်တာပဲ"

"အောင်မာ"



www.burmeseclassic.com

www.burmeseclassic.com



ဆိုက်ကားပေါ်မှာ ကျောချင်းကပ်ရင်း ရိုးရိုးနှင့် ကောင်းပြည့် စကားများရသေးသည်။ ကားမှတ်တိုင်ရောက်တော့ သန္တာကျော်စီးလာသည့် ဆိုက်ကားကို စောင့်ရသေး၏။ ဆိုက်ကားဆရာမှာ သန္တာကျော်ကို တင်ပြီး မနည်းနင်းလာရပုံပေါ်သည်။ ဒါတောင် မင်းမင်းနှင့် တွဲစီးခိုင်း၍ သက်သာသွားခြင်းဖြစ်သည်။ ဆိုက်ကားဆရာက ရယ်ကျဲကျဲလုပ်နေ၏။

"ကိုရေအေး ... ပင်ပန်းတယ်လို့တော့ သဘောမထားနဲ့ဗျာ၊ သူ့ကိုဘုန်းတော် နောက်မှ ကိုယ်ဖော့ပညာ သင်ပေးထားလိုက်ပါ့မယ်"

ဆိုက်ကားဆရာ ကိုရေအေးက ကောင်းပြည့်စကားကို ရယ်ရယ်မောမော လုပ်ကာ ပြန်လှည့်ထွက်သွားသည်။ ဆိုက်ကားခပင် ယူမသွား။ သန္တာကျော်မှာပဲ ဆဲဟယ်ဆိုဟယ်နှင့်။ မင်းမင်းက သေနတ်နှင့် ခါးလိုက်တို့နေ၍ သန္တာကျော်ပုံစံက ရယ်စရာကောင်းနေသည်။ ကားမှတ်တိုင်မှာဖြစ်နေ၍ ရိုးရိုးက ဝင်ဟန့်ရ၏။

"မင်းမင်း ... ကိုယ့်ထက်အကြီးတွေကို လိုက်မစနဲ့လေ"

မင်းမင်းပုံစံက သေနတ်အတိုတစ်လက်၊ အရှည်တစ်လက်နှင့် မျက်စိရှုပ်စရာကောင်းနေသည်။ ကားပေါ်တက်တော့လည်း ဟိုထိုးဒီထိုးနှင့်။ သေနတ်ကြီးက အငြိမ်မနေ။

"ဟဲ့ ပလုတ်တုတ် ... ကုလားကြီးနဲ့ ငါနဲ့လုပ်"

ယောင်တတ်ပုံရသော အန်တီကြီးတစ်ယောက်ကို သေနတ်နှင့်ထိုးမိ၍ အနီးမှ ခရီးသည်တွေအားလုံး ပွဲကျသွားသည်။ မင်းမင်းကို လိုက်ဆွဲရင်း ကားကလည်း ဆောင့်အထွက် ရိုးရိုးလဲကျမလိုပင် ဖြစ်သွား၏။

"မင်းမင်း ... အိုး အမေ့"

ကောင်းပြည့်က လှမ်းထိန်းလိုက်၍ ရိုးရိုး သက်သာသွား၏။ သို့သော်လည်း ရိုးရိုးမှာ ရှက်သွားရသည်။ ပျော်တတ်ပုံရသော လူငယ်တစ်ဦးကဟေးခနဲ လှမ်းအော်ကြ၏။ ကောင်းပြည့်က သူ့နှာခေါင်းသူကိုင်ရင်း ကြောင်



www.burmeseclassic.com

www.burmeseclassic.com



နေသည်။ ရိုးရိုးကတော့ ကိုယ့်ပါးကိုယ် ပြန်မကိုင်နိုင်ဘဲ အရှက်မျက်နှာကို ဖုက်ရင်း မင်းမင်းခေါင်းကို လှမ်းခေါက်ရသည်။

"အား ... နာတယ် မမရဲ့ ... ကျွန်တော် ဘာလုပ်လို့လဲ"

မင်းမင်းက မကျေမနပ်ပြန်ပြောသည်။ သူက ဘာမှသိလိုက်ပုံ မပေါ်။ သိလိုက်သည့် ရိုးရိုးကပဲ 'နင်လုပ်တာ မဟုတ်ဘူးဟေ့ ... နင့်ယောက်ဖလုပ်တာ'. ဟုပဲ စိတ်ထဲက ပြောလိုက်ရသည်။

ကာယကံရှင်ကောင်းပြည့်ကတော့ မျက်နှာထားတည်တည်ကြီး ဖြစ်နေ၏။

"တောက်"

ကားစတီယာရင်ကို ကိုင်ရင်း ကျော်စိုးညွှန့် တောက်ခေါက်လိုက်သည်။ သူ့ကိုယ်သူ ဘာဖြစ်သွားမှန်း မသိလိုက်။ ထွက်သွားသောကားကို လိုက်ကြည့်ပြီး ပါးစပ်က ရိုင်းရိုင်းစိုင်းစိုင်း ထွက်သွားသည်။

"... ... ... ..."

ရွှေနှယ်ရိုးတို့ မလာခင်ကတည်းကပဲ သူ့ကားကို ကားမှတ်တိုင်နှင့် မနီးမဝေးမှာ ရပ်ထားခဲ့သည်။ ရွှေနှယ်ရိုးတို့လာတာ မြင်သဖြင့် ကားထဲမှ ကြည့်နေခဲ့သည်။ ရွှေနှယ်ရိုးက သူ့ကားကို မြင်ပုံမရ။ သားကောင်းပြည့်ကတော့ ဘတ်(စ်)ကားပေါ်မတက်ခင် တစ်ချက်လှမ်းကြည့်သွားသည်။

အဖွဲ့လိုက်ကြီး ဘယ်သွားကြမည် မသိ။ ရွှေနှယ်ရိုးပုံစံက မုန့်ရသော ကလေးလို မြူးထူးသွက်လက်နေသည်။ ကားမှတ်တိုင်ကို လာတော့လည်း သားကောင်းပြည့်နှင့် ဆိုက်ကားအတူစီးလာသည်။ ရယ်ရယ်မောမောနှင့်။ သားကောင်းပြည့်ပုံစံကလည်း တစ်ခုခုကို ကျေနပ်နေပုံမျိုး။

တောက် ...။ ဒီကောင်နဲ့ ရွှေနှယ်ရိုးက ဘယ်လောက်အောင် ရင်းနှီးနေကြတာလဲ။ ငါ ရွှေနှယ်ရိုးကို ဖွင့်ပြောထားသလိုမျိုး ဒီကောင့် ဘက်ကရော။



www.burmeseclassic.com

www.burmeseclassic.com



သားကောင်းပြည့် ဝင်နှောင့်လျှင် သူ့အခြေအနေက တစ်မျိုးဖြစ်သွားနိုင်သည်။ ပြော၍မရ ...။ ဒီကောင် ဝင်နှောင့်ချင် နှောင့်ထားနိုင်သည်။

"တောက်"

မကျေမနပ်နှင့် တောက်ခေါက်မိပြန်သည်။ မျက်မှန်ကို ခပ်ကြမ်းကြမ်း ဆွဲချွတ်လိုက်စဉ်မှာပဲ ဖုန်းမြည်သံက နားထဲဝင်လာသည်။

"ကျွတ်(စ်) ... ဟိုကောင်တွေ ဘာအဆင်မပြေပြန်ပြီလဲ မသိဘူး"

ဝေယံဆီမှထင်၍ ဖုန်းနံပါတ်ကို ကြည့်လိုက်တော့ ကျော်စိုးညွန့်မျက်မှောင်ကြုတ်သွားမိသည်။ ဝေယံဆီမှ မဟုတ်။ မနေ့က သူ အပြတ်ဖြတ်ခဲ့သည့် အဆက်တစ်ယောက်ဆီမှ ဖြစ်နေသည်။

"ဒီဟာမက ဘာလဲကွာ ... ကိစ္စက မပြီးနိုင်သေးဘူးလား၊ လာနှယ်ချင်သေးတယ်"

ပြီးပြီ ...။ မနေ့ကကောင်မလေး ဖြစ်ပြီဆိုမှတော့ ကျော်စိုးညွန့်တို့နာဇဝင်မှာ လှည့်မကြည့်တတ်။ ဖြတ်တုန်းကတော့ ဝေတီမက မျက်ရည်ခံဆိုးသေးသည်။ စိတ်မပါတော့၍ ဇာတ်လမ်းသာ မြန်မြန်ဖြတ်ခဲ့သည်။ အခုဝေတီမက ဖုန်းဆက်ပြီး ဇာတ်လမ်းမပြတ် လုပ်ချင်နေပုံရသည်။

ဖုန်းကိုပိတ်လိုက်ပြီး ကားနောက်ခန်းထဲ ပစ်ထည့်လိုက်သည်။ တော်ပြီ ... စိတ်မဝင်စားတော့။ လောလောဆယ် သူစိတ်ဝင်စားနေတာက ရွှေနှယ်ရိုး။

ကောင်မလေးက လှသည်။ ဆွဲဆောင်မှုရှိသည်။ သူ့အတွေ့အကြုံတွေအရ ဘယ်လိုအမျိုးအစားထဲကဆိုတာ သဘောပေါက်သည်။ အဲဒီတော့ သူကြွေသွားမိသည်။ ကြွေသွားတော့ ဖယားခင်းလိုက်သည်။ ဖွင့်ပြောလိုက်သည်ပေါ့။ ရွှေနှယ်ရိုးကလည်း လိုက်လိုက်လျောလျောရှိသည်။ အခြေအနေမဆိုး။



www.burmeseclassic.com

www.burmeseclassic.com



သားကောင်းပြည့်မျက်နှာက မျက်လုံးထဲ ကန့်လန့်ကန့်လန့် ဝင်လာသဖြင့် ခေါင်းကိုယမ်းခါထုတ်လိုက်သည်။

'ဂလောက် ဂလောက်'

ဝေယံနှင့် သားထွေး ...။ ကားနောက်ခန်းကိုဖွင့်ကာ မျက်စိပျက် မျက်နှာပျက် ဝင်လာကြသဖြင့် ...

"ဘာဖြစ်လာကြတာလဲ ... မရခဲ့ဘူးလား"

ဝေယံနှင့်သားထွေး တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကြသည်။ ကျော်စိုးညွှန့် စိတ်မရှည်။

"ဟော့ကောင်တွေ ဘာဖြစ်လာကြလို့လဲ ... မင်းတို့ပထွေး လိုက်လာလို့လား"

ဝေယံက အထစ်ထစ်အငေါ့ငေါ့နှင့် ...

"အဆင်မပြေဘူး ကျော်စိုးညွှန့် ... အခြေအနေက ငါတို့တောင် မနည်းရှောင်လာရတယ်၊ ငါးသိန်းဖိုးလောက်တော့ ပါသွားပြီနဲ့တူတယ်"

"ဘာကွ"

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

ပြဿနာတော့ မဟုတ်ပါ။ မဟုတ်သော်လည်း သူက ဟုတ်အောင် လုပ်နေသလို ဖြစ်နေသည်။

ရှိုးရှိုးက မျက်နှာနီနီလေးနှင့် ခါးထောက်ကာ ...

"ကောင်းပြည့် ... နင် ဘာပြောတယ်"

ကောင်းပြည့်က ခပ်တည်တည်မျက်နှာပေးကို တမင်မသိသာ၊ သိသာအောင် လုပ်ထား၏။

"ဟုတ်တယ်လေ ... နင်လည်း ရုတ်တရက် အံ့ဩဝမ်းသာပြီး ထိန်းမနိုင်သိမ်းမနိုင် ဖြစ်မသွားအောင် ... ငါလည်း ..."

"ဩော် ... ငါက အဲလိုဖြစ်ရမယ်ပေါ့"

"စေတနာနဲ့ပါ"

"ကဲ ... အဲဒါ စေတနာချင်ဦး"



www.burmeseclassic.com

www.burmeseclassic.com



ရှိုးရှိုးက ချစ်စရာကောင်းလှသော အမူအရာလေးနှင့် လိုက်ရိုက်တော့သည်။ ကောင်းပြည့် ဟိုကာဒီကာလုပ်ရင်း ...

"ငါက စကားအဖြစ်ပြောတာပါ ရှိုးရှိုးရယ်၊ နင်က စိတ်ချည်း (ကြီး) ပဲ"

"ကြီး ကြီး"

ရုပ်ကလေးလှသလောက် လက်ကလည်းမြန်သည်။

"ငါ့မျက်လုံးတွေ ထိမယ်နော်"

"ထိ ထိ"

"လက်စသတ်တော့ လက်တစ်ထောင်ဒေဝီနဲ့ လာတွေ့နေတာကိုး"

ကောင်းပြည့် ရှောင်နေရသည်။ မရှောင်လို့လည်း မဖြစ်ချေ။ ရှိုးရှိုးက အလှရိုက်ခြင်းမဟုတ်ဘဲ အမှန်အကန်လိုက်ရိုက်နေခြင်း ဖြစ်သည်။ မနေနိုင်သောပါးစပ်ကြောင့် ကောင်းပြည့် အရိုက်ခံနေရ၏။

တိုင်းရင်းသားကျေးရွာထဲရောက်တော့ ဟိုလျှောက်ဒီလျှောက်နှင့် ညောင်းလာကြသဖြင့် နားနေဆောင်တစ်ဆောင်ထဲ ဝင်နားကြသည်။ နားနေဆောင်ရှေ့မှာ ကန့်ကြီးတစ်ကန့်ရှိပြီး ဟိုဘက်ဒီဘက် ကူးနိုင်သော သစ်သားတံတားကြီးလည်းရှိသည်။ တံတားကြီးအောက်မှာတော့ ကြာပန်းတွေ အစုလိုက်အပြုံလိုက် ရှိနေသည်။

ရှိုးရှိုးက ကြာပန်းတွေလှသည်ဆိုပြီး တံတားပေါ်တက်သွားသည်။ ကောင်းပြည့်က လိုက်သွား၏။ ရည်ရွယ်ချက်ကတော့ ပီယဝါစာ ချစ်ဖွယ်သောစကားကို ကိုယ့်သဘောနှင့်ကိုယ် လိုက်လံပြောကြားရန်ဖြစ်သည်။

ရှိုးရှိုးက ကြာပန်းလေးတွေ ငုံ့ကြည့်နေသည်။ ကောင်းပြည့်က ရှိုးရှိုးကိုသာ ငုံ့ကြည့်ပြီး ...

"ရှိုးရှိုး ... ကြာပန်းလေးတွေ လှတယ်နော်"

"အင်း"



www.burmeseclassic.com

www.burmeseclassic.com



"နင်လိုချင်ရင် ငါခူးပေးမယ်လေ"

ကောင်းပြည့်အသံက အီတီတီဖြစ်နေသဖြင့် ရိုးရိုး လှည့်ကြည့်လိုက်သည်။ မျက်လုံးချင်းအဆုံမှာ သဘောပေါက်သွားပြီး ရင်ဖိုချင်သလိုဖြစ်သွားမိသည်။ ကောင်းပြည့်က သူမကို ခပ်စိုက်စိုက်လေး ကြည့်နေ၏။ ရိုးရိုး မျက်လုံးလွှဲလိုက်ရင်း ...

"မလိုချင်ပါဘူး ... ကြာပန်းကြီးကိုင်ပြီး ငါက ဘာလုပ်ရမှာလဲ"

"ငါ့ကိုပေးပေါ့"

"ဟင်"

"နင် ... ငါ့ကို ပန်းမပေးရသေးဘူးလေ"

"ငါက ဘယ်တုန်းက ပေးမယ်လို့ ပြောထားလို့လဲ"

"ငါ နင့်ကို ဉာဏ်စမ်းမေးထားတာလေ၊ ပန်းအိုးသုံးအိုးထဲမှာ ပန်းနှစ်ပွင့် အညီအမျှ ဘယ်လိုစိုက်မလဲလို့ မေးထားတာ နင် မဖြေသေးဘူး"

ရိုးရိုး သဘောပေါက်သည်။ သို့သော်လည်း ထိုမေးခွန်းက ကောင်းပြည့် ဉာဏ်များပြီးမေးထားသော မေးခွန်းဖြစ်သဖြင့် ...

"မဖြေနိုင်ပါဘူး"

"ဘာလို့"

"နင် လှူလည်ကျထားတာကိုး"

"ငါ ဘယ်မှာ လှူလည်ကျလို့လဲ"

"ငါ မဖြေနိုင်လို့ ပန်းပေးတယ်ဆိုရင် ပန်းသုံးပွင့် ဖြစ်သွားပြီလေ၊ နင်က ပန်းအိုးထဲ အညီအမျှ စိုက်တော့မှာပေါ့"

"နင်သိသားပဲ"

"ငတုံးမှ မဟုတ်တာ"

"ဘာပဲဖြစ်ဖြစ် ပန်းလေးတော့ ပေးသင့်ပါတယ်ဟာ၊ ငါလ တစ်သက်လုံး သိမ်းထားမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



ကောင်းပြည့်အသံက တစ်မျိုးဖြစ်နေသည်။ အတွေးစကို ဖမ်းမိပြီး ရိုးရိုး ရှက်သလိုဖြစ်သွားမိသည်။ မိန်းကလေးသဘာဝ ကောင်းပြည့် ဘာကို ဆိုလိုသည်ဆိုတာ ရိပ်မိသည်ပဲ။ ယောင်ယမ်းပြီး ပါးကို လက်နှင့်စမ်း လိုက်မိသေးသည်။ ဒီကိုအလာ ကားပေါ်မှာတုန်းက . . .။

ရုတ်တရက် ဆော့ကစားလိုက်သော လေပြည်က ကန်ရေပြင်ကို လှိုင်းကြက်ခွပ်လေးများဖြစ်အောင် ဖန်တီးလိုက်သည်။ ကြာငုံပန်းအချို့က ရှက်ရွံ့ငုံ့ကိုင်းကျသွားသလို လှုပ်လွန့်ယမ်းခါလျက်။

မသိစိတ်၏ ရုန်းကြွလာသော စေ့ဆော်မှုတစ်မျိုးကြောင့် ရိုးရိုး ခေါင်းကို မော့ကြည့်လိုက်သည်။

"ဟင်"

"ဟဲ ဟဲ ဟဲ"

ကောင်းပြည့်က မချိမချဉ်လုပ်နေ၏။ ထိုပုံစံကြောင့် ရိုးရိုးစိတ်ထဲမှာ ယားကျိကျိ ဖြစ်သွားရသည်။

"ကောင်းပြည့် . . . နင် ဘာရယ်တာလဲ"

"ဟဲ ဟဲ . . . ငါသိပါတယ်"

"ဘာသိတာလဲ"

"ငါသိပါတယ်ဆို၊ ဟဲ ဟဲ . . . ငါသိတာပေါ့"

ဘာသိတာလည်းတော့ မသိ။ ရိုးရိုး မျက်စောင်းထိုးလိုက်စဉ်မှာပဲ ကောင်းပြည့်မျက်နှာက ချို၊ ချဉ်၊ ဖန်၊ ငန်၊ စပ်၊ ခါး၊ စိမ့်၊ အီ ဖြစ်သွားကာ . . .

"ငါ နင့်ကို ရည်းစားစကားပြောတော့မယ်ဆိုပြီး နင် မှမလို့ ကြံနေ တာမလား"

"ဘာ"

ဒေါသဖြစ်တာလား၊ ရင်ဖိုသွားသည်လား ရိုးရိုး မေ့သွားတတ်တော့။



www.burmeseclassic.com

www.burmeseclassic.com



ကောင်းပြည့်က ပိုင်စိုးပိုင်နင်းမျက်နှာကြီးနှင့် ဆက်ပြောသေးသည်။

"စိတ်ချပါဟာ ... နင့်ရဲ့ပိုင်ခွင့်ကို ငါ အတင်းကြီး မချိုးဖောက်ပါဘူး။ ငါလည်း အခုချက်ချင်း ပြောသင့်,မပြောသင့်ဆိုတာကို စဉ်းစား ... စား"

"ဘာပြောတယ်"

ပြဿနာကို နားနေဆောင်ထဲမှ လှမ်းမြင်လိုက်သော သန္တာကျော်တစ်ယောက် အလန့်တကြား ဖြစ်သွားမိသည်။

"ဟိုကောင် ပြေည့်တစ်ကောင်ကတော့ ဘာသွားစပြန်ပြီလဲ မသိဘူး၊ ဟုတ်ပုံဟုတ်ပန်းနဲ့ ငါက လွှတ်ထားမိပါတယ်၊ ကိုယ်တော်က ... ဟွန်း"

ထင်ပေါ်ဦးနှင့် ခင်ငြိမ်းချမ်းက သူမ,ပြောသည်ကို ကြားပုံမပေါ်။ အကြည့်ဆိုက်နေကြသည်။ မြတ်ကိုကိုနှင့် ဆုဆုမြတ်ကလည်း အခုမှ ဘာဖြစ်နေကြသည်မသိ။ နှစ်ယောက်သား စကားပြောရင်း လှည့်ပင်မကြည့်ချေ။ မင်းမင်းကတော့ သေနတ်တစ်လက်နှင့် အလုပ်ရှုပ်နေ၏။

သန္တာကျော်လည်း သက်ပြင်းသာဆောင့်ချရင်း ...

"မကြီးမငယ်ကြီးတွေကို ငါက လိုက်ထိန်းရဦးမယ်၊ ဟင်း ... ငါ နော်"

မကြီးမငယ်ကြီးတွေကို ထိန်းရန်အတွက် ကြီးကောင်ကြီးမားကြီးဖြစ်သော သန္တာကျော် လိုက်သွားရတော့သည်။

အပီကောမည်ကြီးရင်း တံတားပေါ်ရောက်တော့ ကောင်းပြည့်ကို မတွေ့ရချေ။ ရှိုးရှိုးကလည်း မျက်လုံးအဝိုင်းသားနှင့်။ အခုလေးတင် မျက်စိရှေ့က ပျောက်သွားသဖြင့် ...

"ရှိုးရှိုး ... ဟိုကောင် ပြေည့်ရော"

ပြေည့်ရောဆိုသည့်အတိုင်း ကောင်းပြည့်က အမှုပင် ရောနေရ

www.burmeseclassic.com



ပါသည်။ ရေရောနေခြင်း ဖြစ်သည်။ အရက်ထဲကိုတော့ မပာတ်။ ရှိုးရှိုး လိုက်ရိုက်သည်ကို ရှောင်ရင်းတိမ်းရင်းနှင့် ရေကန်ထဲပြုတ်ကျသွား၍ တစ်ကိုယ်လုံးကို ရေအရောခံနေရခြင်းပင်။ ဖြစ်ချင်တော့ တံတားလက်ရန်း မရှိသည့်နေရာမှ ခြေချော်ကာ ကျသွားရသည်။ တစ်ကိုယ်လုံးလည်း ကြွက်စုတ်ဖြစ်နေပြီ။ လောလောဆယ်တော့ ရေနည်းနည်း မွန်းသွားသဖြင့် တံတားတိုင်ကို ဖက်ထားရသည်။

ရက်စက်လိုက်တာ လက်တစ် ထောင်ဒေဝီရယ်။ အဲလေ ... ရှိုးရှိုး ရယ်။

ပါးစပ်ထဲကိုလည်း ဘာတွေ ဝင်ကုန်သည်မသိ ...။ ငနိကျိကျိနှင့်။

'ဖွီး ... ဖလူး'

"ဟဲ့ ငပြည့် ... ဘယ်လိုလဲ ... ရရဲ့လား"

တံတားပေါ်မော့ကြည့်လိုက်တော့ သန္တာကျော်ကို တွေ့ရသည်။ ရှိုးရှိုးက ဘေးမှာ။ နှစ်ယောက်စလုံး အပေါ်တည့်တည့်မှာ လာရပ်နေကြသည်မို့ ...

"အေး ... ရတယ် ရတယ်၊ နင်တို့ အဲဒီမှာ ရပ်မနေကြနဲ့၊ ငါ့ဟာငါ တက်ခဲ့မယ်"

"ဟယ်"

"အမေ့"

အခြေအနေကို သဘောပေါက်စွာ နေရာရွှေ့သွားကြသည်။ ကောင်းပြည့်ကလည်း ဘာမှ မမြင်ပါ။ မြင်ရမည်စိုး၍သာ ပြောလိုက်ခြင်းဖြစ်သည်။ မတော်တဆ အို ... အဆဲခံရသလိုပင် ဖြစ်နေနိုင်သေးသည်။ ပြီးတော့ မျက်နှာလည်း ပူစရာကောင်း ဟယ် ... မမြင်ဆို မမြင် ... ပြီးပြီနော်။

ထိုအနေအထားမှ လွတ်မြောက်သွားသော မျက်နှာမသာပူနှင့်ပဲ တံတားပေါ် ပြန်ရောက်တော့ သန္တာကျော်က ...



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... မှတ်ပြီလား အဲဒါ"

ကောင်းပြည့် မျက်နှာလေး ငယ်လိုက်ရသည်။

"အေးပါဟာ ... နောက်ဆို ငါ မော့မကြည့်တော့ပါဘူး"

"အယ်"

"ဟင် ... ဘာလဲ ပြေည့် ... နင်နော်"

"အဟီး"

"သေနာ"

သန္တာကျော်က ထိုအသံကို အံကြိတ်ပြီးပြောသည်။ ကောင်းပြည့် မျက်လုံးထဲမှာတော့ ရိုးရိုး၏ ရှက်စနိုးပုံစံလေးကိုသာ မြင်နေရသည်။ ရိုးရိုးက သူ့ကိုမကြည့်။ ခေါင်းငုံ့ထားသည်။ သန္တာကျော်က ...

"နင်က ဒီအဝတ်အစားတွေနဲ့ ဘယ်လိုလုပ်မှာလဲ"

"မတတ်နိုင်ဘူးလေ၊ ထန်းသီးကြွေခိုက် ကျိုးနင်းလိုက်ဆိုတော့ အပြစ်တော့ မတင်ရက်ပါဘူး"

"အောင်မာ ... အပြစ်တင်လို့ရော ရမလား ... နင်က"

သန္တာကျော်စကားက တစ်ပိုင်းတစ်စနှင့် ရပ်သွားသည်။ တံတားပေါ်သို့ ကောင်မလေးနှစ်ယောက် အပြေးလျှောက်လာကြပြီး အနားရောက်တော့ ...

"ဟဲ့ ... ရိုးရိုး"

"ဟယ် ... ဖြူသွယ်၊ မိမြတ် ... ကြည့်စမ်း"

ရိုးရိုး၏အသိတွေ ထင်သည်။ အချင်းချင်း ဖက်လှဲတကင်း နှုတ်ဆက်ကြသည်။ ကောင်မလေးတစ်ယောက်က ...

"ငါတို့နှစ်ယောက်တည်းမဟုတ်ဘူး ရိုးရိုးရဲ၊ အင်ကြင်းနဲ့ ပုံပြည့်လည်း ပါသေးတယ်"

"ဟင် ... အင်ကြင်းပါတယ် ... ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... ခေါ်သာခေါ်လာရတာပါဟယ်၊ တမှိုင်တွေတွေနဲ့ ဘာဖြစ်နေမှန်းလဲ မသိဘူး။ ဘာမှလည်း မေးလို့မရဘူး"

"ဟယ် နေဦး ... ဒါဆို ငါလိုက်ခဲ့မယ်၊ အင်ကြင်းနဲ့ စကားပြောစရာရှိလို့"

"အေး ... လိုက်ခဲ့လေ၊ နင့်လူကိုလည်း ပြောခဲ့ဦး"

"ဘယ်က ငါ့လူလဲ"

"ဟိုတစ်ယောက်လေ"

ကောင်းပြည့်ကို လှည့်ပြောနေခြင်း ဖြစ်သည်။ (ကောင်းပြည့်သဘောခွေ့သွားသည်) ရိုးရိုးကတော့ မျက်နှာထားတည်တည်တင်းတင်းလေးနှင့် လှည့်လာပြီး ...

"သန္တာကျော်"

"ဟေ"

သန္တာကျော်ကို ခေါ်ခြင်းဖြစ်သော်လည်း ကောင်းပြည့်ကို လမ်းကြုံမျက်စောင်းထိုးသွားသည်။

"ငါ ခဏလိုက်သွားမယ် ... သိလား၊ မကြာဘူး"

"အေး အေး"

သန္တာကျော်က ဘုမသိ၊ဘမသိ ခေါင်းညိတ်လိုက်သော်လည်း ကောင်းပြည့်က (ပါးစပ်က မနေနိုင် မထိုင်နိုင်) ...

"အရေးကြီးတယ်ဆိုရင်လည်း ခေါ်သွားလေ၊ ကျွန်တော် စိတ်ချနေမယ်နော်"

ကောင်မလေးနှစ်ယောက်က တခစ်ခစ်ရယ်ရင်း ...

"စိတ်ချပါရှင် ... ဘေးမသီရန်မခ မွဲ့တစ်ပေါက်မစွန်းစေဘဲ အရောက်ပြန်ပို့ပါ့မယ် ... စိတ်မချ မဖြစ်ပါနဲ့"

"ဒီလိုပဲပေါ့ဗျာ ... ဟဲ ဟဲ"



www.burmeseclassic.com

www.burmeseclassic.com

နိုးနိုးက နှုတ်ခမ်းလေးကိုက်ကာ မျက်စောင်းလေးရွယ်သွားသည်။ ကောင်းပြည့်ရင်ထဲ နိုးလိုးခုလုကြီး ဖြစ်ကျန်ခဲ့၏။

နိုးလိုးခုလုပင် လွှတ်လွှတ်လပ်လပ် မခုလုရ။

သန္တာကျော်က နှုတ်ခမ်းကြီးရွဲ့ကာ ခေါင်းကြီးတညိတ်ညိတ်လုပ်ပြီး ကြည့်နေသည်။

"အာ ... ဟီး"

ကောင်းပြည့်လည်း ရှုံးသလို ပေါ်သလို လုပ်ပေးလိုက်ရသည်။

❁



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

ကျော်စိုးညွန့်တစ်ယောက် ကိုယ့်နားပင် ကိုယ်မယုံနိုင် ဖြစ်သွားရသည်။ နားကြားများ လွဲလေသလားဟုပင် တွေးမိလိုက်ပြီး ဖုန်းကို ခပ်တင်းတင်း ဖိကပ်နားထောင်လိုက်ရင်း အမောတကော ပြန်မေးလိုက်မိသည်။

"ဘယ်လို ဘယ်လို ... ရွှေနှယ်ရီး"

လေသံက နည်းနည်းတော့ ပျာသွားသည်ထင်သည်။ ကိုယ့်ဘာသာကိုယ် တွေးမိရင်း အသက်ကို တစ်ဝရှိုက်သွင်းလိုက်သည်။ ဖုန်းထဲမှ အသံချိုချိုလေးကတော့ သူ့နားစည်ကို ဆက်ပြီး လှုပ်ခါလိုက်သည်။

"ကျွန်မ,ပြောတာ ရှင် သဘောပေါက်မှာပါ၊ စကားပြောစရာရှိလို့ မနက်ဖြန်ညနေ ခြောက်နာရီလောက် ရှင်နဲ့တစ်ခါထိုင်ဖူးတဲ့ ဈေးလေးနားက ကြေးအိုးဆိုင်ကို လာနိုင်မလားလို့ ပြောတာ"

ပီတိ ဂွမ်းဆီထိသလို ကျော်စိုးညွန့်နားထဲ အီဆိမ့်သွားသည်။ ရွှေ

www.burmeseclassic.com

www.burmeseclassic.com



နွယ်ရိုး အခုလို ဆက်သွယ်လာမည်ဟု သူ ထင်မထားမိတာတော့ အမှန်။ အခုလိုဆို အနေအထားက သူမျှော်လင့်ထားသလို ရွှေဖြစ်လာပြီထင်သည်။ ဝမ်းသာအားရနှင့်ပဲ . . .

"ဟာ . . . လာမှာပေါ့ လာရမှာပေါ့၊ ရွှေနွယ်ရိုးခေါ်တာကို ကိုယ်က ဘာလို့ မလာနိုင်ရမှာလဲ၊ ကိုယ်လာခဲ့မယ် . . . စိတ်ချ"

"ဟုတ်ပြီလေ . . . မနက်ဖြန် (၆) နာရီနော်၊ ကျွန်မ ဆက်ဆက် စောင့်နေမယ်"

ကျော်စိုးညွန့် ကျေနပ်စွာပင် ပြုံးမိလိုက်သည်။

"အား . . . လာခဲ့မယ် စိတ်ချ၊ ဘယ်လိုအကြောင်းပဲရှိရှိ ကိုယ် ရောက်အောင်လာခဲ့မယ် . . . ကိုယ့်ကိုတော့ စိတ်ချ"

"ဒါဆို ဒါပဲနော်"

ရွှေနွယ်ရိုးအသံလေးက သူ့နားထဲ ပဲ့တင်ကျန်ခဲ့သည်။ ကျော်စိုး ညွန့် ကျေနပ်စွာ ပြုံးမိဆဲ။ မျက်လုံးထဲမှာ ရွှေနွယ်ရိုးတစ်ကိုယ်လုံးကို မြင်ယောင်နေရသည်။ ပင့်သက်ကြမ်းကြမ်းရှိုက်လိုက်ရင်း ကိုယ့်အတွေးနှင့်ကိုယ် ပြုံးမိပြန်သည်။

ရွှေနွယ်ရိုးလေးက စပြီး ဆက်သွယ်လာသည်။ ဘာကိစ္စလဲဆိုတာ မေးစရာပင် မလို၊ သူနှင့် ရွှေနွယ်ရိုးကြားမှာ တခြားပတ်သက်စရာ ဘာမှမရှိ။ ရွှေနွယ်ရိုးကို သူ ဖွင့်ပြောပြီးပြီ။ သူပတ်သက်ခဲ့တာတွေနှင့် မတူအောင် သေသေချာချာလည်း လမ်းခင်းပြီးခဲ့ပြီ၊ အဆင်ပြေမည်ဟုလည်း တွက်ဆပြီး သား။ အခု ရွှေနွယ်ရိုးဘက်က တွေ့ချင်သည်ဆိုပြီး ဖုန်းနှင့်ဆက်သွယ်လာ သည်ဆိုတော့ . . .။

'ရှီ'

လေပင် ချွန်မိလိုက်သည်။ မနက်ဖြန် လုပ်စရာရှိသည်တွေကို ဝေယံနှင့် သားထွေးကိုပဲ မှာရမည်။ အဆင်မပြေစရာအကြောင်းတော့ ရှိမည်



www.burmeseclassic.com

www.burmeseclassic.com



မထင်။ အပွဲပွဲနွဲ့လာပြီးပြီမို့ ဒီကောင်တွေ ကြည့်ကျက်လုပ်ရှားပေးလိမ့်မည်။

လောလောဆယ်တော့ စားပွဲပေါ်မှခွက်ကို ကောက်ကိုင်ပြီး တစ်ရှိန်ထိုးမော့ချပစ်လိုက်သည်။

"အား"

အောင်မြင်မှု၏ အထိမ်းအမှတ်ဟု ကိုယ့်အတွေးနှင့်ကိုယ် ကြိုတင်ဂုဏ်ပြုလိုက်သည်။ ပူလောင်ခါးရှသော အရသာက ရမ္မက်ဆန်ဆန် ချိုမြိန်ပြီး လည်ချောင်းထဲ စီးဝင်သွားသည်။ ရီဝေလာသော အာရုံတွေထဲမှာ အတွေးတွေက ကြမ်းကြမ်းတမ်းတမ်း။

"ဟား ဟား ဟား"

ကြည့်လေရာရာတိုင်းမှာ ရွှေနွယ်ရိုးလေး၏ ပုံရိပ်။ တစ်ခွက်ပြီး တစ်ခွက် ကိုယ့်အတွက်ကိုယ် ဂုဏ်ပြုလိုက်သည်။

"ဟား ဟား ဟား ဟား"

ထို့နောက် ထို့နောက် ထို့နောက် ... ... ...။

❁



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

အလင်းအားတို့က တဖြည်းဖြည်း ဖျော့တော့လာသည်။ လက်မှနာရီကို ကြည့်လိုက်ရင်း ကောင်းပြည့် ခြေလှမ်းသွက်သွက်လှမ်းလိုက်သည်။ အားကစားရုံမှ အိမ်ကိုပြန်ရောက်ရောက်ချင်းပဲ သန္တာကျော်ဆီမှ ဖုန်းလာသည်။ ကောင်းပြည့် စိတ်ပူသွားရ၏။

"နေစမ်းပါဦး ... ငါတို့သိရင်ရော ဘာဖြစ်သွားမှာမို့လို့လဲ သူက"

"အဲဒါတော့ နင်တောင် မသိတဲ့ဥစ္စာကို၊ ရိုးရိုးကလည်း တစ်မျိုးပဲဟာ"

"ကျော်စိုးညွှန့်ဆိုတဲ့ကောင်ကို အဲလိုလုပ်လို့ရမယ်လို့ သူက ထင်နေလို့လား"

"မသိဘူးဟာ၊ ကောင်းပြည့် ... ငါတို့က ဘာသိမှာလဲ၊ ရိုးရိုးသာရော ဘာသိမှာမို့လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... အဲလိုမသိဘဲ အခုလိုလုပ်လို့ ငါကပြောတာပေါ့"

"မသိဘူးဟာ၊ ငါလည်း မပြောတတ်တော့ဘူး၊ ငါလည်း ခုနကမှ ဒီကိစ္စကိုသိတာလို့ ပြောပြီးမှပဲ ငါ အောက်ထပ်ဆင်းလာတော့မှ သူ ကျော်စိုးညွှန့်ဆီကို ဖုန်းဆက်တာကိုကြားတာ၊ ကြည့်ရတာ မနေ့ကပဲ အချိန်းအချက်လုပ်ထားပုံ ရတယ်"

"အင်း"

"ဒါပဲဟာ၊ တော်ကြာ ရိုးရိုးအောက်ဆင်းလာတော့မှ ငါ့ကို တွေ့သွားဦးမယ်၊ ငါမှာတာကိုပဲ နင်မမေ့နဲ့"

သန္တာကျော်က ကပျာကသီပြောပြီး ဖုန်းချသွားသည်။ ကောင်းပြည့်မှာ အိမ်အလည်လိုက်လာသော ကိုကျော်ဇောကို အဆင်ပြေအောင် ကြည့်ပြောပြီး ထွက်လာရသည်။ (ကိုကျော်ဇောက ကရာတေးသင်တန်းမှ တစ်ယောက်ဆိုသည်ကို အထက်မှာ ဆိုခဲ့ပြီး)

ကိုကျော်ဇောကလည်း ပြောစရာရှိတာပြောပြီး ပြန်ထွက်သွားသည်။ သူကလည်း သူ့တာဝန်နဲ့သူ၊ ကိုယ်ကလည်း ကိုယ့်ကိစ္စနှင့် ကိုယ်။

ခပ်သွက်သွက်လျှောက်လာရင်း ...

'ကလင် ကလင် ကလင်'

ကြည့်လိုက်တော့ ကိုရေအေး၏ဆိုက်ကား။

"ကိုရေအေး အတော်ပဲဗျာ ... ကျွန်တော့်ကို လိုက်ပို့"

"ဘယ်ကိုတုန်းကွ၊ ငါက လေပြိုကို သွားမလို့၊ နေညိုလာပြီလေကွာ ... ဟဲ ဟဲ"

"ပြီးတော့မှ ပြုဗျာ၊ ကျွန်တော် ဒကာခံမယ်၊ လောလောဆယ် အရေးကြီးနေလို့"

ကိုရေအေးက အညောင်းအညာဖြေသလို ခါးဆန့်လိုက်ပြီး ...

"အရေးကြီးတယ်ဆိုလို့ မင်းကိုပြောရဦးမယ်၊ ကျော်စိုးညွှန့်ဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



ကောင်ရဲ့ အပေါင်းအသင်းနှစ်ယောက်ကတော့ ရဲစခန်းရောက်နေလေရဲ့"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ၊ ဒီကောင်တွေ နာမည်ထွက်နေတဲ့ ကိစ္စနဲ့ပေါ့။ အမှုတိုင်တဲ့လူတစ်ယောက်ကို သွားပို့ရင်း ငါတွေ့ခဲ့တာ၊ ဒီကောင်တွေတော့ ဒီတစ်ခေါက် လွယ်မှာမဟုတ်ဘူး"

ကိုရေအေး ဆက်ပြောသည့်စကားတွေကို နားထောင်ပြီးမှ ကောင်းပြည့်က ...

"ဒါဆို တစ်ခုတော့ ကူညီဗျာ ... ဒီလို"

ကောင်းပြည့်စကားအဆုံးမှာ ကိုရေအေးဆိုက်ကားက အလျင်အမြန် ပြန်လှည့်ထွက်သွားသည်။ ကောင်းပြည့်မှာလည်း ...။

❊



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၉)

"ဒါ မင်းတို့ ငါ့ကို သက်သက်မဲ့"

ကျော်စိုးညွန့်မျက်နှာက မခံမရပ်နိုင်စွာ ပျက်ယွင်းလျက်။ စကားက မထွက်နိုင်ဘဲ လည်ချောင်းထဲမှာ နင်နေသည်။

သူ့ရှေ့မှာက ရူးရူးရဲရဲ စိုက်ကြည့်နေသော အသွင်မတူသည့် မိန်း မျိုးနှစ်ယောက်။ တစ်ယောက်က တင်းမာပြတ်သားသော မျက်ဝန်းများနှင့် နောက်တစ်ယောက်ကတော့ ...။

ရွှေနွယ်ရိုးက ကျားရိုင်းမလေးတစ်ကောင်လို ရူးရှခက်မာစွာနှင့်

"ရှင့်ကိုယ်ရှင် လိပ်ပြာလုံနိုင်သေးရဲ့လား ကျော်စိုးညွန့်၊ ဒါမှမဟုတ် ဘယ်လိုစကားလုံးမျိုးတွေနဲ့ ရှင့်ကိုယ်ရှင် ကာကွယ်ဖို့ စဉ်းစားထားသ"

ကျော်စိုးညွန့်· ထရပ်မိတော့မလို ဖြစ်သွားသည်။ ရွှေနွယ်ရိုးက သူ့ကို စေ့စေ့ကြည့်လျက်ပဲ ...



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ကို အင်ကြင်းရဲ့ချစ်သူမှန်း ကျွန်မ,သိတာ မကြာသေးဘူး ကျော်စိုးညွန့်၊ ရှင်က အပြင်မှာ မျက်မှန်အမြဲတပ်ထားတာကို၊ သင်တန်းက အပြန်တစ်ရက်မှာ အင်ကြင်းက ရှင့်ဓာတ်ပုံတွေ ထုတ်ပြတယ်၊ ဒါပေမဲ့ ရှင်မှန်း ကျွန်မ မသိသေးဘူး၊ ရှင် မျိုးမျိုးကို ကားနဲ့ဝင်တိုက်မိပြီး ဆင်း တောင်းပန်တဲ့အချိန်ကျမှ ကျွန်မ စပြီးသတိထားမိသွားတာ၊ ရှင် မျက်မှန်ချွတ် လိုက်တဲ့အချိန်ကျမှ အင်ကြင်းရဲ့ချစ်သူနဲ့ တူတယ်ဆိုပြီး သတိထားမိသွား တာ"

ကျော်စိုးညွန့် တစ်ချက်မဲ့သွားသည်။ အင်ကြင်းဆီမှ ရှိုက်သံသဲ့သဲ့ ထွက်လာ၏။ အင်ကြင်းက ရွှေနှယ်ရိုးတက်နေသော ကိုးရိုးယားစကားပြော သင်တန်းမှ အခင်ဆုံးသူငယ်ချင်းဖြစ်သည်။ သူ့ချစ်သူနှင့် အဆင်မပြေသည့် အကြောင်းကို ရွှေနှယ်ရိုးအား တိုင်ပင်ဖူးသည်။ ထိုနေ့က အိမ်ပြန်နောက်ကျ သဖြင့် ကောင်းပြည့်ကတောင် ဆိုက်ကားနှင့် လိုက်ပို့ခဲ့သေးသည်ပဲ)

"နောက်ပိုင်း ရှင်နဲ့တွေ့ပြီး အင်ကြင်းရဲ့ချစ်သူမှန်း သေသေချာချာ သိလိုက်ရတဲ့အချိန်မှာ အင်ကြင်းနဲ့ရှင်နဲ့ကို ပြန်ပြီး အဆင်ပြေသွားစေချင် တယ်၊ အင်ကြင်းကိုလည်း ကျွန်မ သနားတယ်၊ ဒါပေမဲ့ ပြီးခဲ့တဲ့ရက်ကပဲ ရှင် အင်ကြင်းကို အပြစ်မရှိဘဲ ရက်ရက်စက်စက် ဖြတ်ချသွားခဲ့တယ်လေ၊ အင်ကြင်းမှာ ဘာအပြစ်ရှိနေလို့လဲ ကျော်စိုးညွန့် ... ရှင် ပြောစမ်းပါဦး"

ကျော်စိုးညွန့်ရယ်သံက ခြောက်ကပ်ကပ်ထွက်လာသည်။ ဟန် ဆောင်မှုတွေ ကွာကျသွားသော စိတ်ရင်းအမှန်ကလည်း မျက်နှာပေါ် ဘွားခနဲ ထင်ဟပ်လာသည်။

"ဒါတွေပြောနေလို့ ဘာထူးလာမှာမို့လို့လဲ၊ ငါ့အနေနဲ့ သူ့ကို မလို အပ်တော့ဘူး ... ပြီးသွားပြီ"

"ဘာ"

ခံပြင်းမှုကြောင့် ရွှေနှယ်ရိုးတစ်ကိုယ်လုံး ဆတ်ခနဲ တုန်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှုတ်တရက် ထရပ်လိုက်သော အင်ကြင်းကို မြင်လိုက်ရပြီး ...

'ဝုန်း'

'ဖျောက်'

"အင်ကြင်း မလုပ်နဲ့"

ဆိုင်ကြမ်းခင်းပေါ်သို့ ဓားလေးတစ်ချောင်း လွတ်ကျသွားပြီး တဖြည်းဖြည်း ငြိမ်သက်သွားသည်။

"အဟက်"

ကျော်စိုးညွန့်အသံက ခြောက်ကပ်စွာထွက်လာသည်။ တုန်လှုပ်သွားသောစိတ်ကို ဟန်လုပ်ကာ ထိန်းလိုက်ရင်း ...

"ကြောက်စရာကြီးပါလား။ ရွှေနှယ်ရီးသာ ဝင်မဆွဲဘူးဆိုရင် ကိုယ့်အခု ဗိုက်ပေါက်နေလောက်ပြီ ... ဟင်း ဟင်း"

"လူယုတ်မာ"

အင်ကြင်း၏ အငိုတစ်ဝက်နှင့် အသံကျိတ်ပြောလိုက်သံ ...၊ ကျော်စိုးညွန့်က ဟက်ခနဲ တစ်ချက်ရယ်လိုက်ပြီး ...

"ယုတ်မာတယ်လို့ ပြောရအောင် လက်ခုပ်ဆိုတာ နှစ်ဖက်တီးမှ မြည်ရတာမျိုးလေ၊ ငါ့ဆန္ဒတစ်ခုတည်းတင် မဟုတ်ဘဲ မင်းလည်း"

ရွှေနှယ်ရီး ဝုန်းခနဲ ထရပ်လိုက်သည်။

"တော်တော့ ကျော်စိုးညွန့် ... ရှင်နဲ့အင်ကြင်း အဲလိုအခြေအနေ ထိရောက်အောင် ရှင်သိမ်းသွင်းခဲ့တဲ့ လက်ထပ်ပါမယ်ဆိုတဲ့ စကားကရော"

"လက်ထပ်မယ် ... ဟုတ်လား၊ အဲဒီစကားကို ငါပြောမိသလားပဲ၊ ထားပါလေ ... ပြောခဲ့တယ်ဆိုရင်တောင် ဒီအချိန်မှာ ဘာထူးလာမှာမို့လဲ၊ ဘာလဲ ... အဲလိုပြောခဲ့လို့ ငါက သူ့ကို ပြန်လက်ခံရမှာလား"

ရွှေနှယ်ရီးမျက်လုံးထဲ လက်ခနဲ တစ်ချက်ဖြစ်သွားမိသည်။

လူယုတ်မာ ... နှမချင်း မစာနာတဲ့ကောင်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်တော့မှ ပြန်မရနိုင်တော့သည့် အင်ကြင်း၏ ဘဝလေးတစ်ခု အတွက် ရင်ထဲမှာ နာကျင်နေမိသည်။

အင်ကြင်း၏မျက်ဝန်းများထဲမှာ ရွံရှာမုန်းတီးမှုတွေ အပြည့်အသိပ် ဖြစ်သွားသည်။ အငိုမျက်လုံးက အရောင်ပြောင်းသွားပြီး ...

"လက်ခံဖို့ မလိုပါဘူး၊ ရှင့်လို လူယုတ်မာတစ်ယောက်ကိုလည်း ကျွန်မ ဆက်ပြီး လက်မတွဲနိုင်ဘူး"

"ဒါဆို ပြီးပြီပေါ့ ... မင်းလမ်းမင်းဆက်လျှောက်ဖို့ပဲ ရှိတာပဲ"

"မပြီးဘူး ... ရှင့်လုပ်ရပ်တွေအတွက် ထိုက်သင့်တဲ့အပြစ်ဒဏ် တစ်ခုကိုတော့ ရှင် ပြန်ခံစားစေရမယ်"

"အပြစ်ဒဏ် ... ဟုတ်လား၊ ဘယ်လိုအပြစ်ဒဏ်မျိုးကို ငါက ခံစားရမှာလဲ"

ကျော်စိုးညွန့်အကြည့်က အင်ကြင်းလွတ်ကျသွားခဲ့သော ဓားလေး ဆီ ရောက်သွားသည်။ အင်ကြင်းက ဟက်ခနဲ ရယ်လိုက်ရင်း ...

"ရှင့်လိုလူမျိုးကို သတ်ပြီးတော့လည်း ကျွန်မ ထောင်ထဲမဝင်နိုင် ပါဘူး။ ကျွန်မပြောတဲ့ အပြစ်ဒဏ်ဆိုတာ တရားဥပဒေကပေးတဲ့ အပြစ်ဒဏ် ကိုပြောတာ"

"တရားဥပဒေ ... ဟုတ်လား"

ကျော်စိုးညွန့် မျက်ခုံးနှစ်ဖက် စုကြုံ့သွားသည်။

"ဟုတ်တယ် ... လက်ထပ်ယူပါမယ်ဆိုပြီးတော့ မိန်းမတစ် ယောက်ရဲ့ယုံကြည်မှုကို အတိုင်းအတာတစ်ခုထိ လိမ်လည်ရယူခဲ့တဲ့အတွက် တရားဥပဒေက ရှင့်ကို အပြစ်ပေးမှာပဲ"

"ရယ်စရာကောင်းလိုက်တာ၊ အပြစ်ပေးချင်တိုင်း ပေးလို့ရအောင် မင်းက ဘာကိုများ သက်သေပြနိုင်လို့လဲ"

"သိပ်ပြနိုင်တာပေါ့၊ သွားခဲ့လာခဲ့တဲ့နေရာတွေက အထောက်အ



www.burmeseclassic.com

www.burmeseclassic.com



ထားတွေနဲ့ တခြား . . .''

''ဟား ဟား ဟား . . . ပိုရယ်စရာကောင်းနေပါပြီ၊ ဒါမျိုးက မင်း ကြည်ဖြူလို့ နှစ်ဦးသဘောတူ ဖြစ်ကြတာမျိုးလေ၊ အဲဒါလောက်နဲ့ မင်းက ငါ့ကို လုပ်လို့ရမယ်ထင်လို့လား''

မည်သည့်စကားမှ ဝင်မပြောနိုင်အောင်ပင် ရွှေနှယ်ရိုး ကြောင် ငေးနေမိသည်။ အင်ကြင်းကပဲ . . .

''သိပ်ရတာပေါ့၊ ရှင်ပြောခဲ့တဲ့ လက်ထပ်ယူပါမယ်ဆိုတဲ့ စကားက အကောင်းဆုံးသက်သေပဲ''

''ဟား ဟား ဟား . . . ရယ်စရာကောင်းလိုက်တာကွာ၊ ကဲလေ ဟုတ်ပါပြီ . . . ငါ မင်းကိုလက်ထပ်ပါမယ်ဆိုပြီး ပြောခဲ့တယ်၊ ဟုတ်တယ် . . . ပြောခဲ့တယ်၊ အဲဒီစကားကို မင်းက ဘယ်လိုသက်သေပြမှာလဲ၊ ဘာလဲ . . . ဟောဒီရွှေနှယ်ရိုးက သက်သေခံပေးမယ်တဲ့လား။ ဒီလိုမျိုးက ဘယ်သူ့ ကိုမဆို ပြောနိုင်းလို့ရတယ်ဆိုတာ မင်းသိတယ်နော် . . . ဟင်း ဟင်း''

ကျော်စိုးညွှန့်က မခိုးမခန့် ရယ်လိုက်ကာ . . .

''ကဲ ပြောပါဦး . . . အဲဒီစကားကို ငါပြောခဲ့တယ်ဆိုတာ မင်း ဘယ်လိုသက်သေပြမလဲ''

''ငါတို့က အကောင်းဆုံး သက်သေတွေပေါ့ ကျော်စိုးညွှန့်''

''ဟင်''

နောက်ကျောမှ ထွက်လာသော အသံတစ်သံကြောင့် ကျော်စိုးညွှန့် အလန့်တကြား လှည့်ကြည့်လိုက်မိသည်။

''သားကောင်းပြည့်''

ထို့ထက်ပို၍ သားကောင်းပြည့်၏နောက်မှ ဝင်လာသော ရှုန်ဖောင် ဝတ်လေးယောက်ကြောင့် ကျော်စိုးညွှန့်စိတ်ထဲ တုန်လှုပ်သွားသည်။

''ဟင်''



www.burmeseclassic.com

www.burmeseclassic.com



ယူနီဖောင်းဝတ်တစ်ယောက်က ...

"ထွက်ပြေးဖို့ မစဉ်းစားနဲ့ ကျော်စိုးညွန့်၊ မင်းကို မူးယစ်ဆေးဝါး သုံးစွဲဖြန့်ဖြူးမှုနဲ့ ဖမ်းလိုက်ပြီ"

ကျော်စိုးညွန့်မျက်နှာ ချက်ချင်း ဖြူရော်သွေးဆုတ်သွားသည်။

"ဒါက ဘယ် ဘယ်လို ..."

"ဘာမှငြင်းဖို့မကြိုးစားနဲ့ ကျော်စိုးညွန့်၊ မင်းအပေါင်းအသင်း ဝေယံနဲ့ သားထွေးတို့ကိုလည်း သတင်းအတိအကျရလို့ ဖမ်းလိုက်ပြီးပြီ၊ သူတို့နှစ်ယောက်စလုံး စခန်းမှာ ဖြောင့်ချက်ပေးပြီးသွားပြီ"

ရုတ်တရက် မထင်မှတ်စွာပဲ ထိုင်ခုံတွေကို ဆွဲရမ်းကန်ကျောက်ပြီး ကျော်စိုးညွန့် ထပြေးတော့သည်။

'ဝုန်း'

'ဒေါင်း'

ရပါသည်။ ပွဲမဝင်ခင် အပြင်က ကျင်းပဆိုသလိုပေါ့။ ကောင်းပြည့်-ခန္ဓာကိုယ်က လေထဲ ဝဲခနဲ မြောက်တက်သွားသည်။

'ဖောင်း'

"အ"

ခြေဖမိုးက ကျော်စိုးညွန့်နားထင်ကို မိမိရရ၊ ကျော်စိုးညွန့် တစ်ပတ်လည်ပြီး ငိုက်ဆင်းကျသွားသည်။

ရဲသားနှစ်ယောက်က အလျှင်အမြန်ပင် လက်ထိတ်ခတ်လိုက်၏။ ကျော်စိုးညွန့် ဒယီးဒယိုင်နှင့် ခေါင်းငိုက်စိုက်ချကာ ထလာသည်။ ရဲသားနှစ်ယောက်က သူ့ကို ဆိုင်ပြင်ခေါ်ထုတ်သွား၏။

"အချိန်မီပဲ ကောင်းပြည့်၊ ကျေးဇူးပဲ ... ဒီကောင် သိပ်မြန်တစ်ခါတည်း လစ်ပြေးတော့မှာ"

ကိုကျော်ဇောက လက်ကမ်းပေးသည်။ အရပ်ဝတ်နှင့်မဟုတ်တော့



www.burmeseclassic.com

www.burmeseclassic.com



ယူနီဖောင်းနှင့် ဖြစ်နေပြီ။ ကောင်းပြည့်ပြုံးလိုက်ရင်း ရွှေနှယ်ရိုးတို့ကို ကြည့်လိုက်သည်။

ဖြစ်ပျက်သွားသော အခြေအနေတွေကို နားမလည်နိုင်သည့်ပုံစံနှင့် ရွှေနှယ်ရိုးက ကြောင်ငေးနေသည်။ သူ့ဘေးက ကောင်မလေးတစ်ယောက်ကတော့ မျက်ရည်စတွေကြားထဲ ...။

သိပ်မကြာပါ ...။ ဆူဆူညံညံ အသံတွေနှင့်အတူ သန္တာကျော်၊ မြတ်ကိုကိုနှင့် ထင်ပေါ်ဦးတို့ ကိုရေအေးဆိုက်ကားနှင့် ရောက်ချလာတော့သည်။

❁



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၀)

'အလင်းရိပ်' ဆိုင်လေး၏ အရိပ်အာဝါသအောက်မှာပဲ သူတို့ ရှိနေကြသည်။ ဗာဒံရွက်အချို့က လေအဝှေ့မှာ လွင့်ကာမျောကာ။

"ငါတော့ အင်ကြွင်းကို အရမ်းသနားတာပဲဟာ"

ရှီးရှီးစကားကို သဉ္ဇာကျော်က ခေါင်းတညိတ်ညိတ်လုပ်ပြီး ...

"အေးပါဟာ ... ဖြစ်ပြီးမှတော့ စိတ်မကောင်းရုံကလွဲပြီး ဘာ တတ်နိုင်မှာလဲ"

"ငါကတော့ ပြန်စဉ်းစားလေးလို့ ရမယ်ထင်ပြီး စေတနာနဲ့ နောက် တော့ မထင်တာတွေက ဖြစ်လာတယ်"

ရှီးရှီးက စကားကိုရပ်ပြီး ကောင်းပြည့်မျက်နှာကို ကြည့်သည်။ ကောင်းပြည့်က သက်ပြင်းချရင်း ...

"ငါလည်း စိတ်မကောင်းပါဘူး ရှီးရှီးရယ်၊ နင် ကျော်စိုးခန့်ဆီကို ဖုန်းဆက်တာကို သဉ္ဇာကျော်ကြားသွားလို့ တော်သေးတာပေါ့ မဟုတ်ရင်



www.burmeseclassic.com

www.burmeseclassic.com



ဘာတွေဆက်ဖြစ်ကုန်မလဲဆိုတာ မပြောနိုင်ဘူး''

သန္တာကျော်က ခေါင်းတဆတ်ဆတ် ဝင်ညိတ်သည်။

ထင်ပေါ်ဦး၊ မြတ်ကိုကို၊ ဆုဆုမြတ်နှင့် ခင်ငြိမ်းချမ်းတို့ကတော့ ငြိမ်ငြိမ်သက်သက်နှင့်ပဲ နားထောင်နေကြသည်။ ကောင်းပြည့်က . . .

''ကျော်စိုးညွန့်က မူးယစ်ဆေးဝါးကိစ္စနဲ့ပတ်သက်ပြီး စောင့်ကြည့်ခံနေရတာကြာပြီလေ၊ ကြားထဲမှာ နင့်ကိစ္စက ဘာမှန်းမသိဘဲ ဝင်လာတော့ ငါ တော်တော်စိုးရိမ်သွားတာ''

''ငါလည်း အဲဒါတွေ ဘယ်လိုသိမှာလဲ''

''နင်မသိလို့ ငါစိုးရိမ်တယ် ပြောတာပေါ့''

''နင်မှ ပြောပြမထားဘဲ''

''နင်ရော နင့်သူငယ်ချင်းကိစ္စကို ပြောလို့လား။ ငါ့မှာ နင့်အမေကိုပဲ မေးမေးနေရတာ၊ တော်သေးတာပေါ့ နင်က နင့်အမေကို ပြောပြထားလို့''

''ငါက ငါ့အမေကို အမြဲပြန်ပြောနေကျ''

''ငါလည်း နင့်အမေကို အမြဲမေးနေကျ''

''နင်က သူများကိစ္စကို စပ်စပ်စုစု''

''ငါက နင့်ကိုစိုးရိမ်တာကိုးဟ''

ရှီးရှီးက မျက်စောင်းရွယ်သည်။ ကောင်းပြည့်မသိချင်ယောင်ဆောင်လိုက်ပြီး . . .

''ဒီမနက် နင့်အမေနဲ့တွေ့တော့ ငါ့ကိုပြောတယ်''

''ဘာပြောလဲ''

''နင့်အဖေက ပြန်လာတော့မယ်ဆို''

''အင်း''

''သူပြန်မလာခင် သူ့တပည့်တစ်ယောက် အရင်ပြန်လာမယ်ဆို''

''အင်း''



www.burmeseclassic.com

www.burmeseclassic.com



"ပြီးတော့ တခြားကိစ္စတစ်ခုလည်း ငါသိလိုက်ရတယ်၊ အဲဒါက တကယ်ပဲလား"

"အင်း"

ကောင်းပြည့် မျက်နှာအိုသွားသည်။

"ဒါဆို အဲဒီလူနဲ့နင့်ကို လက်ထပ်ပေးမယ်ဆိုတာ တကယ်ပဲပေါ့"

"အေး"

"ရှိုးရှိုးရယ်"

ကောင်းပြည့် ခေါင်းငုံ့ကျသွားသည်။ သန္တာကျော်၊ ဆုဆုမြတ်၊ ခင်ငြိမ်းချမ်း၊ ထင်ပေါ်ဦးနှင့် မြတ်ကိုကိုတို့လည်း ငြိမ်ငြိမ်ဆိတ်ဆိတ်။ စကားဝိုင်းလေးက တိတ်ဆိတ်သထက်တိတ်ဆိတ်သွားသလို အသက်ကင်းမဲ့သွားသည်။ ဗာဒံရွက်အချို့က လေမတိုက်ဘဲ ကြွေကျလာသည်။ 'အလင်းရိပ်' ဆိုင်လေးအတွင်းမှာ အပူငွေ့တချို့ ရစ်သိုင်းလာသကဲ့သို့ မှုန်မှိုင်းသွားသည်။

မတုန်မလှုပ် ကျောက်ရုပ်တွေလို အားလုံး ငြိမ်နေကြ၏။

အခုမှသိလိုက်ရသောကိစ္စတစ်ခုအတွက် အားလုံးမှာ ဘာမှ ဝင်မပြောနိုင် ဖြစ်နေကြသည်။ ခေါင်းငိုက်စိုက်ချထားသော ကောင်းပြည့်ကို တစ်လှည့်၊ မျက်လွှာချကာ ငြိမ်ငြိမ်လေးထိုင်နေသည့် ရှိုးရှိုးကို တစ်လှည့် ကြည့်နေမိကြသည်။ တစ်ယောက်တစ်လှည့် သက်ပြင်းချ၍အပြီးမှာ ရှိုးရှိုးက စကားစပြောသည်။

"အဲဒါကို သိတာနဲ့ နင်က ဘာဖြစ်သွားတာလဲ"

"ဟင်"

ကောင်းပြည့် ခေါင်းမော့လာသည်။ ရှိုးရှိုးမျက်နှာကို တွေတွေငေးငေးကြည့်ရင်း ...

"ရှိုးရှိုးရယ် ငါက ..."

ကောင်းပြည့်ပုံစံကို ကြည့်ပြီး ရှိုးရှိုးက ခစ်ခနဲရယ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"နင်က ဘာဖြစ်လဲ ... ပြောပါဦး"

"ရှိုးရှိုး"

ကောင်းပြည့်ရင်ထဲ စစ်ခနဲ နာကျင်သွားမိသည်။

ရှိုးရှိုးရယ် နင် တကယ်ပဲ ...။

"ခစ် ခစ်"

ရှိုးရှိုးက အားရပါးရ ရယ်သလို ရယ်သည်။ ကောင်းပြည့် နားမလည်နိုင်တော့။ ရှိုးရှိုးက အရယ်မျက်နှာနှင့် ...

"ငါ့အမေက နင့်ကို အဲလိုပြောလိုက်တာပေါ့ ... ဟုတ်လား"

"ရှိုးရှိုး အဲဒါက"

"ဟုတ်တယ်လေ၊ ငါ့အဖေက အဲဒီလူနဲ့ ငါ့ကို လက်ထပ်ပေးချင်တယ်လို့ပဲ ပြောတာ၊ ငါက လက်ခံလိုက်တယ်လို့ ပြောနေလို့လား"

"နင့်အမေပြောတော့ နင်က စဉ်းစားနေတယ်ဆို"

"အေးလေ ... အဲဒါ ဘာဖြစ်လဲ၊ ငါ့ဟာငါ ပန်းပေးချင်တဲ့လူကိုမှ ပန်းပေးမှာပေါ့"

"ဘယ်လို"

"ငါ သဘောတူမှ အဲဒီလူနဲ့ လက်ထပ်ပေးမှာ ... သိပြီလား"

"ဒါ ... ဒါဆို နင်က သဘောမတူဘူးပေါ့"

"ငါ့အမေ သွားမေး"

ကောင်းပြည့် ပြုံးလာသည်။ ခေါင်းကြီးငိုက်စိုက်ကျမနေတော့ဘဲ ခေါင်းကြီးထောင်လာသည်။

"နင် သဘောမတူဘူးပေါ့ ... ဟုတ်လား"

"ငါ့အမေ သွားမေးဆို"

"နင် ပန်းပေးချင်တဲ့လူဆိုတာကရော ဘာလဲ"

"ဒါတောင် မသိလို့ရှိရင်လည်း နေတော့"



www.burmeseclassic.com

www.burmeseclassic.com



"မနေပါဘူး . . . ငါသိပြီ၊ ပန်းတောင်းထားတာ ငါပဲရှိတယ်၊ နင် ဒါကို ပန်းပေးမှာလား, မပေးဘူးလားပြော"

"မပေးတော့ ဘာလုပ်ချင်လဲ"

"ပေးပါဟာ"

"မပေးပါဘူး"

"ပေးပါဆို"

"မပေးဘူးဆို"

"ပေး ဆို"

"ပေး ဘူး"

"ငါလုမှာနော်"

"သွား"

ရယ်သံတွေ စည်ဝေသွားကြသည်။ 'အလင်းရိပ်' ဆိုင်လေးက ခုနကနှင့်မတူဘဲ နိုးထအသက်ဝင်လာသည်။ လေပြင်းပြင်းတစ်ချက်အတိုက် မှာ ဗာဒံရွက်တွေ တဖြုတ်ဖြုတ်ကြွေကျလာ၏။

"ရိုးရိုး"

"ဘာလဲ"

"ပန်းပေးပြီနော် . . . ဟုတ်တယ်မဟုတ်လား"

" . . . . . . . . . . . . "

ရှက်စနိုးဟန်လေးဖြင့် မျက်လွှာချသွားသော ကောင်မလေး၏ လက် ဖဝါးတစ်ဖက်ပေါ်သို့ နွေးထွေးသောလက်တစ်ဖက်က အုပ်မိုးကျလာသည်။ မရှုန်းဖယ်၊ မငြင်းဆန်သော လက်ဖဝါးလေးကလည်း နွေးထွေးစွာပင်။

ထိုလက်ဖဝါးနှစ်ခုကြားမှာတော့ သင်းပျံ့မွှေးကြိုင်သော ပန်းခိုင် တစ်ပွင့် အသေအချာ ရှိနေခဲ့ပါသည်။

လေးစားစွာ

သွန်းဆက်

www.burmeseclassic.com